# ‘စတုတ္ထမြောက်၊ အမှတ်တံဆိပ်’

## ဂျက်ဖာဆွန်ဘေးလီး၊ အင်ဒီယားနား၊ အမေရိကန်။

## ၆၃-၀၃၂၁

1 ၁။ ကောင်းသောညနေခင်းပါ။အခု ဆုတောင်းဖို့ရာ ကျွန်ုပ်တို့ခေါင်းကို ခဏလောက်ငုံ့ထားနိုင်ကြပါသလား။

ကျွန်ုပ်တို့၏ကျေးဇူးရှင်ကောင်းကင်ဗိုလ်ခြေအဖဘုရားသခင် ဒီကနေ့ည တစ်ဖန်ကျွန်ုပ်တို့သည် ယေရှုဘုရား၏နာမတော်၌အခြားသောနေ့ရက်လာလအတွက် ကိုယ်တော်ကို ကျေးဇူးတော်ချီးမွမ်းဖို့ရာ ကိုယ်တော်ထံသို့ချဉ်းကပ်မှုပြုကြပါမည်။ ပြီးတော့ ဒီနေ့ည အစည်းအဝေးအပေါ်ကိုယ်တော်ရှင်ကောင်းချီးများပေးသနားတော်မူပါမည်အကြောင်း ကျွန်ုပ်တို့ဆုတောင်းမှုပြုကြပါ၏။ သန့်ရှင်းသောဝိညာဉ်တော်ကို တက်ရောက်စေတော်မူပါ။ ကျွန်ုပ်တို့လွန်စွာလုံ့လဝီရိယစိုက်ထုတ်၍ ရှာဖွေထားသော ဤအရာများ၏အနက်ပြန်ဆိုမှုကိုကျွန်ုပ်တို့အားပေးသနားတော်မူပါ။

အိုဘုရားသခင် ကျွန်ုပ်တို့အိမ်ပြန်ကြတဲ့အခါ ကျွန်ုပ်တို့က ‘ကိုယ်တော်ရှင် ကျွန်တော်တို့အားမိန့်တော်မူခဲ့သလိုပဲ ငါတို့ရဲ့အတွင်းနှလုံးသားဟာ လောင်ကျွမ်းမှုမဖြစ်ဘူးလား။’ လို့ ပြောနိုင်မည့်ထိုသို့သောလမ်းကြောင်း၌တည်သည်။ နှုတ်ကပတ်တော်၌ ကျွန်တော်တို့အားလုံးမိတ်သဟာရဖွဲ့နိုင်ခဲ့သည်ဆိုသည့် အလွန်တန်ဖိုးရှိသောအရာကို ဖြစ်စေတော်မူပါ။

ကိုယ်တော်ရှင်ကျွန်ုပ်တို့အား တည်စေသောအရာအတွက် ကျွန်တော်တို့ ကိုယ်တော်ကိုကျေးဇူးတော်ချီးမွမ်းကြပါ၏။ ကျွန်ုပ်တို့လျှောက်လှမ်းရသည့် ထိုလမ်းတွင်ကိုယ်တော်ရှင် ကျွန်ုပ်တို့နှင့်အတူပါရှိမည်ဟု ယုံကြည်ကြပါ၏။ ကျွန်ုပ်တို့ထိုသို့သော အရာကို ယေရှုနာမ၌ တောင်းလျှောက်ကြပါ၏။ အာမင်။

2 ၂။ ဒီနေ့ညဘုရားသခင်၏အိမ်တော်၌ တစ်ဖန်ရောက်လာရသည့်အတွက် တစ်ဖန်ဝတ်ပြုကိုးကွယ်ရသည့်အတွက်အလွန်ပျော်ရွှင်မိပါသည်။ ကျွန်ုပ်တို့ဝမ်းမြောက်ကြပါ၏။... ကျွန်တော် အလွန်ဝမ်းမြောက်ပါသည်။... အခု ဒီတစ်ခုကတော့ ရောက်တော့မှာမဟုတ်ဘူးလို့ ထင်ပေမဲ့လည်းနောက်ဆုံးရောက်လာခဲ့ပါပြီ။ ဒါကြောင့် ကျွန်တော် သိပ်ကျေးဇူးတင်မိပါတယ်။ အဲဒါကနောက် ဆုံးအဲဒီ မြင်းစီးသမားလေးယောက်ပဲဖြစ်ပါတယ်။ အဲဒါက ဒီအချိန်နာရီ၌ရှိသောအသင်းတော်အတွက် အဓိကကျသည့် အတင်းစ ကားတွေထဲက တစ်ခုဖြစ်ပါတယ်...

အခြားတစ်ခုကဘာဖြစ်မယ်ဆိုတာတော့ ကျွန်တော်မသိပါဘူး။ ကျွန်တော် အခုပဲ အဲဒါကို တစ်ရက်ပြီးတစ်ရက်အချိန်ယူ သွားပါမည်။ ကျွန်တော် အခုပဲအဲဒါကို တစ်ရက်ပြီးတစ်ရက် အချိန်ယူသွားပါမည်။အခု ကိုယ်တော်အဲဒါကို ဖော်ပြသည့်အတိုင်း အဲ ဒါကိုကျွန်တော်ကြိုးစားပြီးပေးသွားမှာဖြစ်ပါတယ်... ကိုယ်တော်ရှင် ကျွန်တော့်ကို အဲဒီကိစ္စပေးသနားတော်မူသည့်အတိုင်းပဲဖြစ်ပါ မည်။

ခင်ဗျားတို့သတင်းစကားများကြောင့် ဝမ်းမြောက်ခြင်းရှိပါသလား ? အဲဒါက အခု ဘယ်လိုဆိုတာကို ခင်ဗျားတို့သတိထားမိ ပါသလား... သူတို့နှင့်အတူ အသင်းတော်ခေတ်ကာလများ၌ အတူတကွပူးပေါင်းဆောင်ရွက်သောကိစ္စ၌ ထိုသို့သောအရာက အခု ပြီးပြည့်စုံစွာ သူတို့နှင့်အတူဘယ်လိုအတိအကျ ကိုက်ညီမှုရှိပါသလဲ ?အဲဒါက ဘယ်လိုမျိုး ကျွန်တော်ဆီကို သက်ရောက်မှုရှိပါသ လဲ။ ထိုအရာကအသင်းတော်ခေတ်ကာလများကို ပေးသနားတော်မူသည့် ပြောင်းလဲခြင်းမရှိသောသန့်ရှင်းသောဝိညာဉ်တော်က ပြသမှုပြုပါတယ်။ ဒီနောက် ပြောင်းလဲခြင်းမရှိသောသန့်ရှင်းသောဝိညာဉ်တော်က ဒါကိုပေးသနားတော်မူပါသည်။ ခင်ဗျားတို့ ကြည့်ပါ။ဘာဖြစ်လို့လဲဆိုရင် အဲဒါက အတူတကွရောနှောပေါင်းစပ်ထားတဲ့အရာဖြစ်လို့ပါပဲ__ ခပ်သိမ်းသောဘုရားသခင်၏ကြီး မားသော ဆောင်ရွက်ချက်တစ်ခုက မတူညီသောလမ်းကြောင်းများ၌သူ့ကိုယ်သူပြသလျက်ရှိပါမည်။

3 ၃။ ခင်ဗျားတို့သတိထားကြည့်ပါ။ ကိုယ်တော်ရှင်ဟာ ဒံယေလကို ရုပ်ပုံများထဲကနေသူ့ကိုယ်သူပြသတော်မူခဲ့ပါတယ်။ အဲဒီမှာ တစ်ခုသောအရာ၏ ပုံဆောင်ချက်တစ်ခုရှိပါတယ်။ဒီနေရာမှာက ဆိတ်တစ်ကောင်လိုပါပဲ။ ဒါမှမဟုတ် သစ်ပင်တစ်ပင်ဖြစ်ချင် လည်းဖြစ်ပါမည်။နောက်တစ်နေရာမှာတော့ အဲဒါက ရုပ်ထုတစ်ခုလည်းဖြစ်ချင်ဖြစ်ပါမည်။ ပြီးတော့အကြောင်းကိစ္စတွေက ရလာ ပါမည်။... အဲဒါကို တစ်ချိန်လုံးမပြောင်းလဲဘဲလုပ်ဆောင်နေခြင်းဖြစ်ပါတယ်။ အခု သေချာတာက ကျွန်တော်တို့ အဲဒါကို ပျောက်ပစ်လိုက်လို့မရဘူးဆိုတာပါပဲ။

အခုဒီနေရာမှာထိုင်နေတဲ့အမျိုးသမီးတစ်ယောက်ကို ခဏလောက်စကားပြောမိတော့ ကျွန်တော်အသေအချာကိုရင်တုန် ဘဝင်ခိုက်ခဲ့ရပါတယ်။ အောက်က ရှစ်ဆယ့်ငါးနှစ်လောက်ရှိပါပြီ။ သူမဟာ... မကြာသေးခင်က အခု ကျွန်တော်အနောက်ဘက်ကို မထွက်ခွာခင်ကပါ။ဘာဖြစ်လို့လဲဆိုရင် အမျိုးသမီးလေးက အိုဟိုင်းအိုမှာ ရှိနေခဲ့တာပါ။ ဒါကြောင့်ကျွန်တော်တို့တွေးမိပါတယ်။ အဲ့မှာ သွေးကင်ဆာနောက်ဆုံးအဆင့်နှင့်သေလုမျောပါးရှိနေခဲ့တာပါ။ အခု သွေးကင်ဆာဆိုတာ သွေးစီးကြောင်းထဲမှာဖြစ်တဲ့ကင်ဆာရောဂါဖြစ်ပါတယ်။ ပြီးတော့ အို ဖြစ်စဉ်လေးကတော့ [ခင်ဗျားတို့သိပါတယ်။]ထိတ်လန့်စရာကောင်းတဲ့ အနေအထားမှာရှိ နေပါပြီ။ သူမအတွက် အလုံးစုံသောအရာဟာ ဘာဆိုဘာမှမျှော်လင့်ထားလို့မရတော့ပါဘူး။ သူတို့ဟာ သူမအတွက် သွေးကြော ထဲကနေ အစာကိုသွင်းပေးရတာပါ__ ခွဲစိတ်မှုလည်းရှိပါတယ်။ ဒါနဲ့ သူတို့ဟာ တကယ့်ကို ဆင်းရဲတဲ့မိသားစုတစ်စုဖြစ်ပါတယ်။ ပြီးတော့မစ္စကစ်က ဒီမှာပါ။ ဘရာသာကစ်လည်း ရှိပါတယ်။ သူတို့ကတော့ ဆုတောင်းချက်ကို ဘုရားသခင်ကအများကြီးအဖြေ ပေးတဲ့အကြောင်းကိုပြောပြကြပါတယ်။ သူတို့က အတူတကွရရှိခဲ့ကြပါတယ်။ ကျွန်တော်သိပါတယ်။ တစ်ယောက်ယောက်ကိုငှားပြီး မိန်းကလေးကို ဆင်းခေါ်ခဲ့ကြတာဖြစ်ပါမည်။

4 ၄။ ပြီးတော့သူမဟာ သိပ်လှပတဲ့မိန်းကလေးတစ်ယောက်ဖြစ်ခဲ့လောက်ပါသည်။ အို ခြောက်နှစ်၊ ခုနစ်နှစ်လောက်— ကိုးနှစ်လောက်ပဲရှိပါတယ်။ပြီးတော့ သူမဟာ အဲဒီနောက်ဘက်က အခန်းထဲမှာရှိနေခဲ့တာပါ။ ဘုရားရှေ့ကိုကျွန်တော်တို့ရောက်တဲ့အခါ သန့်ရှင်းသောဝိညာဉ်တော်က သူမထံသို့ စကားလုံးတစ်လုံးကို ပေးသနားတော်မူပါသည်။သူတို့ဟာ သူမကိုခေါ်လာကြပြီး... သူမ ကို အထဲခေါ်ပြီး အစာကျွေးခဲ့ကြပါမည်။ခင်ဗျားသိပါတယ်။ အဲဒီအတိုင်းပဲဖြစ်ပါတယ်။ သူမကောင်းသွားတဲ့အခါမှာတော့ သူမဟာဟမ်ဘာဂါတစ်ခုကို ငိုတောင်းပါတော့သည်။ ဒါကြောင့် သူမကိုပါးစပ်နဲ့ပဲစားခိုင်းကြပါတော့သည်။ သူတို့က သူမကို ဟမ်ဘာဂါ ကျွေးကြပါတယ်။အခုဆိုဆက်ပြီးတော့ သူမကို ပုံမှန်အတိုင်းပဲ အစာကျွေးစရာအကြောင်းရှိပါတော့သည်။

အချိန်တိုအတွင်း— ရက်အနည်းငယ်အတွင်း— သူတို့ဟာသူမကိုဆရာဝန်ဆီခေါ်လာပြတော့ ဆရာဝန်ဟာ ရိုးရှင်းစွာပင် နားမလည်နိုင်အောင် ဖြစ်ခဲ့ပါတယ်။သူက အဲဒီကောင်မလေးမဟုတ်လောက်ဘူးလို့ပြောပါတယ်။ သူက 'ဘာကြောင့် ဘယ်နေရာ မှာမှ သွေးကင်ဆာဆိုတဲ့ ခြေရာတစ်ခုတောင်မကျန်ရတာပါသလဲ။ ဘယ်နေရာမှာ ဘာတစ်ခုမျှ မရှိရသလဲ။' ဟုမေးခဲ့ပါတယ်။ ဒါ ကြောင့်...သူမ သေလုမျောပါးဖြစ်ခဲ့ဖူးပါတယ်။ သူမကို လက်လျော့ခဲ့ကြပါတယ်။ သူမကိုသွေးကြောကနေ အစာသွင်းတာဖြစ်ပါ တယ်။ သူမက အဝါရောင်သို့ပြောင်းသွားခဲ့ပါသည်။(သူတို့ဘယ်လောက်ပဲလုပ်လုပ် ခင်ဗျားတို့သိပါတယ်။) ဒါကြောင့် သူတို့ဟာ... ပြီးတော့ အခုဆိုရင်တော့ သူမဟာ ကျောင်းမှာအခြားကလေးတွေနဲ့အတူ ဆော့ကစားနေပြီဖြစ်ပါတယ်။ အခု ပျော်နိုင်သလောက် ပျော်ပါတော့။

5 ၅။ အဲ့မှာကျွန်တော်ကိုအခြားကိစ္စတစ်ခုကလည်းပြန်လည်အမှတ်ရစေပါသည်။ တစ်နေ့ကျွန်တော်အိမ်ကို ပြန်လာ ခဲ့ပါတယ်။အဲ့မှာ... ကျွန်တော်မမှားဘူးဆိုရင် သူတို့ဟာ Episcopalions ဒါမှမဟုတ် Presbyterian လူတွေဖြစ်ပါမည်။သူတို့ဟာ ကမ်းဆက်ကနေ မိန်းကလေးတစ်ယောက်ကို ခေါ်လာကြတာဖြစ်ပါတယ်။ ဆရာဝန်တွေကသွေးကင်ဆာနဲ့သူမကို လက်လျော့ထားခဲ့ကြတာပါ။ သူတို့က သူမကိုပေးလိုက်ပါပြီ။ကျွန်တော်ယုံပါတယ်။ လေးရက်ပဲ အသက်ရှင်စရာ အကြောင်းရှိတယ်ဆိုပြီးတော့မှပါ။ သူမဟာအတော်ကို ဆိုးဆိုးဝါးဝါးဖြစ်နေခဲ့တာပါ။ ဒါကြောင့် သူတို့ပြောတာ သူတို့ဟာ အခုဆိုရင်ဒီနေ့ကနေ အဲဒီလေးရက်ကို ဖြတ်သန်းကြ ရတော့မှာဖြစ်တယ်။ တစ်နိုင်ငံလုံးကိုဖြတ်ပြီးနှင်းမုန်တိုင်းတွေနဲ့ အဲဒီလိုကိစ္စမျိုးတွေဖြစ်မယ်။ သူမအတွက်ဆုတောင်းပေးဖို့ပဲရှိ တယ်လို့ ပြောခဲ့ကြပါမည်။

ပြီးတော့အစ်ကိုတစ်ယောက်ရှိပါမည်။ သိပ်ကို ကြည့်ကောင်းတဲ့လူတစ်ယောက်ဖြစ်ပါတယ်။အသက်အရွယ်ကြီးကြီးပါပဲ။ ဆံပင်တွေဖြူနေပါသည်... ပြီးတော့ သူတို့ဟာ နှစ်ရက်လောက်ကတည်းကသူမကို မော်တယ်လေးတစ်ခုမှာ ခေါ်ထားခဲ့ကြတာ ဖြစ်ပါတယ်။(အဲဒါက အခုဆိုရင်တော့အဲဒီမှာ စံမီတော့မှာမဟုတ်ဘူးလို့ ကျွန်တော်ထင်ပါတယ်) ဒီစေးဗားဂရိရဲ့ ဘေးဘက်မှာရှိတာပါ။ ဒါနဲ့ ကျွန်တော် အဲဒီညသူမကို ဆုတောင်းပေးဖို့ ရောက်သွားခဲ့ပါတယ်။

6 ၆။ အဲဒါကမနက်ခင်းစောစောပိုင်းတစ်ခုဖြစ်ပါမည်။ အဲဒီညမှာ ကျွန်တော်ဟာရောက်နေတဲ့မြို့ပြင်ကနေပဲ ဆင်းသွားခဲ့တာ ဖြစ်ပါတယ်။ အသက်ကြီးကြီးအဘိုးတစ်ယောက်ကကြမ်းပြင်ပေါ်မှာ လမ်းလျှောက်နေပါတယ်။ မိခင်ကတော့ ကလေးကို ကြိုးစား စောင့်ရှောက်နေပါတယ်။ ကျွန်တော်ဒူးထောက်ဆုတောင်းချလိုက်တဲ့အချိန်မှာတော့ သန့်ရှင်းသောဝိညာဉ်တော်က မိခင်နှင့်ဖခင်အကြားက လျှို့ဝှက်ချက်တစ်ခုဖြစ်တဲ့ သူတို့ရဲ့လုပ်ဆောင်မှုတစ်စုံတစ်ရာကိုကျွန်တော့်အား ဖော်ပြတော်မူခဲ့ပါတယ်။ ကျွန်တော် သူတို့ကို ဘေးနားခေါ်လိုက်ပြီးအဲဒီအကြောင်းပေးလိုက်ပါတယ်။ သူတို့စငိုပါတော့သည်။ ပြီးတော့ အဲဒါက 'ဟုတ်ပါတယ်' လို့ဖြေ ကြပါတယ်။

ဒီနောက်ကျွန်တော်နောက်လှည့်ကြည့်လိုက်တော့ သမီးငယ်ကြိုးခုန်နေတာ ကစားနေတာကိုကျွန်တော်မြင်လိုက်ရပါ သည်။ ပြီးတော့ အခု ကလေးငယ်က...သုံးပတ်ကြာတော့ သူတို့ဟာ ကျွန်တော့်ကို ကျောင်းနောက်ခံရိုက်ထားတဲ့ကလေးပုံတစ်ပုံ ကို ပို့လိုက်ပါတယ်။ ကြိုးခုန်နေတဲ့ပုံပါ။ ဘာသွေးကင်ဆာမှ မရှိတော့ပါဘူး။

အခုဒီသက်သေခံချက်တွေဟာ လုံးဝရိုးသားတဲ့ အမှန်တရားတွေဆိုတာကို မြင်ရပါတယ်။ ဒါကြောင့်ကျွနု်ပ်တို့ဘုရားသ ခင်က အလွန်တရာစစ်မှန်ပါတယ်။ ကျွန်တော်အခုဆို ကိုယ်တော်ကိုအစေခံနေပါပြီ။ ကိုယ်တော်ကို ယုံကြည်ပါတယ်။ ပြီးတော့ ကိုယ်တော်က စစ်မှန်တယ်ဆိုတာကိုကျွန်တော်သိပါတယ်။

7 ၇။ အခုကျွန်တော်အကောင်းဆုံးဖြစ်အောင် ကြိုးစားနေပါတယ်။ တစ်ခုခုဖြစ်တဲ့အခါ... ကျွနု်ပ်တို့အကြားကိုဝင်လာတဲ့အခါမှာ တောက်လျှောက်အဲဒီအတိုင်း အလုပ်လုပ်သွားတာပါ။ပြီးတော့... အခု ဒီနေ့ညကို ကျွန်တော်တို့ကြိုးစားသွားကြပါမည်။ ဘုရားသ ခင်၏ကျေးဇူးတော်အားဖြင့်ပါ။ ဒီစတုတ္ထမြောက်တံဆိပ်ကိုယူရပါမည်။ သန့်ရှင်းသောဝိညာဉ်တော်က အဲဒီထဲမှာရှိတဲ့ကျွနု်ပ်တို့ကိုဘာပြောလာမလဲဆိုတာကို ကြည့်ကြပါမည်။

အခုကျွန်တော်တို့ ဗျာဒိတ်ကျမ်းအခန်းကြီးခြောက် အခန်းငယ်ခုနစ်ကစပြီး ဖတ်သွားကြပါမည်။(၇ ကနေ ၈ အထိပါ။) အဲ့ လိုအမြဲ နှစ်ပိုဒ်ရှိနေပါမည်။ ပထမတစ်ပိုဒ်ကကြေညာချက်ဖြစ်ပြီး ဒုတိယအပိုဒ်က သူမြင်တဲ့အရာဖြစ်ပါတယ်။

'၇-စတုတ္ထတံဆိပ်ကို ဖွင့်သောအခါ စတုတ္ထသတ္တဝါက လာ၍ကြည့်လော့ဟုဆိုသည်ကို ငါကြား၏။ ၈-ထိုအခါ ငါမြင်လျှင် မြင်းမွဲ တစ်စီးရှိ၏။ မြင်းစီးသောသူသည် မရဏာဟူဟောအမည်ရှိ၏။မရဏာနိုင်ငံသည် ထိုသူနောက်သို့ လိုက်လေ၏။ သူသည် မြေကြီး လေးစိတ်တစ်စိတ်ကို အစိုးရ၍ ထားဘေး၊မွတ်သိပ်ခြင်းဘေး၊ နာ၍သေဘေး၊ မြေသားရဲဘေးအားဖြင့် ဆက်ပိုင်သောအခွင့်ကိုရ ၏။'

အခုဘုရားသခင်က ဒါကို နားလည်ဖို့ ကျွန်တော်တို့အား ကူညီမှုပြုတော်မူပါမည်။ အဲဒါကလျှို့ဝှက်နက်နဲသောအရာတစ် ခုဖြစ်ပါတယ်။

8 ၈။ အခုကျောထောက်နောက်ခံပြုဖို့နည်းနည်းလေးကြိုကြည့်ထားတာပါ။ ကျွန်တော်တို့ ဒီလိုမြင်းစီးသူတွေနဲ့ ဒီလိုတံဆိပ်တွေကို ဖောက်ဖျက်တဲ့အရာတွေရှိပါတယ်။ အခု ဒါကြောင့် ကျွန်တောတို့ဟာ အဲဒါကိုကျွနု်ပ်တို့ရဲ့စိတ်ထဲမှာ ထားထားကြရပါမည်။ စကားပြောဖို့

သင့်တော်အချိန်ရောက်ပြီလို့ကျွန်တော်တို့ ခံစားရချိန်အထိ တစ်ခုလေးတော့ စကားပြောပါမည်...

အခုကျွန်တော်တို့ အခုတံဆိပ်တွေ ဖောက်ပစ်လိုက်တာကို သတိပြုမိခဲ့ကြပါတယ်။ အဲဒါကရှေးနှုတ်ခြင်းစာစောင်ကို တံဆိပ်ခတ်နှိပ်ထားခြင်းဖြစ်ပါတယ်။ ပြီးတော့ ဒီနောက်မှာစာစောင်ကို စာလိပ်အဖြစ် လိပ်ထားခဲ့တာဖြစ်ပါတယ်။ လမ်းဟောင်းအ တိုင်းပါပဲ။ အဲဒါကဒီလိုစာအုပ်မျိုးမဟုတ်ပါဘူး။ ဘာဖြစ်လို့လဲဆိုရင် အဲဒါက မကြာသေးမီကမှဝင်ရောက်လာခြင်းဖြစ်ပါတယ်။ ဒီ လိုစာအုပ်မျိုးတွေဖြစ်ပါတယ်။ နောက်ဆုံးကျရင်တော့အို နှစ်ပေါင်းတစ်ရာ့ငါးဆယ် ဒါမှမဟုတ် တစ်ခုခု နှစ်ရာလောက်ရှိမည်ဟုကျွန်တော်ထင်ပါတယ်။ ပြီးရင်အဲဒီနောက်မှာတော့ သူတို့က လိပ်ထားလိုက်ကြတာပါ။ ပြီးရင်အဆုံးထိဖြေလျှော့ပစ်လိုက်ပါမည်။ အဲဒါက ဘယ်လိုလုပ်တယ်ဆိုတာကိုခင်ဗျားတို့အားကျွန်တော်ပြောခဲ့ပြီးပါပြီ။ ပြီးတော့နှုတ်ကပတ်တော်မှာအဲဒါကိုရှာရမည့်နေရာ ကတော့ ယေရမိအနာဂတ္တိကျမ်းမှာ ဖြစ်ပါတယ်။ ပြီးတော့ ဆက်ပါပြီ။ဒီနောက် နောက်တစ်ခုကို လိပ်ထားပြီး အဲဒီလိုမျိုးအဆုံးမှာ လွှတ်နေတာဖြစ်ပါတယ်။တစ်ခုစီမှာ တံဆိပ်တစ်ခုစီရှိပါတယ်။ အဲဒါက တံဆိပ်ခုနစ်ချက်စာအုပ်ပဲ ဖြစ်ပါတယ်။အဲဒီတုန်းက... ဘယ်သူမှ... အဲဒီတုန်းက သူတို့ဟာ... အဲဒါက ရှေးနှုတ်တော်မူခြင်းနှင့်သက်ဆိုင်သောတံဆိပ်ခုနစ်ချက်ဖြစ်ပါတယ်။ ကျွန်တော်ကို ကျေးဇူးပြု၍ ခွင့်လွှတ်ပါ။

9 ၉။ ဒီနောက်ကောင်းကင်အရပ်၌ငှင်း၊မြေကြီး၌ငှင်း၊ မြေကြီးအောက်အရပ်၌ငှင်း ထိုစာစောင်ပေါ်က တံဆိပ်ကို ဖွင့်၍ကြည့်နိုင်မည်ဆိုထိုက်တန်သောသူကို တစ်ဦးတစ်ယောက်မျှမရှိခဲ့ပါ။ ယောဟန် ငိုကြွေးမြည်တမ်းမှုပြုသည့်အကြောင်းကဘယ်သူ့ကိုမှ သူရှာမတွေ့နိုင်လို့ဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုရင် တကယ်လို့အဲဒီစာအုပ်က မူလပိုင်ရှင်ရဲ့လက်ကနေရုပ်သိမ်းသွားစရာအကြောင်း မရှိဘူးဆိုရင်ပါ။အဲဒီနေရာ အာဒံနှင့်ဧဝဆုံးရှုံးခဲ့တဲ့နေရာ ဖြစ်ပါမည်။ သူတို့ဟာသူတို့ရဲ့နှုတ်ကပတ်နှင့်စပ်ဆိုင်သော အခွင့်အရေး တွေကို (ကတိတွေ၊ သူတို့ရဲ့အမွေတွေကို) လက်လွှတ်ဆုံးရှုံးခဲ့ရပြီးနောက်မှာကျောခိုင်းထွက်ခွာခဲ့ကြရပါသည်...

မှတ်ထားပါ။သူတို့ဟာ ကမ္ဘာကြီးကို ထိန်းချုပ်ခဲ့ကြရပါမည်။ သူဟာ အတွေ့အကြုံနုနယ်တဲ့ဘုရားတစ်ဆူဖြစ်ခဲ့ပါမည်။ သူဟာ ဘုရားသခင်၏သားတစ်ယောက်ဖြစ်တဲ့အတွက်ကြောင့် မို့ပါ။ဘုရားသခင်၏သားတစ်ယောက်ဟာ အတွေ့အကြုံနုတဲ့ ဘုရားတစ်ပါးပဲဖြစ်ပါတယ်။ အခု အဲဒါကနှုတ်ကပတ်တော်ကို ဆန့်ကျင်တာမဟုတ်ဘူးနော်။ အဲဒီလိုကြားရတော့ ထူးဆန်းတယ်ဆိုတာကျွန်တော်သိပါတယ်။ ဒါပေမယ့် ယေရှုက 'တကယ်လို့သင်တို့ဟာ သူတို့ကို ဘုရားသခင်နှုတ်ကပတ်တော် ကြွလာတောမူ သော...' ဟုမိန့်တော်မူခဲ့ပါတယ်။ ပြီးတော့ဘုရားသခင်၏ နှုတ်ကပတ်တော်က ဘယ်သူတွေဆီကို ကြွလာတော်မူတာပါလဲ? ပရောဖက်တွေရောက်ခြင်းရှိသည့် ဘုရားများဟုခေါ်မယ်ဆိုရင် ကျွန်တော်က ငါသည်ဘုရားသခင်၏သားတော်ဖြစ်သည်ဟု ပြော လိုက်တဲ့အခါ ကျွန်တော့်ကို ခင်ဗျားတို့ဘယ်လိုအပြစ်တင်နိုင်ပါမည် ' တွေ့လား?

10 ၁၀။ အခုသူတို့ဟာဘုရားများဖြစ်ခဲ့ကြပါသည်။

ပြီးတော့လူဟာ... တကယ်လို့ ခင်ဗျားဟာ မိသားစုထဲမှာမွေးဖွားလာတယ်ဆိုရင် ခင်ဗျားရဲ့မိသားစုနာမည်ရှိပါမည်။ ခင်ဗျားဟာသားတစ်ယောက်ဖြစ်တယ်ဆိုတဲ့အကြောင်းနဲ့ ခင်ဗျားဘိုးဘေး၏ တစ်စိတ်တစ်ဒေသရှိပါမည်။ဒီမနက် အပြစ်ရောက်လာတဲ့အချိန်မှာတော့ လူဟာ ချောက်ကို ဖြတ်ကူးခဲ့ရတယ်ဆိုတာကိုကျွန်တော်တို့ရှာဖွေတွေ့ရှိကြပါသည်။ နွားထီးတွေ၊ ဆိတ်တွေကို ခေါ်လာရပါမည်___ ဖုံးဖိခဲ့ကြရပါသည်။ဒါပေမယ့် ပြန်လွှတ်စရာအကြောင်း မရှိတော့ပါဘူး။...ဘယ်အချိန်ထိလဲဆိုရင် အပြစ်၏အစွန်းအထင်းကို ချွတ်ပစ်နိုင်တဲ့အစွန်းချွတ်ဆေးအမှန်တကယ်ထွက်လာချိန်အထိ ဖြစ်ပါတယ်။ အဲဒါက လုံးဝတစ်စစီ ဖြိုခွဲပျက်စီးသွားတဲ့အချိန်ရောက်တဲ့အထိ ဖြစ်ပါတယ်။ အဲဒါကို ပြန်ပြီးမူလကပြောင်းကပြန်ဖြစ်အောင်လုပ်တဲ့သူအပေါ် ပြန်ပို့နိုင်ချိန်ထိဖြစ်ပါတယ်။ အဲဒီသူကတော့စာတန်ပဲဖြစ်ပါတယ်။

ထိုသို့သောအရာကစာတန်ဆီ ပြန်ရောက်သွားမယ့်အချိန်ဖြစ်တဲ့ သူ့ရဲ့ထာဝရဖျက်ဆီးရာအချိန်ကာလကို သူကစောင့်ဆိုင်းနေခြင်းဖြစ်ပါတယ်။ အခု ထိုအရာက ကျွန်ုပ်တို့ယုံကြည်တာကဘာလဲဆိုတာကိုပြသလျက်ရှိပါသည်။ ကျွန်ုပ်တို့ယုံကြည်ကြတဲ့အရာကတော့ သူဟာ လုံးဝဥဿုံအကုန်အစင်ကိုပျောက်ကွယ်သွားစေကာ ကျူပင်ခုတ်ကျူငုတ်မကျန်အောင် ဖျက်ဆီးပစ်မယ်ဆိုတဲ့အရာပဲဖြစ်ပါတယ်။

11 ၁၁။ အပြစ်ကချိုးဖျက်ပစ်မည်လို့ ကျွန်တော်က ယုံကြည်ပါတယ်။ ထိုသို့သောအရာက အခြေခံကျသောယေရှုခရစ်တော်၏အသွေးတော်အပေါ်၌ဖြောင့်ချက်ပေးတဲ့အချိန် ရောက်လာတဲ့အခါမှာတော့ ထိုသို့သောကိစ္စက Cloror အစွန်းချွတ်ဆေးအခဲတစ်ခဲ၌ရှိသည့် အနက်ရောက်မင်ရည်က အစက်တစ်စက်ယိုကျသလိုမျိုးရှိပါမည်။ အဲဒါကိုဓာတုဓာတ်ပစ္စည်းတွေထဲမှာ ထည့်ပြီး အခုဖြိုခွဲ ကြည့်ပါမည်။ ပြီးရင်အဲဒါကိုဆူကာရာအရပ်ဆီသို့ တန်းတန်းမတ်မတ်ပြန်ပို့လိုက်ပါမည်။ အဲဒါကတော့ ယေရှုခရစ်တော်အမှုတော်မူသော အသွေးတော်၏လမ်းကြောင်းပင် ဖြစ်ပါတယ်။

ဒီနောက်လူတစ်ယောက်ကို ဘုရားသားတစ်ယောက်လို့ ပြန်ပြီးချောက်ကမ်းပါးကိုဖြတ်ကူးခွင့်ပေးမည်ဆိုတကို မြင်ပါ။ ဒီ နောက်သူဖြစ်လာပါမည်... ဘာကြောင့်လဲဆိုရင် သူတောင်... ဘုရားသခင်၏ဖန်ဆင်းခြင်းတန်ခိုးက သူ့၌တည်နေပါတယ်။ အနည်းဆုံးတောင် ဘယ်လိုအချိန်မျိုးမှာမဆို ဘုရားသခင်က အဲဒီလိုမျိုးလုပ်ဆိုပြီးမိန့်တော်မူနိုင်ခြင်းကြောင့် ဖြစ်ပါတယ်။ အဲဒါက အဲ ဒီလိုလုပ်ရမှာငါတို့ပြန်ရမှာလို့ မိန့်တော်မူနိုင်ခြင်းကြောင့်ဖြစ်ပါသည်။

12 ၁၂။ မောရှေ၏နောက်ဆုံးရက်ကာလ၌နွားအသွေးအောက်ကနေ... ပြီးတော့ သူဟာ ထိုအလင်းနဲ့ဆုံတွေ့ရတဲ့အချိန်ရှိပါ တယ်။ မီးစွဲနေသောချုံပုတ်၌ တည်တော်မူသောမီးတိုင်တော်နဲ့ဆုံခဲ့တဲ့အချိန်ရှိပါတယ်။ ပြီးတော့ သူဟာ ဘုရားသခင်သူ့အားပေးသနားတော်မူတဲ့

အဲဒီလိုအပ်နှင်းခြင်းပေါ်တွင် ရပ်တည်ပစ်လိုက်ပါသည်။... ပြီးတော့ သူဟာပရောဖက် တစ်ယောက်ဖြစ်ခဲ့ပါတယ်။ ပြီးတော့ဘုရားသခင်၏နှုတ်ကပတ်တော် သူ့ထံရောက်လာတဲ့အခါ သူဟာ နှုတ်ကပတ်တော်အားဖြင့်ဖန်ဆင်းခြင်းအကြောင်းများ ကိုတောင် ပြောကြားမှုပြုခဲ့ပါတယ်။

အခုတကယ်လို့ အဲဒါကို အဲဒီ့အောက်မှာ လုပ်ရမယ်ဆိုရင်တော့ နွားအသွေးအောက်ကနေပြီးယေရှုအသွေးအကြောင်း က ဘယ်လိုဖြစ်ပါမည်နည်း?ဖုံးကွယ်ထားတာမျိုးမဟုတ်ဘဲ အဲဒါကို အတူတကွပြန်ချုပ်ထားလိုက်တာမျိုးဖြစ်ပါတယ်။ခင်ဗျားတို့ က ဘုရား၏ဖြစ်တည်မှုဆိုတဲ့အရာမှာ ရွေးနှုတ်ခံရသော သားသမီးတစ်ယောက်အဖြစ်ရပ်တည်မှုပြုကြရပါမည်။ အခုမြင်လား?အ သင်းတော်ကတော့ ရှင်သန်ခြင်း၏ အဆင့်အတန်းနောက်ကွယ်မှာ ဝေးကွာလျက်ရှိနေပါတယ်။ကျွန်တော်ထင်ပါတယ်။ အချိန်ပေါင်းများစွာ ကျွန်တော်တို့ဟာ အမှန်တကယ်ထွက်လာပြီးပြဿနာကိုရင်ဆိုင်ရမည့်အစား ဆင်ခြေပဲပေး နေကြတာဖြစ်ပါတယ်။ ကျွန်တော်မှာရှိတဲ့တစ်ခုခုကို ကျွန်တော်ပြောချင်တာပေ့ါ။ ကျွန်တော်လုပ်မှာပါ။အချိန်ကျရင်ပေ့ါ။

13 ၁၃။ ပြီးရင်အခုသတိထားရမှာက အဲ့လိုအသင်းတော်များမှာ တစ်စုံတစ်ခုဟာ တစ်နေရာရာမှာမှားယွင်းနေပါမည်။ ပြီးတော့ ကျွန်တော်ထင်ပါတယ်။ အဲဒါက လူတွေရဲ့စိတ်ထဲကနှစ်ပင်လိမ်နေတဲ့ ဂိုဏ်းဂဏစနစ်တွေပဲ ဖြစ်ပါမည်။ အဲ့လိုမျိုးတွေဖြစ်ပါမည်။ သူတို့ဘာလုပ်ရမယ်ဆိုတာကို သူတို့မသိအောင်လို့ ဖြစ်နေကြပါတယ်။ အဲဒါအမှန်ပါ။ဒါပေမယ့် ကျွန်တော်တို့ကတိပေးခဲ့ကြတာ ကတော့ အဲဒါက ဖော်ပြလိမ့်မည်ဆိုပြီးတော့မှဖြစ်ပါတယ်။

ပြီးတော့အခု ဒီစာအုပ်မှာ ဒီလိုတံဆိပ်ခတ်ထားတဲ့ တံဆိပ်ခုနစ်ချက်ရှိပါတယ်။အဲဒီလိုတံဆိပ်ခုနစ်ခုပါ... အခု ဒီနောက် ဒီလိုတံဆိပ်ခုနစ်ချက်ပြည့်စုံသွားတဲ့အခါမှာတော့ အဲဒီလိုလျှို့ဝှက်နက်နဲတဲ့မိုးချုန်းသံခုနစ်ချက်ကို ဗျာဒိတ် ၁ဝ မှာ ကျွန်တော်ကိုရှာ ဖွေကြပါမည်...ယောဟန်မှာရေးဖို့ အခွင့်အာဏာရှိပေမယ့် အဲဒါတွေကိုရေးဖို့တားမြစ်ခြင်းခံခဲ့ရပါသည်။ အဲဒီမိုးချုန်းသံခုနစ်ချက်မှာကျွန်တော်တို့ခရစ်တော်ကိုရှာဖွေကြပါမည်။ ဒါမှမဟုတ် သတင်းစကားပို့ဆောင်သူလိုပါ။သက်တန့်တစ်စင်းနှင့် ကြွလာတာဖြစ်ပါမည်။ သူ၏ခြေတစ်ဖက်ကို မြေကြီးပေါ်မှာတင်၍ကျန်တစ်ဖက်ကို ပင်လယ် ပေါ်၌တင်တော်မူကာ ထိုအချိန်နာရီ၌ ထွက်ပြေးသောထိုအချိန်နာရီကို ကျိန်ဆိုမှုပြုတော်မူခြင်းရှိပါသည်။

14 ၁၄။ ပြီးတော့ဒီနောက် ကျွန်တော်တို့ သိုးသူငယ်တော်က ကိုယ်စားကြားကနေဆောင်ရွက်ပေးတဲ့သူတစ်ယောက်အဖြစ် ကျန် ရှိစေသော သူရဲ့ကြားဝင်ဆောင်ရွက်မှုပြုသောလုပ်ဆောင်ချက်ဖြစ်သည်။ တံဆိပ်များ၏ဖော်ပြမှုကို ရှာဖွေကြပါမည်။ ယခု သူ၏ဖြောင့်မတ်ခြင်းကို ဆက်လက်၍ ကြွေးကြော်စရာအကြောင်းရှိပါတယ်__ အလုံးစုံသောကိုယ်တော်ရှင်၏အသေခံခြင်းဖြင့် ရွေးနှုတ်တော်မူခြင်းပါရှိပါမည်။

ဒီနောက်ဘယ်သူမှ စာစောင်ကိုဖွင့်လို့မရ၊ နားမလည်နိုင်ဖြစ်ကြရပါမည်။ အဲဒါက ရွေးနှုတ်ခြင်းစာစောင်တစ်ဆောင်ဖြစ်ပါသည်။ ပြီးတော့ဘုရားသခင် ခမည်းတော်ဝိညာဉ်ဆိုတာတွေမှာ ရှိတဲ့အရာကသူ့ရဲ့လက် ထဲမှာပဲရှိတဲ့အရာဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုရင် ခရစ်တော်ဟာကြားကနေအမှုဆောင်ရွက်ပေးရသူတစ်ယောက်ကဲ့သို့ ပလ္လင်မှာရှိနေခြင်းကြောင့် ဖြစ်ပါတယ်။တစ်ဦးတည်းသော ကြားကနေဆောင်ရွက်ပေးသူဖြစ်လို့ပါ။ ဒါကြောင့် အဲဒါကသူတော်စင်မဟုတ်နိုင်ပါ။ မာရိမဟုတ်နိုင်ပါ။ ယောသပ်မ ဟုတ်နိုင်ပါ။ ပလ္လင်ပေါ်မှာလည်းဘာမှမရှိနိုင်ပါ။ ဘာဖြစ်လို့လဲဆိုရင် အဲဒါကအသွေးတော်ဖြစ်လို့ပါပဲ။ ယေရှု၏အသွေးကသာကြား ကနေကိုယ်စားအမှုဆောင်ရွက်ပေးသူတစ်ယောက်အဖြစ် မရပ်တည်နိုင်လို့ဖြစ်ပါသည်။ အဲဒါအမှန်ပါ။အဲ့လိုဘယ်အရာမှ မဖြစ်ခဲ့ ဖူးပါဘူး။

15 ၁၅။ ဒါကြောင့်နိုင်ငံရေးတွေအတွက် ယုဒဩဝါဒစာမှာရှိတဲ့ ဒီလိုကြားကနေ ကိုယ်စားပြန်ဖြေတယ်ဆိုတဲ့အတွေးအခေါ်ရယ် တစ်စုံတစ်ခုအတွက် စိန့်စီးစီးလျှမှာရှိတဲ့ကြားကနေပြန်ဖြေတယ်ဆိုတဲ့အရာတွေဟာ အဓိပ္ပာယ်မရှိပါဘူး။ အဲဒါကမဟုတ်ပါဘူး... ကျွန်တော်က အဲဒီလူတွေကို မရိုးသားဘူး၊ မဖြောင့်မတ်ဘူးလို့ကျွန်တော်ပြောတာမဟုတ်ပါဘူး။ ခင်ဗျား အဲဒီလိုလုပ်တာ ခင်ဗျားမ ဖြောင့်မတ်ဘူးလို့ကျွန်တော်ပြောတာမဟုတ်ပါဘူး။ တကယ်လို့ ခင်ဗျားလုပ်ရင် ခင်ဗျားမှားတော့မှားပါတယ်။ခင်ဗျား ရိုးရိုးသား သားနှင့်ကို မှားတာပါ။ ဘာမဆို...

ခင်ဗျားက 'ကောင်းပြီ။ ဒီကောင်းကင်တမန်က ရှင်.ဘိုနီဖေကို ဒီလိုဟိုလို အဲဒီလိုမျိုးတွေပြောခဲ့တာ သူတို့ဒီလို ပြောသင့် တာပါ။' ဟု ပြောပါမည်။

ကျွန်တော်ခင်ဗျားစိတ်ထဲကဟာကို နည်းနည်းမှ သံသယမဝင်ပေမယ့် တစ်ယောက်ယောက်က ရုပ်ပါရုံကိုမြင်တယ်ဆိုတာ ဘယ်လိုဖြစ်ပါသနည်း။ ကျွန်တော်သံသယမရှိပေမယ့် ဂျိုးဇက်စမစ်ကတော့ရုပ်ပါရုံကို မြင်တွေ့ခဲ့ပါတယ်။ ဒါပေမယ့် အဲဒါက ကျန် တဲ့နှုတ်ကပတ်တော်အတိုင်းတော့မဟုတ်ပါဘူး။ ဒါကြောင့် ဒါကြောင့်မို့ ကျွန်တော့်အတွက် အဲဒါက မှားပါတယ်။ အဲဒါကကျန်တဲ့ နှုတ်ကပတ်တော်နဲ့အတူ ရောက်ရှိလာမည့်အရာဖြစ်ပါတယ်။

16 ၁၆။ အဲဒီအတိုင်းအသင်းတော်ခေတ်ကာလတွေမှာ တံဆိပ်တွေမှာ အဲဒီလိုကျန်တဲ့အရာတွေမှာ အဲဒီအတိုင်းပါပဲ။ဘယ်သူမ ဆို သူမှာက အဲဒီလိုမိုးချုန်းတာတွေပါတယ်လို့ တွေးမိလိုက်တဲ့အချိန်မှာတော့တကယ်လို့ အဲဒါက ကျန်တဲ့နှုတ်ကပတ်တော်နဲ့ ခိုင်း နှိုင်းမှုမပြုဘူးဆိုရင်အဲဒီလိုတစ်ခုခုက မှားယွင်းနေပါမယ်။ အဲဒီမှာ 'ထို့ကြောင့်ဘုရားသခင်မိန့်တော်မူတယ်' ဆိုတာ ရောက်လာစရာ အကြောင်းရှိပါတယ်။ ဒါက စာစောင်ဖြစ်တဲ့အတွက်ဖြစ်ပါတယ်။ ဒါကလုံးဝဥသုံပြည့်ဝစုံလင်ခြင်း၌ တည်တော်မူသည့်ယေရှုခ ရစ်တော်၏ဖော်ပြချက်ဖြစ်လို့ပါပဲ။

အခု ဒီနောက်ရှေ့မှာ သိုးသူငယ်တော်ထွက်ပေါ်လာတဲ့အကြောင်းရှိမယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။သူတို့မသိခဲ့ကြ ပါဘူး။ ယောဟန်ကတော့ ငိုကြွေးမြည်တမ်းမှုပြုခဲ့ပါတယ်။သူတို့မသိခဲ့ကြပါဘူး။ ယောဟန်ကတော့ ငိုကြွေးမြည်တမ်းမှုပြုခဲ့ပါ တယ်။

သူဟာကောင်းကင်အရပ်၌၊ မြေကြီးအရပ်၌ ဘယ်သူ့ကိုမှရှာမတွေ့နိုင်ပါဘူး။ ဘာဖြစ်လို့လဲဆိုရင်အားလုံးဟာ ချောက်စွန်း တစ်ဖက်မှာရှိနေကြလို့ဖြစ်တယ်ဆိုတာကို မြင်ရပါတယ်။ အပြစ်ပါ။

17 ၁၇။ အဲ့လိုလူမရှိပါဘူး... ကောင်းကင်တမန်ကလည်း တကယ်တော့ထိုက်တန်တဲ့လူမဟုတ်ပါဘူး။ ဒါပေမယ့် အရာအားလုံး ဟာဆွေမျိုးသားချင်းဖြစ်လာစရာအကြောင်း ရှိလာတဲ့အခါမှာတော့။ အဲဒီလိုလူသားမျိုးနွယ်တစ်ယောက်ဖြစ်လာစရာအကြောင်းရှိ ခဲ့ပါတယ်။ အဲဒီလိုဖြစ်စရာအကြောင်းမရှိတာကလူတိုင်းဟာ မေထုန်အားဖြင့် မွေးဖွားလာကြလို့ပဲဖြစ်ပါတယ်။ အဲ့လိုကိစ္စမပါဘဲ မွေးလာတဲ့တစ်ယောက်တော့ရှိပါတယ်။ ဒါကြောင့်ဘုရားသခင်ကိုယ်၌က အဲဒီလိုဖြစ်ပွားစေခဲ့တာပါ။ အပျိုကညာကနေ မွေးလာ ပြီးဧမာနွေလဖြစ်လာခဲ့တာပါ။ တစ်ခုသောသူ့ရဲ့အသွေးကတော့ ထိုက်တန်မှုရှိပါတယ်။ ဒီနောက်သူ့ကိုယ်၌ ဒီချောက်ကို ဖြတ် လိုက်ပြီး အဖိုးအခပေးလိုက်တဲ့အချိန်မှာတော့ကျန်တဲ့ကျွန်တော်တို့တွေအတွက် တံတားထိုးပြီး လမ်းခင်းပြီးသားဖြစ်သွားပါတယ်။ဒီနောက် ကိုယ်တော်ဟာ ကြားခံဆောင်ရွက်ရသူနေရာမှာ ထိုင်တော်မူခဲ့ပါတယ်။ ပြီးတော့စာစောင်ဟာ တကယ့်ကိုမှအဲဒီလိုတစ် ချိန်လုံး ပိတ်သွားခဲ့တာဖြစ်ပါတယ်။ အဲဒီမှာ အဲဒါကအမှတ်သင်္ကေတအဖြစ် ကျန်ရှိနေဆဲဖြစ်ပါတယ်။

သူတို့အဲဒါကို တွေ့ခဲ့ရပါတယ်။

18 ၁၈။ ယောဟန်တောင်အဲဒါကို မြင်ခဲ့ရပါတယ်။ ကနဦးရောက်လာတဲ့အချိန်နာရီကို ကြေညာမှုပြုပါတယ်။ သူက ‘မြင်းဖြူတစ်ခု ရှိ၏။ မြင်းစီးသောသူသည်လေးကိုကိုင်၏’ လို့ပြောထားပါတယ်။ အဲဒါက အမှတ်သင်္ကေတဖြစ်ပါတယ်။ အဲဒါက ဖော်ပြချက်မ ဟုတ်ပါဘူး။ မဟုတ်ဘူး။ အဲဒါက အမှတ်သင်္ကေတတစ်ခုဖြစ်ပါတယ်။ ကမ္ဘာပေါ်ကရှိရှိသမျှဘယ်လူသားကိုမဆိုပါ။ အဲဒါအားလုံး သူပြောနိုင်တဲ့အရာပဲဖြစ်ပါတယ်။အဲဒါအမှန်ပါ။ သူခလုတ်တိုက်ပြီး ယိမ်းယိုင်ကောင်းယိမ်းယိုင်သွားပါမည်- တစ်နေရာကဒီနေရာ၊ ဟိုနေရာမှာ သံသယဖြစ်စရာမရှိပါဘူး။ ခဏကြာပြီးနောက်...

ဒါပေမယ့်ကျွန်တော်တို့ ရှာဖွေဖော်ထုတ်ပြီးနောက် အဲဒီလိုဗျာဒိတ်ကျမ်းထဲကသတ္တမမြောက်သတင်းစကားပို့ဆောင်သူ ၏သတင်းစကားက လျှို့ဝှက်နက်နဲမှုတွေဖြစ်ပါတယ်__ အဲဒီကိစ္စရဲ့အလုံးစုံကလျှို့ဝှက်နက်နဲတွေရှိနေပါတယ်။ အစကတည်းက အဲဒီအချိန်မှာပဲဖော်ပြသင့်တဲ့အရာဖြစ်ပါတယ်။ (အဲဒါကတော့ ဗျာဒိတ်ကျမ်း ၁၀း၁-၇) ပါ... အဲဒီအချိန်တိုင်းသာဆိုရင် ကိုယ်တော် အမှုပြုတော်မူသည့်အဲဒီအချိန်မှာပဲ အဲဒါက ဖော်ပြမှုပြုသင့်တဲ့အရာဖြစ်ပါတယ်။

ဒီနောက်မိုးချုန်းသံခုနစ်ကတော်တော်လေးကို ထူးဆန်းသောအသံများဖြစ်ကြပါတယ်။ ယောဟန်ကဆက်လက်ရေး သားမှုပြုစရာအကြောင်းရှိပါတယ်... ယောဟန်က အဲဒါကဘာကိုဆိုတာကိုသိခဲ့ရပါမည်။ သို့သော် သူဟာ ရေးသားဖို့ရန် တားမြစ်ခဲ့ရ သည့်အတွက်ထိုအကြောင်းရေးသားမှုမပြုခဲ့ရပါ။ အဲဒါက လုံးဝကို လျှို့ဝှက်မှုတွေစုစည်းထားတာဖြစ်ပါမည်။ အဲဒါက အမှတ်သင်္ကေတ သို့မဟုတ် ဘယ်နေရာမှပင်ပါတာမျိုးမရှိပါဘူး။ ကျွန်တော်တို့က အဲဒါကို မိုးချုန်းခြင်းလို့ သိထားကြပါတယ်။အဲဒါကတော့ အကုန်ပါပဲ။

19 ၁၉။ ပြီးတော့အခုဒါကို လေ့လာရင်းနဲ့... အခု မမေ့လိုက်ကြပါနှင့်... အခု တနင်္ဂနွေနေ့မနက် အနာရောဂါငြိမ်းခြင်း အစီအစဉ်ကို ကျွန်တော်တို့ ဖြုတ်လိုက်ကြခြင်းကလူတွေမေးတဲ့မေးခွန်းတွေကို ဖြေစရာအကြောင်းရှိနေလို့ပါ။ အခု ကျွန်တော်ကခင်ဗျားတို့ကို ဒီလိုတံဆိပ်ခုနစ်ချက်အပေါ်မှာ မေးခွန်းတစ်ခုတော့ထုတ်စေလိုပါသည်။အဲဒါက ခင်ဗျားကို နှောင့်ယှက်နေ တယ်ဆိုရင်တော့ တစ်ခုခုကိုခင်ဗျားနားမလည်တာဖြစ်ပါတမည်။ အဲ့လိုတံဆိပ်တွေအပေါ်မှာ ဖြစ်စေကြပါ။ ဒီနောက်စနေနေ့ညမှာတော့ အဲဒါတွေကို ပြည့်ပြည့်ဝဝဖြေနိုင်မယ်၊ မဖြေနိုင်ဘူးဆိုတာကိုကျွန်တော်ပြောနိုင်ပါမည်။ ခင်ဗျားတို့ကြည့်ကြပါ။ ဒီနောက်... အခု ချက်ချင်း ‘တစ်စုံတစ်ခုသောကိစ္စအကြောင်းအရာက ဘယ်လိုရှိသလဲ?’ လို့မေးပါမည်။ ဒါမှမဟုတ် ‘ဒါကိုကျွန်တော်လုပ်သင့်လား’ ဆိုပြီးတော့မှပါ။ ဒါမှမဟုတ် ‘ကျွန်တော့်မှာအိပ်မက်တစ်ခုရှိခဲ့တယ်’ ဆိုပြီးတော့မှဖြစ်ကြပါမည်။အဲဒါတွေအားလုံးဟာ ထိုက်တန်တဲ့အရာတွေ ချည်းပါပဲ။ ဒါပေမယ့် တံဆိပ်ခုနစ်ချက်နှင့်မှန်မှန်ကန်ကန်တော့နေကြပါစို့။ အဲဒါကကျွန်တော်တို့ မှန်မှန်ကန်ကန်နေကြရမည့်အရာပဲဖြစ်ပါတယ်။ ထိုသို့သောတွေ့ဆုံမှုက ပုံစံထုတ်ခဲ့ခြင်းဖြစ်ပါတယ်။တံဆိပ်ခုနစ်ခုဆိုပြီးတော့ပါ။ ထိုသို့သောအရာနှင့် မှန်မှန်ကန် ကန်ရှိနေကြပါစို့။

20 ၂၀။ ကျွန်တော်အိမ်ပြန်ရပါအုံးမည်။ကျွန်တော်ဟာ အနောက်ဘက်မှာ အစည်းအဝေးတစ်ချို့ကို လုပ်ရပါအုံးမည်။ တစ်လ၊ နှစ်လလောက်ကြာပြီးနောက် ကျွန်တော်တစ်ဖန်ပြန်ရောက်လာမှာ ဖြစ်ပါတယ်။ ဒါမှမဟုတ်အဲဒီလိုတစ်ခုခုဖြစ်ပါမည်။ ကျွန်တော် တို့ အဲဒီအောကာင်းအရာပေါ်မှာတစ်ခုခုရသွားအောင် ခွင့်ပြုစေတော်မူပါစေသော။ အနာရောဂါငြိမ်းခြင်း အစည်းဝေးတစ်ခု ဒါမှမဟုတ် တစ်ခုခု၊ ဒီနောက်ဘာဘဲဖြစ်လာဖြစ်လာပါ၊ အခုထိတော့ ကျွန်တော်တို့မှာဒီကတံပိုးခုနှစ်လုံးကို ဆက်သွားစရာအကြောင်းရှိ နေပါသေးတယ်။ ခင်ဗျားတို့ကြည့်ပါ။ဒီနောက် အားလုံး အဲဒီကိုရောက်သွားပါမည်။ ပါသွားပါမည်။ အမျက်တော်ခုနှစ်ခုကိုလည်းကြည့်ပါ။ လောင်းချမှုဖြစ်ပါတယ်။ ဒါကြောင့်....အဲဒါအားလုံးဒီနေရာမှာ အမှန်တစ်ကယ် ရောနှောနေတာဖြစ်ပါတယ်။ ဒါပေမယ့် အဲဒါအားလုံးဟာ ဒီနေရာမှာအမှန်တစ်ကယ် ရောနှောနေတာဖြစ်ပါတယ်။ ဒါပေမယ့် အဲဒါအားလုံးဟာ အခုထိ လျှို့ဝှက်နက်နဲအရာများအဖြစ် ရှိနေဆဲပါ။

အခုနောက်ဆုံးညကတော့ကျွန်တော်တို့ အဲဒီပထမဆုံးတံဆိပ်ကိုရှာပြီးသွားခဲ့ကြတာပါ။ ပြီးတော့မြင်းစီးတဲ့သူပါပါတယ်။ ပြီးတော့ဘုရားသခင်က...ဒါကြောင့်ကျွန်တော့်ကိုကူညီပေးပါ။ ဒီမတိုင်ခင်က အဲ့ဒီအကြောင်း ကျွန်တော်လုံဝ မသိခဲ့ပါဘူး။ ဒီမ တိုင်ခင်ကဒီလိုကိစ္စတွေကို ကျွန်ေတော်လုံးဝ သိထားတာမျိုးမရှိပါဘူး။ အဲဒါအမှန်ပါ။ ပြီးတော့ကျွန်တော် အခုလည်း ဟုတ်တာမ ဟုတ်ပါဘူး။... အခုဘဲ အဲဒီကို တက်သွားပြီး၊နှုတ်ကပတ်တော်ကိုယူပြီး ထိုင်ချလိုက်ပါ။ အဲ့အချိန်ထိ အဲဒီမှာထိုင်နေပါ။...အဲဒါက အဲဒီလိုအရေးပေါ်လာတဲ့အချိန်မှာတော့ ကျွန်တော်ချက်ချင်း ဘောပင်ကောက်ကိုင်ကာချရေးလိုက်ပါမည်။ အခု အဲဒီမှာဘဲ နေပါ။ လေးနာရီလောက်တော့ ကြာနိုင်ပါတယ်။ အဲဒါပြီးတဲ့အချိန်ထိဆိုရင်ပါ။

21 ၂၁။ ဒီနောက်ကျွန်တော်ပြန်မယ်။ ကျွန်တော်ရှာဖွေမယ်။ ကိုယ်တော်ရှင် ဒီလိုမိန့်တော်မူတာကိုကျွန်တော်ရသလိုပါဘဲ။.... ကျွန်တော်တွေးမိတာက ‘ကောင်းတယ်၊ကြည့်ရတာ တစ်နေရာရာမှာ ကျွန်တော်မြင်ဖူးသလိုရှိတယ်။’ ဆိုတာပါ။ ကျွန်တော့်မှာကကျွန်တော်ရဲ့သင့်တင့်လျောက်ပက်မှုကို ရထားပြီးသားဖြစ်ပါတယ်။နောက်ကိုကြည့်ဖို့သွားပါ။ အဲဒီလိုတစ်ခုခုရှိပါတယ်။ ဒီနေရာမှာရှိတဲ့အဲ့ဒါကဒီနေရာမှာမှန်ကန်မှုရှိပါတယ်။ ပြီးရင် ဒီနေရာမှာရှိတဲ့အဲဒါက ဒီနေရာကနေတစ်ဖန်ကုန်ဆုံးသွားပြီး၊ ဒီနေရာရဲ့အနောက်ဘက်ကိုရောက်ပါတယ်။ အဲဒီကိုဆင်းလာပြီး၊ဒီကိုရောက်သွားပါမည်။ ဒီနောက်ကျွန်တော်အခု အဲဒါကို အထဲမှာမှန်မှန်ကန်ကန်တုတ်နှောင်ထားပါမည်။ နှုတ်ကပတ်တော် တစ်ခုနှင့်တစ်ခု နှိုင်းယှဉ်ပြနေသ၍အဲဒါကတရားဖြစ်မယ်ဆိုတာကို ကျွန်တော်သိရပါမည်။အဲဒီအတိုင်း ခင်ဗျားတို့လည်း လုပ်ရမှာဖြစ်ပါတယ်။ အခု အတူတကွ အဆောက်အဦးတစ်ခုကိုဆောက်လုပ်ကြ သလို ကျောက်တုံးတွေဟာ တစ်တုံးနှင့်တစ်တုံး အံဝင်ခွင်ကျရှိနေကြရပါမည်။

22 ၂၂။ အခုနောက်ဆုံးညက ကျွန်တော်တို့ တတိယတံဆိပ်၏ ဖွင့်လှစ်ခြင်းပြီးခဲ့ကြပါသည်။ ပထမတစ်ခုကမြင်းဖြူပါ။ နောက်တစ်ခုကမြင်းနီ၊ဒီနောက်မှာ မြင်းမည်းဖြစ်ပါတယ်။ ပြီးတော့ မြင်းစီးသူတွေဟာ တစ်ချိန်လုံး တစ်ယောက်ထဲသာဖြစ်ကြောင်းကို ကျွန်တော်ရှာဖွေဖေါ်ထုတ်ခဲ့ကြပါသည်။ ပြီးတော့ အဲဒါက အန္တိခရစ်၏ အစပြုစရာအကြောင်းနှင့်အတူဖြစ်လာသောအရာဖြစ်ပါ သည်။ သူဟာ သရဖူလည်းဆောင်းထားတာမရှိပါဘူး။ ဒါပေမယ့်အဲဒီနောက်မှာ သူခံယူရရှိတဲ့အရာတစ်ခုရှိခဲ့ပါတယ်။ ဒီနောက် အဲဒီအကြောင်းကိုကျွန်တော်တို့ရှာဖွေဖော်ထုတ်ခဲ့ကြပါတယ်။ ဒီနောက် သူဟာ ပိုက်ဆံနဲ့ရတဲ့အသင်းတော်၏အလေးချိန်ကို ချိန်၍ ၎င်း၊ အဲဒီအတွက် နှစ်ပဲနီအလေးချိန်ကို ချိန်၍၎င်း၊ရှိနေပါသည်။ ဒါပေမယ့် သူဟာ ဆီနှင့်ဝိုင်ကိုထိရန် တားမြစ်ခြင်းကိုခံခဲ့ရပါသည်။အဲဒါကတော့ ကျန်ခဲ့တဲ့အရာလေးဖြစ်ပါတယ်။

ပြီးတော့နောက်ဆုံးညက ကျွန်တော်တို့ ဆီနဲ့ဝိုင်ရဲ့ ပုံပန်းသဏ္ဍာန် အဲဒီမှာဘယ်လိုအကျိုးသက်ရောက်မှုရှိသည်ကို ချန် ထားခဲ့ကြပါတယ်။ အဲဒါက ကြားရတာနည်းနည်းတော့ရိုင်းချင်ရိုင်းနေပေမယ့် အဲဒါဟာ အတိအကျ အမှန်အကန်ပဲဖြစ်ပါတယ်။

23 ၂၃။ အခုကျွန်တော်တို့ချန်ခဲ့တဲ့... အခု ခဏလောက်အဲဒါကို ပြန်ကြည့်ကြပါစို့။ပြီးတော့ ဒီနောက်... ကျွန်တော်တို့ ဝိုင်၏တန်ခိုးကိုချန်ထားခဲ့ကြပါတယ်။ ဆီက ဘာကိုပုံဆောင်လဲဆိုတာကို ချန်ခဲ့ကြပါတယ်__ ဝိညာဉ်တော်ပဲဖြစ်ပါတယ်။(ခင်ဗျားတို့အားလုံး အဲဒါအားလုံးရခဲ့ပြီးပြီဟု ကျွန်တော်ယူဆပါတယ်။ခင်ဗျားတို့အဲဒါကို တိပ်ခွေမှာပြန်ရှာကြပါ။ ခင်ဗျားတို့မရခဲ့ဘူးဆိုရင်ပါ။ နှုတ်ကပတ်တော်ကို ရှာလို့ရတဲ့နေရာပဲဖြစ်ပါတယ်)... ဆီဟာ အမြဲတမ်းသန့်ရှင်းသောဝိညာဉ်တော်ကိုပုံဆောင်ခြင်းဖြစ်ပါတယ်။ မိုက်မဲ တဲ့အမျိုးသမီးများမှာ ဆီမရှိခြင်းနှင့်ပညာဉာဏ်နှင့်ပြည့်စုံတဲ့ အပျိုစင်တွေမှာတော့ ဆီနှင့်ပြည့်သလိုမျိုးပါပဲ။ အဲဒါကတော့သန့်ရှင်း သောဝိညာဉ်တော်ပဲဖြစ်ပါတယ်။ ဒီနောက် ပရောဖက်တွေဆီမှာ ပြန်ကျလာတဲ့ အဲ့လိုမျိုးအကြောင်းတွေရှိပါတယ်။

ပြီးတော့အခုတကယ်တော့ အဲဒီကကျမ်းစာတိုင်းကို ကျွန်တော်ဆွဲထုတ်ဖို့ ကြိုးစားမှာမဟုတ်ပါဘူး။အဲဒီအကြောင်းအရာ တွေကို ခင်ဗျားတို့ပြောနိုင်မှာတောင်မဟုတ်ပါဘူး။ အဲဒါက သိပ်ကိုအချိန်ယူတဲ့အရာဖြစ်ပါတယ်။ ဒါပေမယ့်ကျွန်တော်ဒီနေရာမှာ ကျွန်တော်နှုတ်ကပတ်တော်နှင့်အတူ နေရာတကျဖြစ်အောင် ကြိုးစားသွားမှာပါ။အဲ့လိုမျိုးတွေရှိပါတယ်။ အခု လူတွေကိုပေးဖို့ လုံလောက်မှုရှိပါတယ်။ ဒါကြောင့် အဲဒါက သူတို့ကိုအဲဒီလိုရှိတဲ့ပုံစံကို သိစေ၊ မြင်စေပါလိမ့်မည်။

ဒါပေမယ့်ခင်ဗျားက တံဆိပ်တွေထဲက တစ်ခုမှာပဲ ထိုင်နေမယ်ဆိုရင်တော့ ဘာဖြစ်လို့လဲဆိုရင်ကျွန်တော်ရဲ့တံဆိပ်အကြောင်းပြောတဲ့ညတိုင်း ခင်ဗျားတို့ ပုံမှန်တက်သွားခြင်းသာတလမှာရှိတဲ့ တရားဟောချက်တွေကို ရသွားစေလို့ဖြစ်ပါတယ်။ အဲဒါကိုကိုင်တောင်မကိုင်ရသေးဘူးဆိုတာကို ကြည့်ကြပါ။ တံဆိပ်တွေထဲက တစ်ခုကိုမှမကိုင်ရသေးတာပါ။ အဲဒါက အဲဒီ့အထိဆို အဲ ဒီမှာဘယ်လောက်များရှိပါမည်နည်း။ ဒါပေမယ့်အခု အဲဒါကို ပစ်မှတ်မြင့်မြင့်ချိန်ထားပါတယ်။ ဒီနောက် အဲဒီအကြောင်းအရာအကုန်လုံးကို ခင်ဗျားတို့ မြင်တွေ့နိုင်တော့မှာဖြစ်ပါတယ်။

24 ၂၄။ အခုဆီဟာ သန့်ရှင်းသောဝိညာဉ်တော်ကို ပုံဆောင်မှုပြသလိုပါပဲ... ဒီနောက် ကျွန်တော်တို့ဟာ ဝတ်ပြုကိုးကွယ်ခြင်း၌ဆီနှင့်ဝိုင်၏ ပတ်သက်ဆက်နွယ်မှုကို ရှာဖွေဖော်ထုတ်ကြပါမည်__ အမြဲတမ်းဝတ်ပြုကိုးကွယ်ခြင်းနှင့်ဆက်နွယ်နေပါတယ်။ ပြီး တော့ ဝိုင်ပါ။ ကျွန်တော်ပြောခဲ့ပါတယ်။ (အဲဒါက ကျွန်တော့်ဆီရောက်လာတာဖြစ်ပါတယ်။)ဝိုင်၏ပုံဆောင်ချက်မှာ ဗျာဒိတ်တော် အားဖြင့်နိုးဆော်ခြင်းတန်ခိုးဖြစ်သည်ကိုမြင်ရပါသည်။ အဲဒါက တစ်ခုခုက ဖော်ပြမယ့်အချိန်နာရီပဲ ဖြစ်ပါတယ်။ ထိုအရာက ယုံကြည်သောသူကို နှိုးဆော်မှုပြုပါတယ်။ ဘာဖြစ်လို့လဲဆိုရင် အဲဒါကဗျာဒိတ်ကျမ်းအားဖြင့် တင်ပြထားသောအရာဖြစ်လို့ဆိုတာကို မြင်ရပါတယ်။ အဲဒါကဘုရားသခင်မိန့်တော်မူတဲ့ တစ်စုံတစ်ခုသောအရာဖြစ်ပါတယ်။ အဲဒါကလျှို့ဝှက်ချက်တစ်ခုဖြစ်ပါတယ်။ အဲ ဒါကို ခင်ဗျားတို့နားမလည်နိုင်ဘူးဆိုတာကိုမြင်ပါ။ ပြီးတော့ ခဏကြာတဲ့အခါမှာတော့ ဘုရားသခင်ဆင်းကြွလာပြီး အဲဒါကို ဖော်ပြပါမယ်။ ပြီးရင် အဲဒါကို သက်သေပြပါမည်။

25 ၂၅။ မှတ်ထားပါ။သမ္မာတရားက ဖော်ပြတယ်ဆိုရင် သမ္မာတရားကပဲ သက်သေထူပါမည်။ ဘုရားသခင်က တသမတ်တည်း... လူတစ်ယောက်ဘယ်လောက်တော်မယ် သူ့စိတ်ကဘယ်လောက်သတ္တိရှိတယ်ဆိုတာတွေက ကိစ္စမရှိပါဘူး။ ဘုရားသခင်က သူပြောတာကိုထောက်ခံမပေးရင်တော့ အဲဒီတစ်ခုခုက မှားယွင်းနေတာဖြစ်ပါသည်။ အဲဒါအမှန်ပါ။ဘာဖြစ်လို့လဲဆိုရင် အဲဒါက နှုတ်ကပတ်တော်ဖြစ်လို့ပါပဲ။

အခု အဲဒီကိုဘုရားသခင်၏နှိုးတော်မူအောက်ကနေ မောရှေထွက်ခွာရစဉ်အခါတုန်းက ‘ယင်ကောင်လာစမ်း’ ဆိုရင် ယင်ကောင်တွေရောက်လာပါသည်။ သူက ‘ဖားတွေ သွား’ လုိ့ပြောရင် ဖားတွေရောက်လာပါတယ်။တကယ်လို့ သူက ‘ယင်ကောင် တွေလာစမ်း’ လို့ခေါ်ရင်တော့ သူတို့မလာရင် ဘာဖြစ်တယ်ဆိုတာကို မြင်ပါသလား? ဒီနောက် သူဟာ ဘုရားသခင်၏

နှုတ်ကပတ်တော်တစ်လုံးကိုမှပြောခဲ့တာမဟုတ်ပါဘူး။ သူပြောခဲ့တဲ့ တစ်ခုတည်းသောစကားက... သူ့ရဲ့ကိုယ်ပိုင်စကားသာ ဖြစ်ပါတယ်။

ယင်ကောင်တွေဖြစ်လာဖို့ကောင်းတယ်လို့ သူတွေးချင်လည်း တွေးနေပါမည်။ ဒါပေမယ့် အဲဒီကိုဘယ်ယင်ကောင်မှ ရောက်မလာခြင်းက ဘုရားသခင်သူ့ကိုမိန့်တော်မူတာမဟုတ်တဲ့အတွက်ကြောင့် ဖြစ်ပါသည်။ ဘုရားသခင်က ခင်ဗျားစကားပြောတဲ့အချိန် ဘယ်အရာကိုမဆို ‘ဒါကိုမင်းသွားလုပ် ထိုသို့သောအရာနှင့်အတူ ငါရှိတော်မူမည်။ ဤအရာသည် ငါ၏နှုတ်ကပတ်တော်ဖြစ်ခြင်းကြောင့်ပေတည်း’ ဟုမိန့်တော်မူပြီးရင်အဲဒါကိုကျမ်းစာထဲမှာ ကိုယ်တော်က ပြသ မှုပြုတော်မူ ပါမည်။ ဒီနောက် အဲဒီနောက်မှာဘုရားသခင်က အမှန်တကယ်ရပ်တည်မှုပြုတော်မူပါမည်။ အဲဒါက ကျမ်းစာထဲမှာရေးထားတဲ့အရာမဟုတ်ဘူးဆိုရင်လည်း ဘုရားသခင်က ဘယ်ကိုပဲဖြစ်ဖြစ် အဲဒီနောက်မှာရပ်တည်မှုပြုတော်မူပါမည်။ တကယ်လ့ို အဲဒါက ဘုရားသခင်၏ နှုတ်ကပတ်တော် ဆိုရင်တော့မြင်ရပါမည်။ ဒီနောက် အဲဒါက ပြင်ပကအရာဆိုရင်လည်း အဲဒါကို ပရောဖက်တွေအားဖော်ပြမှုပြုတော်မူပါမည်။ ကျွန်တော်တို့ နားလည်သဘော ပေါက်ထားကြတဲ့ ဘုရားသခင်၏ခပ်သိမ်းသော လျှို့ဝှက်နက်နဲမှုများကို ပရောဖက်များနှင့် သူတို့ဆိုတာသိကျွမ်းစေခြင်းဖြစ်ပါသည်။ အာမုတ်အနာဂတ္တိကျမ်း ၃း၇ မှာပါ။

26 ၂၆။ အခုဗျာဒိတ်တော်၏တန်ခိုးက ယုံကြည်သူအား နှိုးဆော်မှုဖြစ်စေပါသည်။ ဝိုင်၏တန်ခိုး၊သဘာဝဝိုင်အစွမ်းကြောင့် နိုးထမှု ကိုဖြစ်စေတယ်ဆိုတာ ကြည့်ပါ။ အဲဒါကလူတစ်ယောက်ဆီရောက်တယ်။ နိုးထစေဖို့အလုံးစုံသောအရာက နွံနစ်အလို နစ်မွမ်းသွားတယ်ဆိုတာကို မြင်ရပါတယ်။

ကောင်းပါပြီ။ဒီနောက်... အခု နှုတ်ကပတ်တော်၏ ဗျာဒိတ်အစွမ်းကယုံကြည်သူအား ဝမ်းမြောက်ခြင်းဆိုတဲ့ နှိုးဆော်မှု ကို ရစေပါတယ်။ ရောင့်ရဲတင်းတိမ်ခြင်းဆိုတဲ့ နှိုးဆော်မှုတွေရှိတယ်။ အဲဒီနှိုးဆော်မှုကသက်သေထူပြတယ်။ သက်သေပြပါ တယ်။ အဲဒါကို ကျွန်တော်တို့ အသစ်သောဝိုင် ဟုရည်ညွှန်းချင်ကြသလိုမျိုးပါဘဲ။အဲဒီလိုမျိုး၊ အဲဒါကိုကျွန်တော်တို့ အမြဲတမ်း ရည်ညွှန်းမှုပြုချင်တာက ‘ ဒီလူတွေဟာ အသစ်သောဝိုင်ကိုသောက်သုံးကြသူတွေဖြစ်တယ်’ ဆိုပြီးတော့မှပါ။သို့တည်းမဟုတ်၊ ဝိညာဉ်ရေးနှင့်ဆိုင်တဲ့ဝိုင် ဖြစ်ပါတယ်။ ကျွန်တော်တွေးမိတဲ့အကောင်းဆုံးသော အနက်ဖွင့်ဆိုမှုက...ဝိညာဉ်ရေးနှင့်ဆိုင်သောဝိုင်အပေါ်တွင် ဖြစ်ပေါ်လာပါလိမ့်မည်။

27 ၂၇။ သမာရိုးကျဝိုင်က နှိုးဆော်ခြင်းတန်ခိုး၌ သူကိုယ်သူဖော်ပြမှုပြုသလိုမျိုးပါဘဲ။ဒါကြောင့် ဘုရားသခင်၏နှုတ်ကပတ် တော်ကိုထိုအရာကဖော်ပြသလိုမျိုး အသစ်သောဝိုင်ကို လုပ်ဆောင်မှု ပြုကြရပါမည်။ ထိုအရာကဝိညာဉ်တော်ပင်ဖြစ်ပါတယ်။ မြင်လား? နှုတ်ကပတ်တော်ကိုယ်တိုင်က ဝိညာဉ်ေတော်ပင်ဖြစ်ပါတယ်။ အဲဒါကိုခင်ဗျားတို့ယုံကြည်ပါလား? အဲဒါကိုအခုဖတ်ကြည့်ကြပါစို့။ ရှင်ယောဟန် ၆ ပါ။ ဒီနောက် ခင်ဗျားတို့ ‘ဟုတ်ပြီ၊ တစ်ယောက်ယောက်ကအဲဒီလိုပြောတယ်လို့’ မပြောလိုက်ကြပါနှင့်။ ဘယ်သူပြောသလဲဆိုတာကို ကြည့်ကြပါစို့။ ဒီနောက်မှာ အဲဒါက အမှန်တရားဟုတ်မဟုတ်ဆိုတာကို ကျွန်တော်တို့ သိကြရပါမည်။ ရှင်ယောဟန် အခန်းကြီး ၆ မှာပါ။ အဲဒါကအခန်းငယ် ၆၃ ဖြစ်မယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။ ဟုတ်ပါပြီ။ အဲဒီ လိုဖြစ်မယ်လို့ကျွန်တော်ထင်ပါတယ်။ ဟုတ်ကဲ့။

‘ဝိညာဉ်သာလျှင်အသက်ရှင်စေ၏။ ကိုယ်ကာယသည် အလျှင်းမတတ်နိုင်။ ငါပြောသော စကားသည် ဝိညာဉ်ဖြစ်၏။ အသက်လည်းဖြစ်၏။’

28 ၂၈။ နှုတ်ကပတ်တော်ကိုယ်၌ကဝိညာဉ်ဖြစ်နေတာပါ။ အဲဒီဝိညာဉ်တော်ကစကားလုံးဆိုတဲ့ ပုံစံထဲမှာနေနေတာဖြစ်ပါတယ်။ဒီနောက် ခင်ဗျားတို့မြင်ရပါမယ်။ အဲဒီလိုအသက်သွင်းတဲ့အချိန်၊ ဒါမှမဟုတ်အသက်ကိုဝင်စေတဲ့အခါ နှုတ်ကပတ်တော်၌ရှိသော ဝိညာဉ်တော်က အလုပ်လုပ်ဖို့နှင့်လုပ်ဆောင်စရာကိစ္စတွေရှိလာပါတယ်ဆိုတာ မြင်ရပါမည်။ ....ဘာဖြစ်လို့လဲဆိုရင်အဲဒါက....အခု ဒီကိုကြည့်ပါ။ စကားလုံးတစ်လုံးမဖြစ်ခင်၊ အတွေးတစ်ခုက စဉ်းစားတဲ့အခါမှာတော့စကားလုံးတစ်လုံးဖြစ်သွားပါတယ်။ အခု။ ဒီဘုရားသခင်၏ တွေးတောဆင်ခြင်တော်မူခြင်းကစကားလုံးဆိုတဲ့အရာမှာ သူကထွက်ပြီး နေရာချလိုက်တာဘဲဖြစ်ပါတယ်။ ဒီနောက် အဲဒါကိုကိုယ်တော်ထံပါးမှ ကျွန်တော်တို့က လက်ခံရရှိလိုက်တဲ့အခါမှာတော့ ထိုအရာကတစ်ခုသောနှုတ်ကပတ်တော် ဖြစ်လာပါတယ်။ ဘုရားသခင်က မောရှေကို ဘာလုပ်ရမလဲဆိုတာကို ဖော်ပြတော်မူပါတယ်။ မောရှေကအဲ့ဒါကိုပြောတော့ အဲဒါက ဖြစ်လာခဲ့တယ်ဆိုတာကို မြင်ရပါတယ်။ အဲဒါဘဲ။ အဲဒါကဘုရားဆီကနေ တစ်ကယ်ရောက်လာတဲ့အချိန်မှာ ဖြစ်တာပါ။

အခု၊ထိုသို့သာအရာကနှိုးဆော်သောအရာကို ကျွန်တော်တို့ရှာဖွေကြပါမည်။ ထိုအရာကဝမ်းမြောက်ခြင်းကိုပေးပါတယ်။ ဘာဖြစ်လို့လဲဆိုရင် အဲဒါကဘုရားသခင်၏နှုတ်ကပတ်တော်ဖြစ်လို့ပါဘဲ။ ပြီးးတော့ အသစ်သောဝိုင်ရှိပါတယ်။ အဲ့လိုနှုတ်က ပတ်တော်ကို ဖွင့်ပြတဲ့အခါမှာတော့ အသစ်သောဝိုင်က နှိုးဆော်မှုကို ပြုပါတယ်။ဒီနောက်၊ အဲဒါက တစ်ခါတစ်လေ ဝမ်းမြောက် ခြင်းကို၊ အတိုင်းအတာနောက်ကို ရောက်သွားစေပါတယ်။အဲဒါနဲ့ ကျွန်တော်တို့ သွားလာမှုပြုကြပါတယ်။ ထိုသို့သောအရာက ခင်ဗျားတို့ပြည့်လျှံကျလာတဲ့အထိကို၊ အဲ့လိုမျိုးဝမ်းမြောက်ခြင်းကို ယူဆောင်ပေးတာဖြစ်ပါတယ်။

29 ၂၉။ အခုအဲဒီမှာ တစ်ယူသန်တွေအများကြီးရှိတယ်။ သူတို့ကပဲ သယ်လာာကတယ်ဆိုတာကိုကျွန်တော်သိပါတယ်။ တစ်ခါတစ်လေ သူတို့ဟာ သီချင်းနဲ့ခုန်လိုက်ပေါက်လိုက်အမျိုးမျိုးဖြစ်နေကြတဲ့အခါ ဒီလိုမျိုးလုပ်ကြတယ်ဆိုတာကို ကျွန်တော်သိ ပါတယ်။ပြီးတော့ အဲလိုထွက်တာကို ကျွန်တော်သိပါတယ်။ အဲဒါကိုလည်း ကျွန်တော်ယုံကြည်ပါတယ်။ဒါပေမယ့် သီချင်းဖွင့်ထား သမ္မကာလပတ်လုံး ခုန်ပေါက်နေနေကြပြီး၊သီချင်းရပ်သွားတဲ့အခါ၊ သူတို့လည်းရပ်သွားာကတာကို ကျွန်တော်မြင်ဖူးပါတယ်။ကျွန်တော်ယုံကြည်ပါတယ်။... အဲဒါကအကောင်းအတိုင်းရှိနေအုံးမှာပါ။ ကျွန်တော်နှင့် ပက်သက်နေသ၍ပါ။လူတွေမှန်မှန်ကန် ကန်အသက်ရှင်နေသမျှခင်ဗျားတို့မြင်နိုင်ပါတယ်။...ဒါပေမဲ့ အခုခင်ဗျားတို့က နှုတ်ကပတ်တော်ကိုခေါ်ဖိတ်ဖို့ရာ အစပြုကြသူများ ဖြစ်ပါတယ်။ အခုထိုသို့သောအရာက အသက်ကို အမှန်တစ်ကယ်ဆောင်ယူမှုပြုသောအရာ ဖြစ်ပါသည်။ ထိုအရာကအသစ်သောဝိုင်၏

ဝမ်းမြောက်ခြင်းနိူးဆော်မှုကို ခေါ်ဆောင်လာပေးပါသည်။ထိုသို့သောအရာက ပန်တီကော်စတယ်အပေါ်၌ သက်ရောက်မှုရှိခဲ့ပါသည်။ နှုတ်ကပတ်တော်ကအပြစ်မရှိကြောင်း၊ သက်သေပြခဲ့တဲ့ အချိန်တုန်းက ဖြစ်ပါသည်။

30 ၃၀။ အခု ကြည့်ပါ။ ယေရှုက သူတို့ကို (လုကာ ၂၄: ၄၉) မှာ 'ငါ့ခမည်းတော်၏ ဂတိရှိသည်အတိုင်း သင်တို့၌ ငါပြုဦးမည်။သို့ဖြစ်၍ သင်တို့သည် ကောင်းကင်ကတန်ခိုးကို မခံမှီတိုင်အောင် ယေရုရှလင်မြို့၌နေကြဦးလော့ဟု မိန့်တော်မူ၏။' ဟု မိန့် တော်မူခဲ့ပါသည်။ ခမည်းတော်၏ဂတိက ဘယ်လိုပြုခဲ့တာပါလဲ?ယောလ ၈:၂၈ မှာရှိပါတယ်။ ဘာကြောင့်လဲဆိုတာကို ကျွန် တော်တို့က ကိုယ်တော်ရှင်ဝိညာဉ်တော်သွန်းလောင်းမှုပြုခဲ့တဲ့အရာကို ရှာဖွေဖေါ်ထုတ်ကြပါမည်။ ဟေရှာယ ၂၈:၂၉ မှာရှိတယ်။အဲ့မှာ ဆွံ့အတဲ့ပါးစပ်တွေက ဘယ်လိုဖြစ်ပါသလဲ?အခြားသောဘာသာစကားကိုပြောပြီး၊ ဒီလိုအရာအားလုံးကို လုပ်ဆောင် မှုပြုမှာဖြစ်ပါတယ်။ သူတိုပ အဲဒီကိုတက်သွားပြီး၊ ...ကျွန်တော်တို့အဲ့ဒီလိုတောက်လျှောက် ဖြတ်သန်းခဲ့ကြသလိုမျိုးပါပဲ။

တစ်ယောက်က 'ကျွန်တော်တို့အတော်ကြာကြာစောင့်ရမယ်လို့ ကျွန်တော်ယုံကြည်တယ်။ အခုပဲ ယုံကြည်ခြင်းဖြင့် အဲဒါကိုလက်ခံကြပါစို့။' ဟုပြောပါမည်။ အဲဒါက ကောင်းမွန်တဲ့ နှစ်ခြင်းတို့၏အယူဝါဒဖြစ်ခဲ့ပါသည်။ ဒါပေမဲ့ အဲဒါကအဲဒီလိုအဆိုတွေနဲ့ အလုပ်မလုပ်ခဲ့ပါဘူး။ ဒါကြောင့် ဒီနောက် ပထမတစ်ခုကိုခင်ဗျားတို့သိပါတယ်။...အဲဒါကတစ်ကယ့်အစစ်အမှန်ဖြစ်လာရမည့် ကိစ္စတစ်ခုဖြစ်ပါတယ်။ ပြီးတော့ သူတို့ဟာသူတို့ရဲ့သာသနာလုပ်ငန်းအပေါ်မှာ ဘုရားသခင်က အပြစ်မရှိဘူးလို့ သက်သေထူ ချိန်အထိစောင့်ဆိုင်းနေခဲ့ကြပါတယ်။

ပြီးတော့ခင်ဗျားတို့ သန့်ရှင်းသောဝိညာဉ်တော်ကိုရှာဖို့ ရောက်လာကြတဲ့အချိန် အဲဒီအတိုင်းခင်ဗျားတို့လုပ်ဆောင်မှုပြု ကြပါတယ်။ ခင်ဗျားတို့က အဲဒါကို ယုံကြည်ခြင်းဖြင့်လက်မခံနိုင်ကြပါဘူး။ ယုံကြည်ခြင်းဖြင့် ခရစ်တော်ကို ခင်ဗျားတို့လက်ခံစရာအကြောင်းရှိပါတယ်။ အဲဒါက အတိအကျအမှန်အကန်ပါပဲ။ ပြီးရင် ခင်ဗျားတို့ကယုံကြည်ခြင်းဖြင့် သန့်ရှင်းသောဝိညာဉ်တော်ကို လက်ခံရပါမယ်။ ဒါပေမယ့် ဒီနောက်သန့်ရှင်းသောဝိညာဉ်တော်ကို လာခွင့်ပေးရပါမည်။ ကိုယ်တော်က ခင်ဗျားရဲ့ယုံကြည်ခြင်းကြောင့် လက်ခံတော်မူပြီဆိုတဲ့ အရေဖျားလှီးခြင်းကို သက်သေတစ်ခုအဖြစ်ပေးဆပ်ကြရပါမည်။

31 ၃၁။ အာဗြဟံကဘုရားသခင်ကို ယုံကြည်တယ်။ ပြီးတော့ အဲဒါကြောင့်ပဲ သူ၌ဖြောင့်မတ်ခြင်းအကြောင်းအရာနှင့်ဆက်နွယ်မှု ရှိခဲ့ပါသည်။ ဒါပေမယ့် ဘုရားသခင်က သူ့ကို အတည်ပြုချက်အနေဖြင့်သူ၏ယုံကြည်ခြင်းကို လက်ခံသည်ဆိုသော အရေဖျားလှီး ခြင်းအမှတ်အသားကိုပေးသနားတော်မူခဲ့ပါသည်။ ဒါကြောင့် အဲဒီလိုတူညီသော အကြောင်းအရာကို ကျွန်တော်တို့လုပ်ဆောင်မှု ပြုကိုပြုရပါမည်။ ထိုအမှုကတစ်စုံတစ်ခု အမှုပြုလာချိန်အထိ ကျွန်တော်တို့သန့်ရှင်းသောဝိညာဉ်တော်ကိုစောင့်ကိုစောင့်ဆိုင်းနေ ကြရပါမည်။ ကျွန်တော်တို့အခြားသောဘာသာစကားပြောခြင်းကြောင့် မလွဲမသွေဖြစ်လာတာဆိုတာ မဟုတ်ပါဘူး။ကျွန်တော်တို့ ကခုန်လို့ဖြစ်လာတာမဟုတ်ပါဘူး။ ဒါမှမဟုတ်ကျွန်တော်တို့ရဲ့ခံစားချက်ကြောင့်ထအော်လို့လဲမဟုတ်ပါဘူး။ ကျွန်တော်တို့ပြောင်း လဲသွားတဲ့အချိန်ရောက်တဲ့အထိနေရပါမည်။ တစ်ခုခု အမှန်တကယ်ဖြစ်လာတဲ့အထိ နေရပါမည်။ ကျွန်တော်တို့က ရောက်လာတဲ့ပုံသဏ္ဍာန်ကို အာရုံစိုက်စရာအကြောင်းမရှိပါဘူး။ အခု ထိုသို့သောအရာကြောင့်ဖြစ်ခဲ့တာပါ။အဲဒါက အဓိကကျတဲ့အရာဆိုတာကို ကြည့်ပါ။

32 ၃၂။ ကျွန်တော်အခြားသောဘာသာစကားပြောခြင်းနှင့် ဤသို့သောအရာအကုန်လုံးကို ယုံကြည်ပါတယ်။ အဲဒါတွေကအား လုံးအမှန်တွေပါ။ ဒါပေမယ့် အဲဒါက သူကိုယ်၌က အလုပ်လုပ်တာမဟုတ်ပါဘူး။ အဲဒါကအလုပ်မလုပ်ဘူးဆိုတာ ခင်ဗျားတို့သိပါ တယ်။ ဒါကြောင့် အဲဒါကအဲဒီလိုမျိုးလည်းဖြစ်မှာမဟုတ်ပါဘူး။ စုန်းကဝေတွေစကားပြောတာ ကျွန်တော်မြင်ဖူးပါတယ်။နတ်ဆရာတွေ ဝိညာဉ်ပူးပြီး အခြားသောစကားပြောတာ၊ ကတာကို ကျွန်တော်မြင်ဖူးခဲ့ပါတယ်။သေချာပါတယ်။ ခဲတံတစ်ချောင်း ပြီးတော့ ကိုယ်မသိတဲ့ ဘာသာစကားကိုရေးပြီးအခြားတစ်ယောက်က အနက်ပြန်ဆိုမှုပြုတယ်ဆိုတာ ရှိပါတယ်။ (အဲဒါက အမှန်ပါ။) အမှန်ကိုပြောတာပါ။ အဲဒါက အမှန်ပါ။ ဘာတွေဖြစ်ခဲ့တယ်ဆိုတာကို ချက်ချင်းအတိအကျရေးပြတာပါ။အဲဒီအတိုင်းပဲ အတိအကျဖြစ်ခဲ့ ကြပါတယ်။

... သူတို့ရဲ့ခေါင်းပေါ်ကို မြေမှုန့်တွေပက်တင်တဲ့သူတွေသူတို့ကိုယ်သူတို့ ဓားနဲ့လှီးကြတဲ့လူတွေ တောဆိတ်တွေရဲ့အသွေး ကိုလူးထားပြီးတစ်ခုခုနဲ့သုတ်ထားတဲ့ သူတွေကိုလည်း မြင်ဖူးခဲ့ကြပါတယ်... သေချာတာက နတ်ဆိုး၌ ခေါ်ဆိုမှုပြုကြခြင်းပင်ဖြစ်ပါ တယ်! ဒါကြောင့် ခင်ဗျားတို့ ကြည့်ပါ။ အဲ့လိုမဟုတ်ပါဘူး။ အခြားသောဘာသာစကားပြောခြင်းကအဲ့ဒီလိုဖြစ်စေတာမျိုးမဟုတ်ပါ ဘူး။

'ငါသည်လူသားတို့နှင့် ကောင်းကင်တမန်တို့၏စကားကို ပြောသော်လည်း မေတ္တာမပါလျှင်ငါ၌အဘယ်အကျိုးမှမရှိ' ဟုဆိုထားပါသည်။ ဒါပေမယ့် ကျွန်တော်တို့ အဲဒါကိုလုပ်နိုင်တယ်ဆိုတာကို မြင်ကြပါ။ဒါကြောင့် အဲဒီအကြောင်းအရာတွေက ခင်ဗျား တို့ သန့်ရှင်းသောဝိညာဉ်တော်ကိုပိုင်ဆိုင်ရသည်ဟု ဆိုလိုခြင်းမဟုတ်ပါ။ ဒါပေမယ့် ကိုယ်တော် လူတစ်ယောက်ခရစ်တော်၏သေခြင်းကအစိုးမရသောဝိညာဉ်တော်က ခင်ဗျားတို့ရဲ့ကယ်တင်ပိုင်ရှင်ဖြစ်လာတဲ့အချိန်မှာတော့ခင်ဗျားကိုပြောင်းလဲသွားစေပါသည်။ တည့်တည့်မတ်မတ် ခင်ဗျားတို့ရဲ့အကြည့်တွေကို ကာရာနီကုန်းတော်သို့သာရောက်စေပါသည်။ ဒီနှုတ်ကပတ်တော်ထဲကို ရောက် စေပါသည်။ တစ်ခုခုဖြစ်ပျက်လာစရာအကြောင်းရှိပါသည်။ ဟုတ်ပါတယ် ဆရာ။ တစ်ခုခုဖြစ်လာမှာပါ။ အဲဒီအကြောင်းဘယ်သူ့မှ ခင်ဗျားကို ပြောမှာမဟုတ်ဘူး။ အဲဒါဖြစ်တဲ့အခါ အဲဒါကို ခင်ဗျားတို့သိလာကြပါမည်။

33 ၃၃။ အသစ်သောပိုင်ဖြစ်လာတဲ့အချိန်အဲဒါက ဗျာဒိတ်တော်ကို သယ်ဆောင်လာပါသည်။ ဒီနောက် အဲဒါက ရှင်းလင်းဖွင့်ဆိုပြခဲ့ပါသည်။ အဲဒီအတိုင်း ပန်တီကော်စတယ်တွေများ ဖြစ်ခဲ့ကြတာပါ။ သူတ့ိုအပေါ်ကိုဝိညာဉ်တော်သွန်းလောင်းသည်ဟု ယူဆလို့ရ တယ်ဆိုတာကိုသူတို့သိခဲ့ကြပါတယ်။အဲဒီလိုဖြစ်ချိန်အထိ သူတို့စောင့်ဆိုင်းခဲ့ကြပါတယ်။ ဗျာဒိတ်တော်ကဟုတ်မှန်ကြောင်းသက် သေထူတဲ့အချိန်မှာတော့ အဲဒီနောက်မှာတော့ သူတို့အပေါ်သို့နိုးဆော်မှုကသက်ရောက်ခြင်းရှိပါတယ်။ သူတို့အသေအချာလုပ်

ဆောင်မှုပြုခဲ့ကြပါတယ်။ သူတို့လည်းအငွေ့တွေထွက်လာကြပါတယ်။

လမ်းတွေပေါ်ကိုထွက်လာကြပါတယ်။ အဲဒီမှာ ကြောက်တဲ့လူတွေက တံခါးကို ပိတ်ထားကြပါတယ်။ သူတို့ကတော့လမ်း တွေပေါ်ကို ထွက်ခွာမှုပြုကြပါသည်__ အဲ့လိုကြောက်လန့်နေတဲ့လူတွေရှိတဲ့နေရာက__ သူတို့ကိုဧဝံဂလိတရား ဟောပြောမှုပြု ကြပါတယ်။ အဲဒါက အမှန်ပါ။ တစ်ခုခုဖြစ်ခဲ့ပါတယ်။ဘာဖြစ်လို့လဲဆိုရင် စစ်မှန်သည့် ကတိတော်နှင့်သက် ဆိုင်သော နှုတ်ကပတ်တော်ကဟုတ်မှန်ကြောင်းကို သက်သေထူလို့ဖြစ်ပါသည်။

အခုဒီနေရာမှာခဏလောက်ရပ်ထားကြပါစို့။

34 ၃၄။ အခုထိုအမှုက အဲ့လိုအပြုသဘောဆောင်တဲ့လူတွေဆီ ရောက်လာပြီး သူတို့ကိုအသွေးနဲ့သူတို့ရဲ့သက်သေခံချက်ကို တံ ဆိပ်ခတ်နှိပ်မှုပြုတဲ့ လူတစ်ဦးတစ်ယောက်ချင်းစီနဲ့နီးကပ်စေမယ်ဆိုရင်... ရောက်လာတာက ကိစ္စမရှိတော့ပါဘူး။သူတို့အသက် ရှင်နေသ၍ အဲဒီလို သူတို့ဖြစ်စရာအကြောင်းကို မရှိတော့ပါဘူး။ထိုသို့သောအမှုက အဲဒီမှာ တည်နေပါတယ်။ ဘာဖြစ်လို့လဲဆိုရင် အဲဒါကစစ်မှန်သောကတိတော်ဖြစ်၍ဟုတ်မှန်ကြောင်းကို သက်သေထူပေးတဲ့အရာဖြစ်လို့ပါပဲ။ဗျာဒိတ်တော်က ဟုတ်မှန်ကြောင်း ကို သက်သပြလာပါမည်။ သူတို့ဟာ အသေခံပြီးတော့သူတို့ပိုင်တဲ့အသွေးနဲ့ တံဆိပ်ခတ်ခဲ့ကြတာဖြစ်ပါတယ်။

အခုနောက်ဆုံးသောနေ့ရက်ကာလ၌ရှိသည့်ကတိတော်ကိုကြည့်ပါ။ ဒီနေရာမှာ ကျွန်တော်တို့မြင်တွေ့ရတဲ့အရာကကျွန်တော်တို့မြင်တွေ့ရတဲ့အရာက ကျွန်တော်တို့ရှေ့မှာ ဟုတ်မှန်ကြောင်းကိုအမှန်တကယ်သက်သေထူခဲ့ပါတယ်။ သန့်ရှင်းသောဝိ ညာဉ်တော်၏ ကြွလာတော်မူအပါအဝင်အမှုပြုတော်မူချက်တို့ကို လုပ်ဆောင်စရာအကြောင်းရှိသည်ဟု ကိုယ်တော်ကတွေးထား ပြီးသားဖြစ်ပါသည်။ ကျွနု်ပ်တို့က ထိုအရာကို ကျွန်တော်တို့အကြားတွင်အမှန်တကယ်ရှာဖွေမှုပြုကြရပါမည်။ အိုကျွန်တော်တို့ ဖြစ် သင့်တာပါ... အို ကျွန်တော် အမြဲတော့ ကျွန်တော်တို့ကဘယ်လိုလုပ်နိုင်မှာလဲ...! တစ်ခုခုဖြစ်တာကိုကျွန်တော်ကခင်ဗျားတို့ကို ပြောပါမည်မိတ်ဆွေ။ စစ်တယ်၊ မှန်တယ်၊ ရိုးသားတယ် ကြိုတင်ခွဲခန့်မှတ်သားခြင်းကိုခံရတဲ့ယုံကြည်သူဖြစ်တဲ့အခါမှာ... အလင်း က ထိုမျိုးစေ့အပေါ်သက်ရောက်မှုရှိစဉ်အခါမှာ တစ်စုံတစ်ခုသောအရာက အသစ်သောအသက်တာတစ်ခုကို ဆက်လက်၍ထွက်ပေါ်လာစေပါမည်။

35 ၃၅။ အဲ့မှာရေတွင်းနားက အမျိုးသမီးလေးရှိပါတယ်။ အဲဒီအချိန် အဲဒီဟုအတတ်ယဇ်ပရောဟိတ်တွေက ‘ဟုတ်တယ်။ အဲဒါက နတ်ဆိုးပဲ။ သူဟာဗေဒင်ဟောစာသူတစ်ယောက်ပါ။ သူက အဲဒီလူတွေကို သူတို့ရဲ့ကံကြမ္မာအကြောင်းကိုပြောတယ်လေ။ သူက နတ်ဆိုးတစ်ကောင်ပဲ။’ လို့ပြောကြပါတယ်။ ဒါပေမယ့် ထိုအမျိုးသမီးလေးနှင့် ကြိုတင်ခန့်မှန်းထားခြင်းကိုခံရသောမျိုးစေ့က အတူ ရှိတဲ့အခါမှာတော့...

အခုအဲဒါကမမှန်ဘူးလို့ ခင်ဗျားကထင်ပါမည်။ ဒါပေမယ့် ယေရှုက ‘င့ါခမည်းတော်၏အလိုကို ဆောင်သောသူမှအပ အဘယ်သူမှမရောက်ရာ ခမည်းတော်သည် ခပ်သိမ်းသောအရာကို ငါ့အားပေးသနားတော်မူ၍ပြည့်စုံစေတော်မူမည်’ ဟုမိန့်တော်မူ ခဲ့ပါတယ်။ နောက်ဆုံးသောနေ့ရက်ကာလ၌ အန္တိခရစ်ကလည်းအမှုပြုနိုင်ပါမည်... အန္တိခရစ်၏ဝိညာဉ်ဟာ ကျွန်တော်တို့လေ့လာ နေတဲ့ ဂိုဏ်းဂဏအယူအဆ၌ရှိပါတယ်။ဂိုဏ်းဂဏအယူအဆက အန္တိခရစ်ဖြစ်တယ်ဆိုတာကို သက်သေပြထားပါတယ်...

36 ၃၆။ အခုအဲဒီနောက်ကွယ်မှာ... ဘယ်သူမဆိုပါ... အဲဒီလိုမျိုး ဒီနေရာကနေ အဝေးကိုလှမ်းလျှောက်သွားလို့ရပါသလား။ အဲ့မှာ တစ်ခုခုမှားနေပါတယ်... တကယ်လို့ သူဟာ အန္တိခရစ်မဟုတ်တဲ့ ဂိုဏ်းဂဏရေးရာစနစ်ကို ယုံကြည်နေဆဲဖြစ်တဲ့လူဆိုရင်တော့။ ဘာဖြစ်လ့ိုလဲဆိုရင် အဲဒါကလုံးဝသမိုင်းကြောင်းကနေ သက်သေပြရတာဖြစ်လို့ပါ။အဲဒီမှာရှိတဲ့အရာရာကနေ သက်သေပြရလို့ဖြစ် ပါတယ်။ ဖြောင့်ဖြောင့်မတ်မတ်ဘုရားသခင်၏နှုတ်ကပတ်တော်နှင့် လျှောက်လှမ်းရလို့ဖြစ်ပါတယ်။အရာရာတိုင်းဟာ အဲဒီအန္တိခ ရစ်ဖြစ်နေကြပြီး ရောမမြို့ဟာထိုအရာ၏ဦးခေါင်းဖြစ်နေပါတယ်။ ပြီးရင် အမီးတွေဖြစ်တဲ့အသင်းတော်က တောက်လျှောက်အမှန် တကယ် လိုက်ပါမှုပြုကြပါတယ်။သူတို့နှစ်ဦးစလုံးက ငရဲထဲသို့ မောင်းထုတ်ခံရစရာအကြောင်းရှိပါတယ်။ အဲဒါက အမှန်ပါပဲ။

ဒါကြောင့် ဒီအရာကိုကျွန်တော်တို့ကြည့်ပါမည်__ အန္တိခရစ်ကိုပါ။ထိုသို့သောအရာ၏ဝိညာဉ်ဖြစ်ပါတယ်။ ပြီးတော့ ကျွန် တော်တို့ အသက်ရှင်နေရမည့်နေ့ရက်ကာလမှာဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုရင်ထိုသို့သောအရာကပြောပြလို့မရတဲ့ ဝမ်းမြောက် ခြင်းနှင့်ပြီးပြည့်စုံသောဘုန်းတန်ခိုးကို ဆောင်ယူလာပေးသင့်တဲ့အရာဖြစ်လို့ပါ။ အမျိုးသမီးလေးကိုမကြာခင်မှာပဲသက်ရောက်ခြင်းရှိခဲ့ပါတယ်။ ထက်ပြီး မျိုးစေ့ကထွက်ပေါ်လာပါသည်...

37 ၃၇။ အခုသမ္မာကျမ်းစာက ပြောထားတဲ့ လှည့်စားမည်လို့ ပြောထားတာကို အမှတ်ရကြပါ။လောကအုတ်မြစ်မတည်မီကပင် သိုးသူငယ်၏အသက်စာစောင်၌ စာရင်းဝင်သော အမည်နာမအရေအတွက်အနည်းငယ်သာရှိပါသည်။ သမ္မာတရားကို ဖွင့်ပြတဲ့ဘု ရားနှုတ်ကပတ်တော်ရဲ့ဟုတ်မှန်ကြောင်း သက်သေထူခြင်းက အဲဒီလိုနှလုံးသားကို သွားထိလိုက်တဲ့အခါမှာလူဟာရေကိုလည်း သက်ရောက်စေပါတယ်။ သန့်ရှင်းသောဝိညာဉ်တော်နှင့်အတူဟိုးကိုလည်းထွက်သွားပါမည်။ ချက်ချင်းခက်သလောက်ကို သူဟာ လုပ်နိုင်တာဖြစ်ပါတယ်။ထိုသို့ လုပ်ဆောင်မှုပြုရာကနေ သူဟာရပ်လို့မရဖြစ်နေပါမည်။ ဘာဖြစ်လို့လဲဆိုရင်ဆက်လက်၍ အသစ် သောအသက်တာကပေါက်လာစရာအကြောင်းရှိနေလို့ ဖြစ်ပါတယ်။

38 ၃၈။ မကြာသေးခင်ကလူတစ်ယောက်ကို ကျွန်တော်ပြောခဲ့ဖူးပါတယ်။ သူဟာကျွန်တော်နှင့်ကြိုးစားပန်းစားဆွေးနွေးခဲ့တာပါ။ ‘ကောင်းကင်နှင့်မြေကြီးကို ဘုရားသခင်က သုံးရက် ဒါမှမဟုတ်ခြောက်ရက်ထဲနှင့် ဖန်ဆင်းတယ်လို့ ပြောဖို့ကို ဆရာကမရှက်ဘူး နော်?’ ဟုပြောပါတယ်။

ကျွန်တော်က ‘အဲဒါက သမ္မာကျမ်းစာက ပြောထားတာပဲလေ’ ဟုပြောခဲ့ပါတယ်။

‘ဟုတ်ပြီ။ကျွန်တော်တို့မှာက သက်သေရှိတယ်လေ။ ကမ္ဘာကြီးက နှစ်ခန်းချီပြီးရှိတယ်ဆိုတာကိုသက်သေပြနိုင်တယ် လေ။’ ဟုပြောပါတယ်။

ကျွန်တော်က ‘အဲဒါနဲ့ဘာမှလုပ်စရာအကြောင်းကိုမရှိတာ၊ကမ္ဘာဦးကျမ်း ၁:၁ မှာ ကိုယ်တော်က ’အစအဦး၌ဘုရားသခင် သည် ကောင်းကင်နှင့်မြေကြီးကို ဖန်ဆင်းတော်မူတယ်။‘ လို့ ပြောထားပြီးသား။ အချိန်ကာလက၊ အဲဒါကအကုန်လုံးပါပဲ။ အခုကမ္ဘာကြီးဟာ ဘာပုံမှမဟုတ်၊ ဗလာနတ္ထိသက်သက်သာဖြစ်ခဲ့တာ။’ လို့ပြောခဲ့ပါတယ်။ ကျွန်တော်က ‘သစ်စေ့လေးတွေ အဲဒီ ကိုကျမယ်။ အခြားသောယဉ်ကျေးမှုတစ်ခု ဒါမဟုတ် အခြားသောအရာတစ်ခုကနေ ရောက်ပါမည်။ မကြာခင်မှာဘဲရေတွေ တက်လာပြီး၊ အလင်းကထိုအရာတွေကို ထိေတွေ့မှုပြုပါမည်။ အပင်ကြီးများနှင့်အဲဒီလိုမျိုးတွေ ပေါက်လာကြပါမည်။’ ဟု ပြောခဲ့ ပါသည်။

လူသားမျိုးနွယ်စုကလည်းထိုနည်းငှင်းပါပဲ။ အဲဒါက ပုံစံတစ်ခုဖြစ်ပါတယ်။ မြူတွေအားလုံး ဝေးလွင့်သွားတဲ့အခါစစ်မှန် သောမျိုးစေ့က အဲဒီကိုကျပြီးအညှောင့်ထွက်လာတယ်ဆိုတဲ့အမှန်တရားကို ဖွင့်လှစ်ပြခဲ့ပြီးဖြစ်ပါတယ်။ ဧဝံဂေလိအလင်းတရားက နှုတ်ကပတ်တော်၏ စစ်မှန်သောသက်သေထူခြင်းဖြင့် ထိုအရာကိုသက်ရောက်မှုရှိစေနိုင်ပါသည်။ အဒါက အသက်ရှင် လာပါမည်။ အဲဒီထဲမှာ အသက်ရှိပါတယ်။ အဲဒီအပြင်ဘက်ကဟာက အသက်မရှင်စေနိုင်ပါ။ အဲဒီထဲမှာ အသက်မရှိခြင်းကိုသာပိုင်ထားကြတာဖြစ်ပါတယ်။

39 ၃၉။ လောကအုတ်မြစ်မချမှီကပင်သူတို့၏အမည်နာမတို့သည် သိုးသူငယ်၏အသက်စာစောင်၌ စာရင်းဝင်ခဲ့ပြီးဖြစ်ပါတယ်။ ဘယ်အရာမဆို သေချာမှုရှိနေသ၍ ထပ်၍ထပ်၍ ရောက်လာဦးမှာဘဲ ဖြစ်ပါတယ်။အဲဒါဘာကြောင့်လဲဆိုရင် ယေရှုက အဲမှာအ မှန်တစ်ကယ်ထိုင်ပြီးနောက်ဆုံးမျိုးစေ့ကိုရောက်တဲ့အထိ ကြားကနေ သူ့ရဲ့ကိုယ်စားတာဝန်ယူရသောအမှုကိုဆောင်ရွက်လျှက် စောင့်ဆိုင်းပေးနေခြင်းကြောင့်ဖြစ်ပါတယ်။ အဲဒါကသက်ရောက်မှုရှိစဉ်အခါ သူဟာ အတိအကျကို သိလာမှာဖြစ်ပါတယ်။

ဒေါက်တာလီဗေရီလိုပါပဲ၊....သူ အစည်းဝေးက တစ်နေရာရာမှာရှိမယ်လို့ကျွန်တော်ထင်ပါတယ်။ ကျွန်တော် သူ့ကို မမြင် ခဲ့ရတဲ့ရက်တွေရှိနေပါတယ်။ကျွန်တော်သူ့ကို တွေ့ပြီးပြီဆိုတာကို မယုံနိုင်ပါဘူး။ သူဒီမှာရှိပါတယ်။ ဟုတ်ပါပြီ။တစ်နေ့က သူ ကျွန်တော့်ကို ဒီအိုင်းရီးနီးယပ်စ် ပြောခဲ့တဲ့ ၊ချော်နေတဲ့ကိစ္စကိုပို့ပေးခဲ့ပါတယ်။ (ခေတ်ကာလ၏သတင်းစကား ပို့ဆောင်သူအဖို့ကျွန်တော် အိုင်ရီးနီးယပ်စ်ကို ခပ်ရှည်လေးလမ်းကြောင်းကောက်ခဲ့ဖူးပါတယ်။) သူက ‘နောက်ဆုံး ကိုယ်ခန္ဓာ၏အသင်းဝင်သူကဒီနောက်ဆုံးသောကာလသို့ ရောက်လာတဲ့အချိန်၊ ထိုနောက်ဆုံးသော အချိန်နာရီတွင်အကြောင်းအရာက ရှင်းလင်းဖွင့်ဆိုပြ မှုကို ပြုမည်။’ ဟု ပြောထားပါတယ်။ ပြီးတော့ ဒီနေရာက၊ အဲ့ဒါက၊ အခု အတိအကျအမှန်အကန်ပဲဆိုတာကို မြင်ရပါသည်။ နေ့ရက်ကာလတို့၌ ကျွန်တော်တို့က နေနေရတာပါ။

40 ၄၀။ ဟုတ်ပါပြီ။ဝမ်းမြောက်ခြင်း၏နေ့ကွယ်၌ ပန်တီကော်စတယ်ရှိပါတယ်။ သူတို့ဟာတစ်ကယ်ကိုနှိုးဆော်မှုပြုခဲ့ကြတာပါ။ အဲဒါက ဘယ်သူကိုမဆို အမှုပြုသည်ဟုကျွန်တော်ထင်ပါသည်။ အခု ခဏလောက်အချိန်ယူကြပါစို့။ သူလည်းဘဲ အလုံးစုံနှိုးဆော်ခြင်းကိုခံရသူဖြစ်ပါတယ်။ သူက ‘ငါ၏ခွက်သည်လျှံလျှက်ရှိသည်’ ဟုဆိုပါတယ်။ ကျွန်တော်ဆိုလိုတာက သူ့ရဲ့အသက်တာမှာ သူဟာ တစ်ကယ်ကိုကြီးမြတ်တဲ့အဖြစ်အပျက်တစ်ခု ရှိခဲ့မယ်ဆိုတာဘာပဲ။ အဲဒီလိုလုပ်ဖို့ သူ့ကိုဘာကဖြစ်စေခဲ့ပါသလဲ? သူက ဝိညာဉ်တော်၌ရှိစဉ်အခါ သူဟာပရောဖက်တစ်ဦးဖြစ်တဲ့အတွက်...ကျွန်တော်တို့သူ့ကိုသိခဲ့ကြပါတယ်။ ထို့ကြောင့် သမ္မာကျမ်းစာ က မိန့်တော်မူခဲ့ပါတယ်။ ပရောဖက်ဖြစ်တယ်။ဒါဝိတ်ကဆိုပြီးတော့ပါ။ အခု သူဟာ ပရောဖက်တစ်ယောက်ဖြစ်တဲ့အတွက် သူဟာ ကိုယ်တော်၌တည်နေပါတယ်။ သူဟာရှင်ပြန်ထမြောက်ခြင်းကို မြင်တွေ့ခဲ့ရပါမည်။ တစ်ကယ်လို့အဲဒီအကြောင်း ခင်ဗျားဖတ် ချင်တယ်ဆိုရင် (ဆာလံ ၁၆:၈ ကနေ ၁၁) အထိမှာရှိပါတယ်။ သူက ‘င့ါဝိညာဉ်လည်း ရွှင်လန်းခြင်းရှိ၏။ထိုမှတပါး ငါအသားသည် မျှော်လင့်လျှက် ကျိန်းဝပ်လိမ့်မည်။ အကြောင်းမူကားကိုယ်တော်သည် အကျွန်ုပ်၏ဝိညာဉ်ကို မရဏာနိုင်ငံ၌ ပစ်ထားတော်မမူ။ ကိုယ်တော်၏သန့်ရှင်းသောသူအားလည်း ပုပ်စပ်ခြင်းကိုရှိစေတော်မမူဘဲလျှက်’ ဟုပြောတော့ပါသည်။

ကျွန်တော်ခင်ဗျားကိုပြောပါမည်။သူ့ခွက်က လျှံကျလျက်ရှိပါတယ်။ ဘာဖြစ်လို့လဲဆိုရင် သူဟာ အဲဒီလိုအကြောင်းမဟုတ် တာကိုမြင်ခဲ့ရလို့ ဖြစ်ပါတယ်... အို သူရှင်ပြန်ထမြောက်ခြင်းကို သူတွေ့ခဲ့ရပါမည်။သူဟာ တကယ်ကို ဖြစ်ခဲ့ပါမည်... သူ့ခွက်က လျှံလျက်ရှိပါသည်။

41 ၄၁။ တစ်ဖန်ဒါဝဒ်ရဲ့အခြားသောခွက်ဖလားဟာ ဓမ္မရာဇဝင်ဒုတိယစာစောင်မှာ ကျန်လျက်ရှိပါသည်။ အဲဒါတွေကခင်ဗျားတို့ ခဲတံနဲ့ မှတ်ထားရမယ့်အရာတွေပါ။ ဓမ္မရာဇဝင်ဒုတိယစာစောင် ၆း၁၄ ပါ။အဲ့လိုခြောက်သွေ့တဲ့ ရာသီတစ်ခုရှိခဲ့ပါသည်။ သူတို့ဟာပဋိညာဉ်သေတ္တာယူဆောင်လာခဲ့ကြပါသည်။ ရန်သူဟာအထဲသို့ဝင်လာပြီးဘုရားသခင်၏ပဋိညာဉ်သေတ္တာကို သိမ်းပိုက်ခဲ့ကြတာ ဖြစ်ပါတယ်။ သူတို့ဟာအဲ့လိုဆွဲချလာပြီးတော့ ဒဂုံနတ်ဘုရားရဲ့ရှေ့မှာ ချထားကြပါတယ်။ ဒဂုံနတ်ဘုရားကသူတို့ရှေ့မှာပေါ်လာ ပါတယ်။ အဲ့လို အခြားမြို့တစ်မြို့ဆီသို့ ယူသွားတော့ကပ်ရောဂါတို့ဖြစ်ပွားခြင်းရှိပါသည်။ သူတို့ဖြစ်ခဲ့ဖူးသမျှ အဲဒီလိုသူတို့လက်ထဲကျရောက်ခဲ့ဖူးသမျှ အပြင်းထန်ဆုံးအအကြောင်းကိစ္စဖြစ်ခဲ့တာပါ။ ထိုသို့သောအရာမှသူတို့သည် လွတ်မြောက်ခြင်းမရနိုင်ဖြစ်ခဲ့ ကြပါမည်။ ဘာဖြစ်လို့လဲဆိုရင် ထိုအရာကိုနေရာမှရွှေ့သောကြောင့်ဖြစ်ပါတယ်။

အခုသူတို့ဟာ နွားလှည်းပေါ်တင်ပြီး ပြန်လာဖို့စလိုက်တာနဲ့... ပဋိညာဉ်သေတ္တာရောက်လာတာကို ဒါဝင်မြင်တော့ သူဘာ လုပ်လဲဆိုတာခင်ဗျားတို့သိပါသလား? နှုတ်ကပတ်တော်ဟာဣသရေလတို့ထံ တစ်ဖန်ပြန်ရောက်မယ်လို့ ဖွင့်ပြလိုက်တဲ့အခါ နှိုးဆော်ခြင်းနှင့်အတူသူ၏ခွက်ဖလားသည် လျှံလျက်စီးကျလျက်ရှိခဲ့ပါတယ်။ တစ်ပတ်ပြီးတစ်ပတ် တစ်ပတ်ပြီးတစ်ပတ်ပတ် ပတ် ဖတ်ပြီး အဲ့ဒီလိုမျိုးဝိညာဉ်တော်နှင့် သူဟာကခုန်မှုပြုခဲ့တာပါ။ ဟုတ်ပါပြီ။သူ့ခွက်ဟာ ပြည့်လျှံကျလျက်ကိုရှိတာပါ။ ကြည့်ပါ။ ဘာ ဖြစ်လို့ပါလဲ? နှုတ်ကပတ်တော်ပြန်လာတာကိုသူမြင်တွေ့ရလို့ဖြစ်ပါတယ်။

ကျွန်တော်ထင်ပါတယ်။ထိုသို့သောအရာက ဒီလိုနှစ်ကာလတွေ လွန်လေပြီးနောက် သူတို့မြင်တွေ့ကြရတဲ့အခါ နည်းနည်းပါးပါးနှိုးဆော်ခြင်းကို ခံရတဲ့ဘယ်သူ့ကိုမဆို အမှုပြုမှုမယ်ဆိုတာပါပဲ။ ဒီနောက်ကတိတော်ကြောင့်ဖြစ်သော စစ်မှန်သည့်နှုတ်ကပတ်တော်က အမှုပြုတော်မူပါမည်။ဆက်သယ်လာပြီး ဟုတ်မှန်ကြောင်းကို သက်သေထူခဲ့ပြီးဖြစ်ပါတယ်။ အချိန်တစ်ခုပေါ့။ အချိန်တစ်ခုပဲဖြစ်ပါတယ်!

42 ၄၂။ အခုဖတ်ကြပါစို့။ပြောသမျှအားလုံးကျွန်တော့်မှာရှိပါတယ်။ ဒါကိုတော့ကျွန်တော်ရမှာမဟုတ်ပါဘူး။ကျွန်တော်က ဒီနေရာ က ခင်ဗျားတို့အားလုံးနှင့် ဆယ်နာရီ- မိနစ်သုံးဆယ်အထိ ရှိမှာပါ။ဒီနေ့ည ကျွန်တော်က ခင်ဗျားတို့ကို စောစောထုတ်ခွင့်ပေးမှာပါ။ ဒါကြောင့်ဒီနေ့ညကျွန်တော်ဟာ ခင်ဗျားတို့ကို ကောင်းကောင်းနဲ့ ခပ်ကြာကြာလေးဆွဲထားရမှာပါ။မဟုတ်ပါဘူး။ ကျွန်တော် အခုစ လိုက်တာပါ။ ကြည့်ပါ။ ကျွန်တော်... ကျွန်တော်တို့အခု လိုချင်တာက...အခု ဘုရားသခင်ဦးဆောင်မှုပြုမှာ ဖြစ်သလိုပါပဲ။ အခု။

ပြီးတော့စတုတ္ထတံဆိပ်ကို သူဖွင့်လိုက်တဲ့အခါ စတုတ္ထသားရဲက ပြောသောအသံကိုကျွန်တော်ကြားရပါသည်။ လာပါ... ကြည့်ပါ။

43 ၄၃။ အခုသိုးသူငယ်ကစတုတ္ထမြောက်တံဆိပ်ကို ဖွင့်လိုက်တဲ့အခါ... အခု အဲဒီမှာ ရပ်လိုက်ကြပါစို့... စတုတ္ထမြောက်တံဆိပ်ဖြစ် ပါတယ်။ အခုအဲဒါကိုဘယ်သူကဖွင့်တာပါလဲ? သိုးသူငယ်တော်ကဖွင့်တာပါ။ ဘယ်သူနဲ့ထိုက်တန်ခဲ့တာ ရှိခဲ့ပါသလဲ? အဲဒီလိုလုပ်နိုင်မယ့်ဘယ်သူမှရှိခဲ့တာမဟုတ်ပါဘူး။မရှိခဲ့ပါဘူး။ သိုးသူငယ်တော်က စတုတ္ထမြောက်တံဆိပ်ကိုဖွင့်လိုက်တာဖြစ်တယ်။ ပြီးတော့စတုတ္ထမြောက်သားရဲထွက်လာပါတယ်။ (လင်းယုန်ကဲ့သို့ အသက်ရှင်သောသတ္တဝါဖြစ်ပါတယ်။)ယောဟန်အား 'ဤအသက်စာစောင်၌ ဖုံးကွယ်ထားတဲ့ရွေးနုတ်ခြင်းအစီအစဉ်နှင့်သက်ဆိုင်သော စတုတ္ထမြောက်လျှို့ဝှက်နက်နဲမှုကိုလာကြည့်လော့' ဟု ခေါ်ခဲ့ပါမည်။ ဘာဖြစ်လို့လဲဆိုရင် သိုးသူငယ်တော်က အဲဒါကို ဖွင့်လိုက်လို့ဖြစ်ပါသည်။တစ်နည်းအားဖြင့် အဲဒါက သူပြောခဲ့တဲ့အရာပဲ ဖြစ်ပါတယ်။ 'အဲဒီမှာ ဒီလိုစတုတ္ထမြောက်လျှို့ဝှက်နက်နဲမှုတစ်ခုရှိနေပါတယ်။ ကျွန်တော်က ခင်ဗျားတို့ကိုသင်္ကေတဖြင့် ပြခဲ့ဖူးပါ သည်။' အခု ယောဟန်က အဲဒါကို နားလည်သလား၊ နားမလည်သလားတော့ ကျွန်တော်လည်း မသိပါဘူး။ဒါပေမယ့် သူမြင်တာ ကို သူချရေးခဲ့ပါမည်။ ဒါပေမယ့် အဲဒါကလျှို့ဝှက်ချက်တစ်ခုဖြစ်ခဲ့ပါသည်။ ဒါကြောင့် သူမြင်တာကို သူရေးခဲ့တာဖြစ်ပါသည်။သိုး သူငယ်တော်က တံဆိပ်တွေကို ဖောက်လိုက်ပါတယ်။ ဘုရားသခင်က အဲဒါကိုဖွင့်ပြတော်မမူဘဲနေတော်မူပါသည်။ အဲဒါကို နောက်ဆုံးသောနေ့ရက်ကာလအတွက် ချန်ထားခြင်းဖြစ်တယ်ဆိုတာကို မြင်ကြပါ။

44 ၄၄။ အခုကျွန်တော်တို့မှာသင်္ကေတတွေရှိနေကြပါတယ်။ ကျွန်တော်တို့မှာ အဲဒီအတွက်ကိရိယာရှိပါပြီ။ တခါတလေသိပ် ကောင်းအောင်လုပ်တာကို မြင်ရပါတယ်။ဒါပေမယ့် အခုနောက်ဆုံးသောနေ့ရက်ကာလ၌ ကျွန်တော်တို့ပြန်ကြည့်လို့ရပါတယ်။အဲ့လိုဖြစ်ခဲ့တာကို ကြည့်လို့ရပါတယ်။ ပြီးတော့ အဲဒီအသင်းတော်ခေတ်ကာလ အဆုံးသတ်မှာဖြစ်စရာအကြောင်းရှိသည်ဟု ထင်ပါတယ်။ အခု ချီဆောင်ခြင်းကာလမတိုင်ခင်အချိန်ကာလမှာဖြစ်ပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ်ဘယ်သူမဆို ဒုက္ခဆင်းရဲခြင်းကာလတောက်လျှောက် ဖြတ်သန်းမည့် အသင်းတော်ထဲ ရောက်နိုင်ပါတယ်။ ကျွန်တော်တော့မသိပါဘူး။ ဒါပေမယ့်... ထိုသို့သောအရာကဒုက္ခဆင်းရဲခြင်းကာလတောက်လျှောက် ဖြတ်ကျော်ရောက်ရှိစရာအကြောင်းရှိတဲ့အတွက်ဘယ်အချိန်နာရီက အဲဒီမှာ အပြစ်နှင့်လွတ်မယ့်အချိန်နာရီဖြစ်ပါသလဲ? ကျွန်တော်ဆိုလိုတာက... အ သင်းတော်ကို ကျွန်တော်ဆိုလိုတာမဟုတ်ပါဘူး။ အသင်းတော်ထဲဒုက္ခဆင်းရဲခြင်းကာလကို ဖြတ်သန်းရမှာပါ။ ဒါပေမယ့် သတို့သ မီးအကြောင်းကိုကျွန်တော်ပြောတာပါ။ သတို့သမီးမှာ အလုံးစုံသောအရာ၌ ထိုသို့သောအရာကိုဆန့်ကျင်ဘက်ပြုမည့် အပြစ်တစ် ခုမှပါတာမဟုတ်ပါဘူး။ အဲဒါက ဆေးထုတ်ပစ်လိုက်မှာပါ။ အနံ့တောင်ကျန်မှာမဟုတ်ပါဘူး__ ဘာမှတောင်ကျန်မှာမဟုတ်ပါဘူး။ သူတို့ဟာ ဘုရားသခင်ရှေ့၌ ပြီးပြည့်စုံတဲ့သူတွေဖြစ်ကြပါတယ်။ ဒါကြောင့်ဒုက္ခဆင်းရဲခံရခြင်းက သူတို့ကိုစင်ကြယ်စေနိုင်ပါသ လား? ဒါပေမယ့်အခြားသူတွေကတော့လုပ်ဆောင်မှုပြုကြပါတယ်။ အသင်းတော်ကဒုက္ခဆင်းရဲခြင်းကာလကို ဖြတ်သန်းရပါမယ်။ဒါပေမယ့် သတို့သမီးကတော့ မပါပါဘူး။

အခုကျွန်တော်တို့ အခုအဲဒါကို အဲ့လိုအမျိုးစုံသင်္ကေတပြုကြပါတယ်... အသင်းတော်ရှိပါတယ်။ နောဧ__ ပုံစံကို အပြိုင်ဖြစ်စေခဲ့ပါတယ်__ အပြင်ထွက်ပြီးအပြစ်ထဲကို ဝင်ပါတယ်။ ကြည့်ကြပါ။ အခု သူတို့သွားလာမှုပြုခဲ့ပါတယ်။ ဒါပေမယ့်ဧနောက်က ပထမဆုံးသွားလာခဲ့သူပါ။ အဲဒါက ဒုက္ခဆင်းရဲခြင်းကာလမရောက်မီ သူတော်စင်တို့အထဲဝင်ရမည့်ပုံစံဖြစ်ပါသည်။

45 ၄၅။ အခုဒီသိုးသူငယ်တော်တံဆိပ်ဖွင့်တာကို ကျွန်တော်တို့ ရှာဖွေဖော်ထုတ်ကြပါမည်။ အခုပထမဆုံးသားရဲကို ကျွန်တော်တို့ ရှာဖွေကြပါမည်...ခင်ဗျားတို့ သတိထားမိမယ်ဆိုရင် ပထမဆုံးသားရဲကို ကျွန်တော်တို့ရှာခဲ့ကြတာပါ... ပထမဆုံးသားရဲက ခြင်္သေ့ ဖြစ်ပါတယ်။ အသက်ရှင်သောသတ္တဝါတစ်ကောင် ဖြစ်ပါတယ်။ (အဲဒါကို အသင်းတော်ခေတ်ကာလစာအုပ်ထဲမှာရှာတွေ့ခဲ့ကြပါ သည်။) ဒီနောက် ဒုတိယသားရဲက ကျွန်တော်ယုံကြည်ပါတယ်။ နွားထီးဒါမှမဟုတ် နွားကလေး၏မျက်နှာဖြစ်ပါတယ်။ ပြီးတော့ တ တိယမြောက်သားရဲကတော့လူမျက်နှာဖြစ်ပါသည်။ ဒါပေမယ့် စတုတ္ထမြောက်သားရဲက လင်းယုန်၏မျက်နှာဖြစ်ပါသည်။ အခုအဲ့ အတိုင်း အတိအကျ ကျွန်တော်တို့အဲဒါတွေကို လှည့်သွားကြပါမည်။ အခုအဲ့အတိုင်းအတိအကျပါပဲ။ အဲ့အတိုင်း အတိအကျသူတို့ ဟာ ဒီစာအုပ်ထဲမှာနေရာတကျပင်ရှိနေကြပါတယ်။

46 ၄၆။ ဒီနောက်... တစ်ချိန်က ဖလော်ရီဒါမှာ ဆရာကြီးတစ်ယောက် ဟောပြောခဲ့ပါတယ်။တမန်တော်ဝတ္ထုက အသင်းတော်အ တွက် သတ်သတ်မှတ်မှတ် ပြင်ဆင်ပေးတဲ့အလုပ်တစ်ခုရှိတယ်လို့ပြောခဲ့ပါတယ်___ အသင်းတော်ကိုဧဝံဂလိတရားလေးမျိုး၌ ရှာ ဖွေတွေ့ရှိရပါတယ်။ အဲဒီကနေ ကျွန်တော်တို့ကပြောင်းကပြန်ရှာကြပါမည်။ အဲ့လို တမန်တော်ဝတ္ထုကို ဧဝံဂလိတရားလေးမျိုး နဲ့အစောင့်ချထားပါတယ်။ အဲဒီလို ဧဝံဂလိတရားလေးပါးမှ တမန်တော်ဝတ္ထုကိုရေးသားထားခြင်းဖြစ်ပါသည်__ သန့်ရှင်းသောဝိညာဉ်တော်၏ လုပ်ဆောင်မှုတွေက

တမန်တော်တွေဆီမှာ တည်ပါတယ်။ ပြီးရင် ကျွန်တော်တို့စာစောင်မှာရှာဖွေကြပါမည်။ အ စောင့်တွေကအဲဒီအရှေ့၊ အနောက်၊ တောင်၊ မြောက်ကို ထိုင်၍စောင့်ကြည့်နေကြပါတယ်။ အဲဒါကိုဒီရောက်အောင် ကျွန်တော် တို့ဘယ်လိုဆွဲထုတ်ရမလဲဆိုတာကို မှတ်ထားကြပါ။ ဘယ်လောက်တောင်လှလှပပ ပြည့်ပြည့်စုံစုံ ခပ်သိမ်းသောအရာက အဲဒီပစ် မှတ်ကိုထိမှန်နိုင်ပါသလဲ?

47 ၄၇။ အခုကျွန်တော်က ခင်ဗျားတို့ကို သတိထားမိစေလိုပါသည်။ 'လာပြီး ကြည့်ပါ။' လို့ပြောခဲ့ဖူးပါသည်။ ယောဟန်က... အခု ကျွန်တော်က ခင်ဗျားတို့ကိုပြန်ပြီးသတိထားမိစေချင်ပါတယ်။ ဒီမတိုင်ခင်က... အခု ဒီနေရာမှာရှိတာကအန္တိခရစ်၏ လုပ်ဆောင် ချက်ကို ဖော်ပြမည့်မြင်းစီးသူများထဲမှနောက်ဆုံးတစ်ယောက်ပဲဖြစ်ပါတယ်။ မနက်ဖန်ညမှာတော့ ပလ္လင်အောက်မှာရှိသောဝိညာဉ် များ၏ညှင်းဆဲခံရခြင်းအကြောင်း သွားပါမည်။ နောက်ဆုံးသောအချိန်နာရီနှင့်ခပ်သိမ်းသောအမှုပြုချက်တို့ ပြီးဆုံးသွားပါမည်။ ကြည့်ပါ__ အသင်းတော်ရုတ်သိမ်းခံရမည့်အချိန်နာရီပါပဲ။

ဒါကြောင့်အဲဒီတံဆိပ်ခုနစ်ချက်မှာ အဲဒီလိုအမျက်တော်ထွက်ဖလား သွန်းလောင်းမှုပြုခြင်းကအမှန်တကယ်ဖြစ်ပါသည်။ အရာအားလုံးကို သွန်ချလိုက်တာဖြစ်ပါတယ်။ အဲဒါတွေကဘာလဲဆိုတာတော့ ကျွန်တော်မသိပါဘူး။

48 ၄၈။ သတိပြုပါ။ဒါပေမယ့် အခု ဒီနေရာက ဒီအကြောင်းအရာပေါ်မှာ ဒီနေရာမှာရှိတဲ့ဒီအကောင်ကလင်းယုန်ငှက်ဖြစ်သည်ကို ကျွန်တော်တို့ရှာဖွေပါမည်_ ဒီလူဒါမှမဟုတ် အသက်ရှင်သောသတ္တဝါက_ အခုဒီနေရာကိုဆက်လက်တက်ရောက်ရှိလာမယ့်အရာ ဖြစ်ပါသည်။ တနည်းအားဖြင့်ဆိုသော် အဲဒီမှာမတူညီတဲ့ခေတ်ကာလလေးတစ်ခုရှိပါတယ်။ အဲ့လို ခြင်္သေ့၏ခေတ်ကာလမှာရှိခဲ့ပါ သည်။ ကျွန်တော်တို့ရှာဖွေဖော်ထုတ်ကြပါမည်။ ဒါက စတုတ္ထမြောက်ခေတ်ကာလဖြစ်ပါတယ်... သူက 'ဤစာစောင်၌ကွယ်ဝှက် ထားသော ရွေးနုတ်ခြင်းစာစောင်၌ပါသည့် စတုတ္ထမြောက်လျှို့ဝှက်ချက်ကိုလာ၍ကြည့်လော့' ဟုဆိုပါသည်။လာ၍ကြည့်လော့ ဆိုပြီးတော့ပါ။ ပြီးတော့ ယောဟန်ကလည်း ကြည့်လိုပါသည်။ သူဟာမြင်းမွဲတစ်စီးကိုမြင်တွေ့ခဲ့ရပါသည်။ တစ်ဖန် ပြောင်းလဲခြင်း မရှိသောမြင်းစီးသူသည် ဤမြင်းစီးပွဲကိုစီးခြင်းဖြစ်ပါတယ်။ အခု အခု မြင်းစီးသူ၏အမည်ကို မရဏာဟူသော အမည်ရပါသည်။

49 ၄၉။ အခုသတိပြုပါ။အခြားမြင်းစီးသူတွေမှာ မရှိတဲ့အရာပါ... အခြားမြင်းတွေမှာရှိတဲ့အရာ မဟုတ်ပါဘူး။ဒါမှမဟုတ် ဒီမြင်းစီး သူစီးသလို အချိန်မျိုးလုံးဝမရှိခဲ့ဖူးတာပါ။သူတို့ကတော့မဖြစ်ခဲ့ကြဖူးပါဘူး... စီးသူနာမည်မရှိခဲ့ပါဘူး။ ဒါပေမယ့်သူ့ကိုတော့မရဏာ ဟုခေါ်ပါသည်။ ဖော်ပြထားတာ မဟုတ်ပါဘူး... အခု ကိုယ်တော်က ရှင်းလင်းဖွင့်ဆိုပြတော်မူပါသည်။ သူဆိုတာကမရဏာဖြစ်ပါ သည်။ ကောင်းပါပြီ။ ကျွန်တော်တို့က ဒီကိစ္စအပေါ် ရိုးရှင်းတဲ့အဖြူသက်သက်တရားဟောချက်တစ်ပုဒ်ထုတ်နိုင်ဖို့ ကျွန်တော်တို့ဘယ်လိုဖင့်နွှဲကြန့်ကြာနေရပါမည်နည်း! ဒါပေမယ့် ဘယ်လိုပဲဖြစ်ဖြစ်အခုဟာဆိုရင်အစစ်ကိုဆန့်ကျင်မှာဖြစ်ပါတယ်။ သေစရာရှိပြီ ဆိုတာ ဘာဖြစ်လို့လဲဆိုရင် နှစ်ခုတည်းသောအကြောင်းတရားကြောင့်ဖြစ်ပါသည်။ အဲဒါကတော့ အသက်ရှင်တာနဲ့ သေတာပဲဖြစ် ပါတယ်။ အဲဒါက ဒီကနေ့သန့်ရှင်းသောဝိညာဉ်တော်၏ ဗျာဒိတ်တော်က တိကျတယ်။ မှန်ကန်တယ်ဆိုတာကို သက်သေပြမည့်အရာပဲဖြစ်ပါပါတယ်။ အတုဖြစ်တဲ့ သူကတော့ မရဏာဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုရင်နှုတ်ကပတ်တော်က (မကြာခင် ဒီမှာကျွန် တော်တို့ မြင်ကြရတော့မည့်အရာလိုမျိုးပါပဲ။) အသက်ရှင်တယ်ဆိုတာကို မြင်ပါ။ပြီးတော့ ဒီလူကိုတော့ မရဏာလို့ ခေါ်ထားပါ တယ်။

50 ၅၀။ ယခုမောင်းနှင်သောသူတို့ကို မပြောထားပါ။ ဒါပေမဲ့ ....အခု ပြောလိုက်ပါပြီ။ သူသည် သေခြင်းဖြစ်ပါသည်။ ဒါပေမဲ့ ဗျာဒိတ်တော်အောက်မှ ခြင်္သေ့..... ယခုကြည့်ပါ။ ကျွန်ုပ်သည်ဒါကိုဖတ်လျှင် သေချာမည် ဖြစ်ပါသည်။ တချို့နေရာကို ရေးထား ပါသည်။ ဒီနေရာမှာ ဖြစ်ပါသည်။အောက်တွင် ..... ဗျာဒိတ်ကျမ်း၏ ခြင်္သေ့အသက်အရွယ် (သို့) ပထမဆုံး အသက်အရွယ်အောက်၌ မဟုတ်တော့ပါ။ ကနဦး အစောပိုင်းတွင် ဤအရာကိုမဖွင့်ပြသေးပါ။ နောက်ထပ် အသက်အရွယ်သည် နွားထီး၏ အသက်အရွယ် ဖြစ်ပါသည်။ မှောင်နေသော အသက်အရွယ်ဖြစ်ပါသည်။ အလယ်အလတ် အသက်အရွယ် ဖြစ်ပါသည်။ ဤအရာသည်လည်း မဖော်ပြသေးပါ။ လူကဲ့သို့ သားရဲ၏ညဏ်ပညာသည်လည်း မဖော်ပြသေးပါ။ လူသာနှင့် ဝပ်စလီတို့လည်း မဖော်ပြသေးပါ။ နောက်ဆုံးအသက်အရွယ်ဖြစ်သောရွှေလင်းယုန်၊ ပရောဖက်လို အသက်အရွယ်၊ လူများကို ကူညီဖို့၊ တွေ့လား? လို့ဝှက်ချက်သည် သူ့ထံသို့ အမြဲသွားပါသည်။....

51 ၅၁။ အခုအဲဒီနေရာမှာကျွန်တော်တို့ကအခု... ခင်ဗျားတို့စေ့စေ့စပ်စပ်နားလည်ရမှာဖြစ်တဲ့အတွက် ဒီနေ့ည အဲဒါကိုကျွန်တော် တို့

နည်းနည်းလောက်အချိန်ဆွဲထားလိုက်ပါမည်။အခု ဒီအရာတွေကို ခင်ဗျားတို့နားလည်သဘောပေါက်ရမည်။ အဆုံးစွန်သော အချိန်နာရီတွေကတော့... ကျွန်တော်အခုဒီနေရာက ဒီအုပ်စုကို မပြောတော့ပါဘူး။ဒီတိပ်ခွေတွေက အရပ်ရပ်ကို ရောက်သွားမယ် ဆိုတာကို မြင်ကြပါ။ ကျွန်တော် အဲဒါကိုရှင်းရှင်းလင်းလင်းဖြစ်အောင် လုပ်ကိုလုပ်ရပါမည်။ ဘာဖြစ်လို့လဲဆိုရင် တစ်ယောက် ယောက်တိပ်ခွေကိုရသွားပြီး အဲဒီနောက်ကျန်တဲ့လူတွေ သူတို့ကမရရှိစေဘူးဆိုရင် ဒီနောက်မှာ သူတို့အားလုံးချိတ်နဲ့လာချိတ်ကြမှာ ဖြစ်လို့ဆိုတာကိုမြင်ပါ။

ဘုရားသခင်ကဒီလိုကတိပြုခဲ့တယ်ဆိုတာမြင်ပါ။ ဒီနေ့ရက်ကာလအတွက်ဒီလိုမတူညီတဲ့အရာတွေအားလုံးဖြစ်ပြီး ရော နှောနေတာကိုနောက်ဆုံးအဆုံးသတ်စရာအကြောင်းရှိတယ်ဆိုတာကိုပါ။ ကျွန်တော်တို့မှာဧလိယ၏ဝတ်ရုံရှိပါတယ်။ ကျွန်တော် တို့ ဧလိယ၏သင်တိုင်းကို ပိုင်ဆိုင်ခဲ့ကြပါသည်။ အိုအဲဒီလူတွေက... ဂျွန်အလက်ဇန်းဒါးဒိုဝင်ကို အဲဒီမှာပိတ်စတစ်စနဲ့ပတ်ပြီး မြှုပ် နှံထားကြပါတယ်__သူက ဧလိယဖြစ်တယ်လို့ သူပြောခဲ့ပါတယ်။ ကျွန်တော်တို့ဟာ အဲဒီလိုအကြောင်းအရာမျိုးစုံကို ပိုင်ဆိုင်ခဲ့ကြ ပါတယ်။ အဲဒါကဘယ်နည်းဘယ်ပုံရှိပါသလဲ? အဲဒီမှာဖြစ်စရာရှိတဲ့ တစ်ခုတည်းသောအရာကဖြစ်လာစရာအကြောင်းရှိမည့် သမ္မာ တရားကို အဝေးကို ယူထုတ်သွားဖို့ပါပဲ။

52 ၅၂။ သူတို့ဟာယေရှု၏နေ့ရက်ကာလမတိုင်မီ ခရစ်တော်အတုတွေကို ပိုင်ဆိုင်ကြရပါမည်။ သူတို့အမြဲတမ်းအဲဒီလိုဖြစ်ပါမည်။ စာတန်ဟာ စိတ်တွေကို ဒေါသထွက်စေမည့် အတုတစ်ခုကိုအမြန်အဆန်ထွက်ပေါ်စေပါမည်။ ပြီးတော့ အမှန်တကယ်ကိစ္စဖြစ်မလာသေးခင်ယုံကြည်သောသူတို့ရှိပါမည်။ အဲဒါက အကုန်လုံးပါပဲ။

အဲဒီနေ့ကဂျူးတွေကို ဂါမလိက တူညီသောအကြောင်းကို ပြောကြားမှုပြုခဲ့တယ် မဟုတ်ပါလား? 'လူတစ်ယောက်ထွက်လာပြီး ဒီလိုမျိုးထုတ်ဖော်မှုမပြုခဲ့ဘူးလား။ အနှစ်လေးရာ တောထဲမှာ ဖျက်ဆီးခံရဖို့သူက ခေါ်လာတာလေ?' လို့မပြောခဲ့ဘူးလား။ ပြီးတော့ အဲ့လိုမျိုးတွေ ပြောခဲ့ပါမည်။

ပြောတာက... ငါ၏ကောင်းကင်ဗိုလ်ခြေဘုရားသခင်၏အနွယ်သည်စိုက်ပျိုးစရာအကြောင်းမရှိ။ 'ဆိုပြီးတော့ပါ။ ယေရှုက 'အမြစ်ကိုထွက်စေမည် ' လို့မိန့်တော်မူခဲ့ပါတယ်။

ဂါမဏိကတော့ 'သူတို့ကို သီးသန့်ထားလိုက်။ အဲ့မှာဘုရားနဲ့မဆိုင်ဘူးဆိုရင်လည်း အဲ့မှာဘာဆိုးဆိုးဝါးဝါး ဖြစ်လာစရာအကြောင်းရှိမှာလဲ? ဒါပေမယ့်အဲဒါကဘုရားနဲ့ဆိုင်တယ်ဆိုရင်တော့မင်းတို့ဘုရားကိုတိုက်ခိုက်ဆန့်ကျင်တာကိုမြင်ကြရမှာ' လို့ပြော ခဲ့ပါတယ်။ လူက ဉာဏ်ပညာကိုအသုံးပြုသွားတာဖြစ်ပါတယ်။ သူက ဘုရားတစ်ယောက်ဖြစ်ပါတယ်။

53 ၅၃။ အခုကတိပြုပါ။ အခု လေသည် လျှို့ဝှက်နက်နဲရာများကို တိုက်ခိုက်မှုပြုစရာအကြောင်းရှိပါတယ်။ ဘုရားသခင်က ထိုသို့သောအရာကစစ်မှန်သောဧလိယကို ပေါ်ထွက်စေမယ်လို့ ကတိပြုတော်မူခဲ့ပါတယ်__ တချို့လူတွေကတော့အဲဒီလိုစိတ်ဝိညာဉ် နှင့်ဘိသိက်ပြုခြင်းကို ခံကြပါတယ်__ ပြီးတော့ဖွင့်ပြမှုပြုပါသည်။ အဲဒါကို ကိုယ်တော်က မာလခိ ၄ မှာ ကတိပြုထားပါတယ်။

ဒါကြောင့် အဲဒါက အဲဒီလိုမဟုတ်ဘူးလို့ပြောထားတဲ့မှတ်ချက်အချို့နှင့်စာအချို့ ကျွန်တော့်မှာရှိပါတယ်။ ဒါပေမယ့် ကျွန် တော် အဲဒီလူကို ပြောချင်ပါတယ်။ဘာဖြစ်လို့လဲဆိုရင် ခင်ဗျား အဲဒါကိုငြင်းလို့မရပါဘူး။ တကယ်တော်တဲ့ ဘယ်ကျမ်းသမားမဆိုအဲဒါက သမ္မာတရားဖြစ်လာမယ်ဆိုတာကို သိပါတယ်။ အဲဒီအတွက်သူတို့စောင့်ကြည့်နေကြတာဖြစ်ပါတယ်။

ဒါပေမယ့်ခင်ဗျားတို့ဟာ အဲဒါကို ကနဦးအချိန်က ခရစ်တော်၏ရှေ့တော်ပြေးအနေနဲ့ရှိတဲ့ယောဟန်အားဖြင့် ရောက်လာ ရသလိုမျိုး တူညီတဲ့လမ်းကြောင်းအတိုင်း ပိုင်ဆိုင်ကြရမှာဖြစ်ပါတယ်။ဘာဖြစ်လို့လဲဆိုရင် သူတို့ သူ့ကိုအသိအမှတ်မပြုတာ ဘာဖြစ်လို့လဲဆိုရင်သူ့ရဲ့ပရောဖက်ပြုချက်က အဲ့လိုသိပ်ကြီးမြတ်တဲ့ အကြောင်းအရာတွေဖြစ်ခဲ့လို့ပါပဲ။ဘာဖြစ်လို့လဲဆိုရင် သူဟာ နေရာမြင့်မြင့်ကြီးတွေ အကုန်လုံးကို နိမ့်ပါးသွားစေပြီးနိမ့်ပါးတဲ့နေရာအားလုံးကို မြင့်မက်သွားစေကာ ကြမ်းတမ်းတဲ့အရာအားလုံးကိုချောအောင်လုပ်လိုက်လို့ ဖြစ်ပါတယ်။ အို သူဟာ... ပရောဖက်တွေက__ ဟေရှာယအနာဂတ္တိကျမ်းမှာကသူမမွေးခင် အနှစ် ၇၁၂ ကဖြစ်ခဲ့တဲ့အကြောင်းအရာရှိပါတယ်။ ပြီးတော့မာလခိမှာကသူ့ဘဝဇာတ်ခုံပေါ်ရောက်မလာခင် အနှစ် ၄၀၀ ကအကြောင်း ကိစ္စရှိပါတယ်__ အဲ့လိုအကြောင်းအရာအားလုံးကို သူပရောဖက်ပြုခဲ့တာပါ။ သူတို့ဟာ ကောင်းကင်ကလမ်းအချို့ကျလာပြီး ဒီပရောဖက်ဟာဘုရားသခင်ဆီကရတဲ့ သူ့လက်ထဲက တုတ်တော်နှင့်အတူ အမှန်တကယ်လျှောက်လှမ်းသွားတာမျိုးကိုမျှော်လင့်ခဲ့ ကြတာပါ။

54 ၅၄။ ပြီးတော့ဘာဖြစ်ခဲ့ပါသလဲ? အဲဒီလူတစ်ယောက်ဟာမိတ်ဖွဲ့လို့ရမယ့်ကဒ်တစ်ကဒ် သင့်တင့်လျောက်ပတ်တဲ့အနေအထား တစ်ခုကိုသူပြနိုင်ချင်မှလည်း ပြနိုင်ပါမည်။ တောထဲကနေ ထွက်လာရတာပါ။ပုံမှန်ကျောင်းပညာရေးတောင် သင်ချင်မှသင်ခဲ့ရပါ မည်။ သမိုင်းဆရာများအားဖြင့်ကျွန်တော်တို့ဟာ သူ့အသက်ကိုးနှစ်အရွယ်မှာ သူ့အမေ၊ အဖေဆုံးပြီးနောက် တောထဲကိုထွက်ခွာ ခဲ့တယ်လို့ ပြောခဲ့ကြပါတယ်။ ထွက်ခွာခဲ့တာပါ...သူ့အလုပ်က ဘာသာရေးကျောင်းအချို့ကို ရှုပ်ထွေးသွားစေသည့် သိပ်ကိုအရေးကြီးပါတယ်။ သူက မေရှိယကို ကြေညာပေးရတဲ့လူဖြစ်ပါတယ်။

ဘုရားသခင်အလုံးစုံပညာတွေနဲ့ ပြည့်နေတဲ့လူတစ်ယောက်ကို အသုံးပြုလို့မရနိုင်ပါဘူး။ ကိုယ်တော်ဘာလို့အဲဒီလိုလုပ်လို့မရတာလဲဆိုရင်အဲဒီလူဟာအမြဲတစေနောက်ပြန်ကြောင်းလျှောက်နေလို့ဖြစ်ပါတယ်။ အဲဒါကတော့သူ့ရဲ့သင်ယူမှုလမ်းကြောင်း ပဲဖြစ်ပါတယ်။ သူက အဲဒီလိုပဲနောက်ပြန်မောင်းနှင်မှုပြုနေပါတယ်။ ဒါကြောင့် တစ်ခုခုကို မြင့်ဖို့သူထွက်ခွာမှုပြုတဲ့အခါ အရာတွေ က ဘာပြောခဲ့တယ်ဆိုတဲ့ အရာဆီကိုပဲ ပြန်ပြန်ရောက်အောင်ကြိုးစားနေလို့ဖြစ်ပါတယ်။ အဲဒီလိုမျိုးအရာတွေကနေ သူခပ်ဝေးဝေး မှာနေပြီးတော့ဘုရားသခင်ကို ချက်ချင်းယုံကြည်လိုက်တာကတော့ ပိုကောင်းပါတယ်။

ပြီးရင်သူတို့က သူ့ကိုပျောက်ထားတဲ့အရာကို ကျွန်တော်တို့ရှာကြပါမည်။ တမန်တော်တို့၏ ရပ်တည်ချက်မှာပင်လျှင် သူ့ကိုပျောက်ထားကြပါတယ်။ ဟုတ်ပါပြီ။ သူတို့က 'ဘာကြောင့် ကျမ်းချက်တွေက ပြောရပါသလဲ(ကျမ်းပြုစုသူတွေကပြောကြတာ ပါ) အဲဒီဧလိယက...' ဆိုပြီးတော့မှပါ။

သူက 'အဲဒီလူက အစကတည်းက ရောက်နေခဲ့တာကိုသင်တို့က သူ့ကိုမသိကြတာ' လို့ပြောပါတယ်။

အဲဒီနေရာမှာကျွန်တော်က ရှင်ပြန်ထမြောက်ခြင်း ဒါမှမဟုတ် ချီဆောင်ခြင်းကို ဉပမာထုတ်ပါမည်။အဲဒါကသွားပါမည်။ သူတို့က... အဲဒီအသံကြားရတာ ထူးဆန်းတယ်ဆိုတာကျွန်တော်သိပါတယ်။။ ဒါပေမယ့် ဒီနေ့ညနောက်ပိုင်းမှာ နည်းနည်းပိုလာစရာအကြောင်းရှိတာကို ခင်ဗျားတို့လည်း သိကြပါတယ်။ တကယ်လို့ ဘုရားအလိုတော်ရှိရင် အခုအဲဒါက ဘယ်လိုဆက်သွားမလဲ ဆိုတာကြည့်ပါမည်။ အဲဒီအကြောင်း ဘယ်သူမှမသိအောင်ဆို အဲဒါကသိပ်လျှို့ဝှက်နက်နဲပါမည်၊ ခက်ခဲပါမည်။ လောကသားတွေ ကတော့ အခု စဉ်းစားကြပါမည်... အခု အဲဒါက အမြဲဖြစ်လေ့ဖြစ်ထရှိခဲ့သလိုမျိုးအမှန်တကယ်ဆက်ဖြစ်နေမယ့်အရာ ဖြစ်ပါတယ်။ ကြည့်ပါ။ အဲဒါကအမြဲဖြစ်လေ့ဖြစ်ထရှိခဲ့သလိုပဲ ဖြစ်မှာပါ။

55 ၅၅။ ခင်ဗျားတို့သိပါတယ်။ကျွန်တော်သံသယဖြစ်တာတစ်ခုက... ကိုယ်တော် ဤကမ္ဘာမြေကြီးပေါ်ကိုကြွလာတော်မူစဉ်အခါ က

ကမ္ဘာမြေကြီးပေါ်က လူအယောက်တစ်ရာမှာ ကိုးဆယ်လောက်ကယေရှုခရစ်တော်ကို သိတယ်လို့ ကျွန်တော်ပြောခဲ့ပါတယ်။ ဧလိယပရောဖက်ပြုတဲ့အချိန်ကအရာကို ခင်ဗျားတို့သိပါတယ်။ အဲ့မှာ ဘယ်သူမဆို သူ့ကိုသိဖို့ဆိုတာက ခက်ခဲတယ်ဆိုတာကိုကျွန်တော်သံသယဖြစ်မိပါတယ်… အဲဒီကို စိတ်တိုဖို့ကောင်းတဲ့တယူသန်ကြီးရောက်သွားတယ်ဆိုတာ သူတို့သိခဲ့ကြပါတယ်။ ဒါ ပေမယ့် သူတို့ကတော့သူ့ကိုမုန်းကြပါတယ်။ သေချာပါတယ်။ သူတို့က ကတုံးလို့ခေါ်ကြပါတယ်။

ကျွန်တော်တွေးမိတာကဒုတိယမွေးခြင်းခံရတဲ့ ဘယ်ခရစ်ယာန်မဆို လောကအတွက်ထိပ်ပြောင်လိုမျိုးဖြစ်မယ်ဆိုတာကို ပါ ဘာဖြစ်လို့လဲဆိုရင်ခင်ဗျားတို့ပြောင်းလဲသွားကြလို့ ဖြစ်ပါတယ်။ ခင်ဗျားတို့ဟာ အခြားသောကမ္ဘာတစ်ခုကနေ ရောက်လာတဲ့သူတွေဖြစ်သွားလို့ပါ။ ခင်ဗျားတို့ရဲ့ဝိညာဉ်ဟာ ချောက်ခြားထားတဲ့အရပ်ကနေရောက်လာကြလို့ဖြစ်ပါတယ်။ ဒီနေရာက ဒီလိုကိစ္စဟာအဲ့လိုရှုပ်ထွေးနေတဲ့ကိစ္စတစ်ခုဖြစ်ပါတယ်။ ခင်ဗျားက မခြားနားဘဲရှိမယ်ဆိုရင်တော့အဲ့မှာတစ်ခုခုတော့ မှားယွင်းနေပါမည်_ခင်ဗျားကို လောက၏ချုပ်နှောင်မှုကို အလွန်အမင်းခံနေရဆဲဖြစ်ပါတယ်။ ခင်ဗျားမှာကကောင်းကင်နှင့်သက်ဆိုင်တဲ့ စိတ်သဘော မျိုးရှိသင့်ပါတယ်။ ကောင်းကင်သားဆိုတာကနှုတ်ကပတ်တော်နဲ့ပဲ အသက်ရှင်တာဖြစ်ပါတယ်။

56 ၅၆။ အခုဒီလိုကြီးမြတ်တဲ့ကိစ္စဖြစ်ပျက်တာကို သတိပြုမိကြပါမည်။ အခု အဲ့မှာစစ်မှန်သော ဧလိယ၏ဝိညာဉ်ရောက်လာစရာအကြောင်းတစ်ခုရှိတယ်လို့ ကျွန်တော်ယုံကြည်ကြပါတယ်။ အဲဒါက အဲ့လိုဖြစ်မယ်လို့ကြိုတင်ဟောပြောထားတဲ့အရာဖြစ်ပါတယ်။ ကြည့်ပါ။ သူ့ရဲ့ကိုယ်ပိုင်ကာလအပိုင်းအခြားအချိန်နာရီအတိုင်း ဒီမှာအဲဒါက ဖြစ်လာမယ်ဆိုတာကို ကျွန်တော်တို့ မှတ်ကိုမှတ်ထားကြရပါမည်။ အခုအဲဒါအတွက် ကျွန်တော်တို့ အုတ်မြစ်ချရင်လည်း အုတ်မြစ်ချရပါဦးမည်။အဲဒါက အဖွဲ့အစည်းတော့မဟုတ်ပါဘူး။

အဲဒီကိစ္စအပေါ်ကျွန်တော့်ရဲ့မိတ်ဆွေကောင်းတစ်ယောက်နှင့် ကျွန်တော်သဘောထားမတိုက်ဆိုင်ကြပါဘူး။အဲဒါက လူ အုပ်စုတစ်စုဖြစ်မယ်လို့ သူက ပြောပါတယ်။ ကျွန်တော်ကတော့ အဲဒါကိုခင်ဗျားတို့အား နှုတ်ကပတ်တော်အားဖြင့်ပဲ ပြသမှုပြုချင်ပါ တယ်။ ဘုရားသခင်ကပြောင်းလဲခြင်းမရှိသောဘုရားသခင် ဖြစ်ပါတယ်။ သူ့အစီအစဉ်တွေကိုလုံးဝပြောင်းလဲတာမျိုးမရှိပါဘူး။ ကိုယ်တော်က အဲဒီလိုလုပ်မယ်ဆိုရင်တော့ သူကဘုရားမဟုတ်တော့ပါဘူး။ အဲ့ဒါအမှန်ပါ။ ဘာဖြစ်လို့လဲဆိုရင် လူဟာသေမျိုးဖြစ် လို့ပါ။အခု ကျွန်တော်သိသလို သူလည်းသိပါမည်။ သူလည်း အမှားတွေလုပ်ပါမည်။ ဘုရားသခင်ဟာဇဒင်ဉယျာဉ်ထဲ၌ရှိသော အ လွန်တရာသောအချိန်နာရီကတည်းကပင် သူ့ရဲ့အစီအစဉ်ကိုပြောင်းလဲတာမျိုးလုံးဝမရှိခဲ့ပါဘူး။ သူ့မှာ ရွေးနှုတ်ဖို့အတွက် အစီအစဉ်တစ်ခုလုပ်ထားပြီးသားပါ။ အဲဒါကတော့ အသွေးဆိုတဲ့အရာပါပဲ။

57 ၅၇။ ကျွန်တော်တို့ပညာကို ကြိုးစားကြတယ်။ ကျွန်တော်တို့ ဩဇာရှိဖို့ကြိုးစားကြတယ်။ ကျွန်တော်တို့စိတ်ပညာကို ကြိုးစား ကြတယ်။ ကျွန်တာ်တို့ဂိုဏ်းဂဏအယူဝါဒကိုကြိုးစားအားထုတ်မှုပြုခဲ့ကြပါမည်။ ကျွန်တော်တို့ကလူတိုင်းကိုအတူတကွဖြစ်အောင်တွန်းဖို့ ဘယ်နည်းမဆို ကြိုးစားပန်းစားလုပ်ဆောင်မှုပြုကြပါတယ်။ လူတိုင်းလူတိုင်းအတူတကွချစ်တတ်အောင် လုပ်ဆောင်မှုပြု ကြပါတယ်။ အမျိုးမျိုးလုပ်ပါတယ်။ အဲ့လိုအခြားသောမိတ်သဟာရပြု၍ နေရာမရှိပေမယ့် အခုထက်ထိ အသွေးတော်ရဲ့အောက် မှာ နေကြရဆဲပါ။တစ်ခုတည်းသော ဘုရားက လူနှင့်တွေ့ဆုံမှုပြုတဲ့နေရာပဲ ဖြစ်ပါတယ်။

ဘုရားသခင်ကလူတစ်ဦးတစ်ယောက်ချင်းစီနှင့် အစဉ်အမြဲအချိတ်အဆက်ပြုတော်မူပါသည်။ လူနှစ်ယောက်မှာအတွေး နှစ်ခုရှိပါမည်။ အဲ့လို ကမ္ဘာကြီးပေါ်မှာ တချိန်တည်းတပြိုင်နက်တည်းအဓိပတိပရောဖက်ကြီးနှစ်ယောက်က ပရောဖက်ပြုတာမျိုးမ ရှိခဲ့ပါဘူး။ အဲ့လိုဆိုရင်အနောက်ကို ပြန်ကြည့်လိုက်ပါ။ မရှိပါဘူး ဆရာ! နည်းနည်း နည်းနည်းနှင့်အများကြီးတက်လာတာပါ။ ကိုယ်တော်က လူတစ်ယောက်ကို ခေါ်ဖို့ဆိုတာကလုံးဝနှောင်တရစေပြီးမှ အဲဒီလူကို အသုံးပြုတာဖြစ်ပါတယ်။ အဲ့ဒီလူအတွက် ကိုယ်တော်ကရှာဖွေမှုပြုပါတယ်။ ဒါပေမယ့် အဲဒါက တခါတလေတစ်ယောက်ယောက်မှာပဲ ဖြစ်မယ့်အရာပါ။တစ်စုံတစ်ယောက် က ကိုယ်တော်ကို စကားလုံးတစ်လုံးချင်းစီဖြင့် ကြားနာမှုပြုပါမည်။

58 ၅၈။ ဘယ်သူတွေဘာပြောပြော ကျွန်တော်ဂရုမစိုက်ပါဘူး။ အဲဒီကနေ သူတို့လုံးဝရွေးသွားစရာအကြောင်းမရှိပါဘူး။ အဲဒါက အမှန်ပါ။ သူတို့စောင့်နေကြရပါမည်။ 'ထို့ကြောင့် ဘုရားသခင်မိန့်တော်မူတယ်' ဆိုတဲ့အရာကိုပါ။ ဒီနောက်အဲဒီအချိန်ရောက်တဲ့ အထိ သူတို့ရွေ့လို့ရမှာမဟုတ်ပါဘူး။ ကိုယ်တော်ကသင့်တင့်လျောက်ပတ်စွာဖြင့် ဟုတ်မှန်ကြောင်းကို သက်သေထူခဲ့ပါတယ်။ အခုပြင်ပလောကသားတွေကတော့ အဲ့ဒါကိုမုန်းကြပါမည်။ ဒါပေမယ့် ရွေးကောက်ခြင်းကိုခံရသောမျိုးစေ့ ကြိုတင်ခွဲခန့်မှတ်သားခြင်း ကို ခံရသောမျိုးစေ့ကတော့_ ထိုအရာကယေရှု၏နေ့ရက်ကာလ၌ဖြစ်ခဲ့ဖူးသလိုပါပဲ… ထိုအလင်းသက်ရောက်စဉ်အခါအဲ့ဒီလိုမျိုး စေ့ကအသက်ရှင်ခြင်းသို့ရောက်ပါသည်။ အဲဒါကို သူတို့သိကြပါတယ်။ အဲဒါကိုသူတို့နားလည်ကြရပါမည်။ အဲဒီအကြောင်း ခင် ဗျားမှာပြောစရာစကားတစ်လုံးမှရှိမှာမဟုတ်ပါဘူး။

သူမဟာ 'ဆရာ ရှင်က ပရောဖက်တစ်ပါးဖြစ်မည်ဟုကျွန်မတွေးမိပါတယ်။ မေရှိယ ကြွလာတော်မူစဉ်အခါ ကျွန်မသိရပါ မည်။ ကိုယ်တော်ကမှတ်ယူတော်မူပါမည်…' ဟု ပြောခဲ့ပါတယ်။

ကိုယ်တော်က 'ငါသည် ထိုသူပင်တည်း' ဟု ဆိုခဲ့ပါတယ်။

သားရေ အဲဒါကလုံလောက်သွားပြီနော်! သူမက ညလုံးပေါက်စောင့်မျှော်နေတာမျိုး နောက်နေ့ညအထိစောင့်နေတာမျိုး မရှိပါဘူး။ အဲဒီနောက်မှာ သူမဟာ အမှန်တကယ်အဲ့လိုလုပ်ဆောင်မှုပြုခဲ့ပါတယ်။ သူဟာ လမ်းမပေါ်ကို ထွက်ပါမည်။ အဲဒီအ ကြောင်းကို သူမကသူတို့အား ပြောကြားမှုပြုခဲ့ပါတယ်။

59 ၅၉။ အခုမှတ်ထားကြပါ။ အခု ပထမဆုံးကာလက ခြင်္သေ့ခေတ်ကာလဖြစ်ပါတယ်။ အဲဒါကယုဒအမျိုး၏ခြင်္သေ့ဖြစ်တဲ့_ ခရစ်တော်ပါ__သူ့ရဲ့ကိုယ်ပိုင်အသက်ရှင်ခြင်း၌ရှိသော အရှိန်အဝါက ထိုခေတ်ကာလကိုဖြစ်ထွန်းစေခဲ့ပါသည်။ အဲဒီပထမဆုံးသားရဲ ဆိုတဲ့ (အဓိပ္ပာယ်က တန်ခိုးဖြစ်ပါတယ်)အဲဒါက လူသားအသံဖြင့် အဖြေပေးခဲ့တာဖြစ်ပါသည်။

နောက်ခေတ်ကာလတစ်ခုကနွားဆိုးခေတ်ကာလဖြစ်ပါတယ်။ ဒါမှမဟုတ် မြင်းအမည်းကို စီးတဲ့သူရဲ့ ခေတ်ကာလဖြစ်တယ်ဆိုတာကို ကြည့်ပါ။ အခု ပထမဆုံးခေတ်ကာလက မြင်းဖြူဖြစ်တယ်ဆိုတဲ့အကြောင်းအရင်းပဲဖြစ်ပါတယ်။ အဲဒါက... ပထမ ဆုံးမြင်းစီးတဲ့သူက ဖြူစင်တဲ့အသင်းတော်၏တန်ခိုး ဆက်လက်၍ အောင်မြင်ခြင်းဆီသို့ တက်လာတာဖြစ်တယ်လို့ လူတွေပြောတာကို ကျွန်တော်အမြဲကြားခဲ့ရသလိုပါပဲ။ သူ့အား ပေးသနားမည့်သရဖူတစ်ခုအကြောင်းကိုကျွန်တော်တို့ရှာဖွေကြပါမည်။ အဲဒါ ကအဲ့လိုဖြစ်ပါမည်။ အဲဒါကအသင်းတော်တစ်ခုဖြစ်ပါတယ်။ အဲဒါကအသင်းတော်ဖြစ်ပေမယ့် ဘယ်နေရာကို သူသွားခဲ့ပါသနည်း? သူက ရောမကို ရောက်သွားခဲ့တာပါ။အဲဒီနေရာမှာ သူအလုပ်လုပ်ခဲ့တာဖြစ်ပါတယ်။ သူက သူ့ရဲ့သရဖူကို လက်ခံရရှိခဲ့ပါမည်။

အခုဒုတိယခေတ်ကာလကတော့ မြင်းနီကို စီးတဲ့သူဖြစ်ပါတယ်။ အဲဒါကတော့အမှောင်ခေတ်ကာလတစ်ခုဖြစ်ပါတယ်။ ပြီးတော့ အခု နောက်ခေတ်ကာလတစ်ခုကတော့မြင်းအမည်းကိုစီးတဲ့ လူတစ်ယောက်၏ခေတ်ကာလဖြစ်ပါတယ်။ သူကတော့ ပြုပြင်ရေးသမားတို့၏ခေတ်ကာလဖြစ်တယ်ဆိုတာကို ကြည့်ကြပါ။ စကားပြောတဲ့အသံရှိပါတယ်။

အခုအမည်းရောင်မြင်းစီးသူက__ အဲဒီလူကအန္တိခရစ်ပါပဲ။ ဒါပေမယ့် ထိုခေတ်ကာလ၌ စကားပြောတဲ့လူတစ်ယောက်က လူသားတစ်ယောက်ကိုကိုယ်စားပြုခြင်းဖြစ်ပါတယ်။ အဲဒါကတော့ ဉာဏ်ပညာပါ__ တော်တယ်။ အို ဟုတ်တယ်ဆိုတာကို မြင်ကြ ပါ။ သူတို့ အဲဒါကိုမရခဲ့ကြပါဘူး။ ကြည့်ပါ။ သူတို့ခေါ်ဆိုမှုမပြုခဲ့ကြပါဘူး... သူတို့ သူ့ကိုနာမည်မပေးခဲ့ကြဘူးဆိုတာကို ကြည့်ပါ။ သူတို့ကအဲဒါကို ဆက်သွားဖို့ ချက်ချင်းပြောဆိုမှုပြုခဲ့ကြပါတယ်။

60 ၆၀။ ဒါပေမယ့်အခုအဲ့လိုရှေ့မှာ လင်းယုန်ငှက်၏ ခေတ်ကာလရောက်လာတဲ့အချိန်မှာတော့ ထိုတစ်ခုသောအရာကဘုရားသ ခင်က သူ့ရဲ့ပရောဖက်တွေကို အစဉ်အမြဲ__လင်းယုန်ငှက်တွေကို ဖြစ်စေတဲ့အရာတစ်ခုဖြစ်ပါတယ်။ ကိုယ်တော်က သူ့ကိုယ်သူလင်းယုန်ငှက်တစ်ကောင်လို့ ခေါ်ဆိုမှုပြုတော်မူပါသည်။ လင်းယုန်ငှက်ဟာ ဘယ်အကောင်မှသူ့ကိုထိလို့မရနိုင်တဲ့ ဟိုးအမြင့်ကြီး ကို ပျံတာဖြစ်ပါတယ်။ သူက အဲဒီကိုပျံတက်ရုံသာမကပါဘူး။ အဲဒီလို အနေအထားဖြစ်ဖို့ကိုလည်း သူက တည်ဆောက်မှုပြုပါ သည်။အဲဒီကို သူရောက်သွားတဲ့အခါ သူဘယ်နေရာရောက်နေပြီဆိုတာကို သူမြင်နိုင်ပါပြီ။တချို့လူတွေကတော့ အဲဒီလိုနေရာကို ရောက်သွားကြပြီး သူတို့ဘယ်နေရာရောက်နေပြီဆိုတာကိုမမြင်နိုင်ကြပါဘူး။ ဒါကြောင့် သူတို့ကို တောင်းတာလဲ မဟုတ်တဲ့ အဲဒီအပေါ်ရောက်အောင်တင်မနေကြပါနှင့်။ကျီးကန်းတစ်ကောင်ကို ခင်ဗျားလင်းယုန်ငှက်တစ်ယောက်လို့ ကြိုးစားခိုင်း ကြည့်ပါ။ဒါမှမဟုတ် သိမ်းငှက်တစ်ကောင် ဒါမှမဟုတ် အခြားအကောင်တစ်ကောင်ကိုကြိုးစားခိုင်းကြည့်ပါ။ သူ့မှာ ပြည့်စုံစရာအ ကြောင်းမရှိပါဘူး။ သူသွားရမယ့်နေရာအတွက် လေဖိအားကို တော်တော်လုပ်ယူရပါမည်။

61 ၆၁။ အဲဒါကတော့ခဲရင်းဆိုးယုတ်တဲ့ဒီကနေ့ပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ထဲက တချို့လူတွေဟာလေဖိအားမြင့်အောင် လုပ် လို့မရကြပါဘူး။ ကျွန်တော်တို့လျက်ကနည်းနှင့်ပေါက်ထွက်သွားမှာပါ။ ခင်ဗျားတို့ကြည့်ပါ။ ကျွန်တော်တို့ခုန်ကြတဲ့အချိန်ရှိပါမည်။ ဒါပေမယ့် ကျွန်တော်တို့ ပြန်ကျလာစရာအကြောင်းပဲ ရှိပါတယ်။ခင်ဗျား အဲဒီအမြင့်ကို ရောက်တဲ့အခါမှာ ဘာဖြစ်တယ်ဆိုတာကို ကြည့်ဖို့ဘာလုပ်ရမယ်ဆိုတာကိုသိဖို့ လင်းယုန်ငှက်၏ စူးရှတဲ့အမြင်အာရုံရှိရပါမည်။ အခုလင်းယုန်ငှက်က ထိုသို့သောအရာကို ဖော်ပြခြင်းဖြစ်ပါတယ်။ အခု ဗျာဒိတ် ၁၀း၇ မှာ ကတိပြုတော်မူထားသည်။လင်းယုန်ငှက်၏ခေတ်ကာလအကြောင်းကို ရှာဖွေကြ ပါမည်။ မာလခိ ၁း၄ မှာကနောက်ဆုံးသောနေ့ရက်ကာလ၌ ဖြစ်လာမည့်အရာဆိုတာကို မြင်ကြပါ။ အဲဒါက အမှန်ပါ__ အဲဒါက ဒီမှာဖြစ်လာမယ့်အရာဖြစ်ပါတယ်။ ဟုတ်ပါပြီ။

62 ၆၂။ သတိပြုပါ။အခု ဒီအဆောင်က ကျွန်တော်တို့ရှာဖွေမှုပြုကြတဲ့ မြင်းမွဲကို စီးတဲ့သူဖြစ်ပါတယ်။မွဲတာပါ__ အိုကျွန်တော်! သတိပြုပါ။ ၆၈,၀၀၀,၀၀၀ သော ပရိုတက်စတန့်တွေ သေဆုံးပြီးနောက်ကျွန်တော်တို့ဟာ ရောမမြို့က မာတုရဗေဒပညာရပ်ဆိုင် ရာကို 'စချက်မက်ကာ၏ဘုန်းထင်ရှားစေသောပြုပြင်ခြင်း' ဆိုတဲ့စာအုပ်ကနေ ထုတ်နှုတ်မှုပြုကြပါတယ်။ မနေ့ညက... ကျွန်တော် တို့ ရှာထားတာက အမှတ်တစ်ထောင်ငါးရာလောက်ထိရောက်ပါမည်။ (အဲ့လိုဖြစ်မယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။ ဒါမှမဟုတ်ဆယ့်ရှစ်လောက်ရှိပါမည်။ အခုအတိအကျတော့ ကျွန်တော်မမှတ်တော့ပါဘူး) ... ဒါပေမယ့် အဲ့မှာ ၆၈,၀၀၀,၀၀၀ သောသူကို သေစေတယ်လို့ကနဦးရောမအသင်းတော်ကို အခိုင်အမာကြေညာစရာအကြောင်းရှိပါတယ်။__ ရောမမြို့မှာဖြစ်ပါတယ်။

သူက သူကိုယ်သူပုဂ္ဂလိကနာမည်ဖြစ်တဲ့... မရဏာဟု ခေါ်တဲ့အမည်နာမ၌ယောင်ဆောင်နေနိုင်တာက အံ့ဩစရာမရှိပါ ဘူး။ သူက အသေအချာအဲ့လိုပါပဲ! အခုဘုရားသခင်သည်သာ သူဟာ ဘယ်နှယောက်လောက်ကို ကျမ်းစာအတုု၏ သွန်သင်ချက် ဖြင့်ဝိညာဉ်ရေးရာအရသေစေခဲ့ပြီးဖြစ်တယ်ဆိုတာ သိကျွမ်းတော်မူပါမည်။ ဒါက သူဓားဘေးဖြင့်သတ်ဖြတ်ခဲ့တဲ့ ၆၈,၀၀၀,၀၀၀ သောသူကိုစာရင်းသွင်းထားတာဖြစ်ပါတယ်။ဖြစ်နိုင်တာကသူ့ရဲ့မှားယွင်းတဲ့သွန်သင်ချက်ပေါ်မှာ ဝိညာဉ်ရေးရာအရက စာနှင့်ပေနှင့်ဆို ကုဋေကဒါလောက်ကို ရှိပါမည်။ သူက မရဏာဆိုတဲ့အမည်ကို ရခြင်းကအံ့ဩစရာမရှိပါဘူး။

63 ၆၃။ မြင်းစီးသူကိုတွေ့ပါသလား? ပထမနေရာကတော့အန္တိခရစ်အဖြစ်ရှိနေတာပါ။ သူဟာ အစပြုဖို့ သေခဲ့ရတာပါ။ ဒါပေမယ့် ဒီနောက် သူဟာဖြူဖြူစင်စင်ရှိပါတယ်။ ဒီနောက် သူဟာ သရဖူတစ်ခုကို လက်ခံရရှိခဲ့ပါတယ်(သုံးခုပေါင်းထားတဲ့အရာတစ်ခုဖြစ် ပါတယ်) သူအလုပ်လုပ်ခဲ့စဉ်က သူဟာ ပေါင်းစည်းမှုကိုပြုခဲ့တာဖြစ်ပါတယ်... စာတန်က သူ့အသင်းတော်ကိုပေါင်းစည်းမှုပြုခဲ့ပါ တယ်။ ပြီးတော့ ဘာကြောင့်ဒီနောက် သူဟာ အဲဒီနှစ်ခုလုံးလုံးကိုအောင်မြင်သလဲဆိုတာကို ဖော်ပြပါသည်။ အန္တိခရစ်ဆိုတဲ့စာတန် ဟာ

လူတစ်ယောက်၏ပုံစံအနေနဲ့ရှိနေခဲ့တာပါ။

ဒီနောက်မှာလည်းရှင်မသဲအဲ့လိုဖြစ်မယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။ အခန်းကြီး ၄ ပါ။ စာတန်ကယေရှုကိုကျွန်တော် တို့ရဲ့ဘုရားကို အပေါ်ကိုခေါ်သွားပြီး လောကီရှင်တုိ့ကို ကိုယ်တော်အားပြသည်ဟု ကျွနု်ပ်တို့ကို ပြောထားပါတယ်။ တိုတောင်းတဲ့ အချိန်နာရီတစ်ခုမှာပါ။ ပြီးတော့ သူတို့၏ဘုန်းကြီးခြင်းကို ပြခဲ့ပါမည်။ အဲဒါတွေနဲ့ ကိုယ်တော်ကိုကမ်းလှမ်းပြီး အဲဒါတွေက သူ့ဥစ္စာ ဆိုပြီး ပြောခဲ့ပါတယ်!

ဒါကြောင့်ဒီနောက် ခင်ဗျားမြင်ရမှာက သူဟာ သူဖော်ပြမှုနှင့် သူ့ရဲ့အသင်းတော်ကိုအတူတကွပေါင်းစည်းမှုပြုနိုင်တယ် ဆိုရင် ဒီနောက် မြင်းနီစီးတဲ့ သူက တော်တော်ကိုသေချာသလောက် မြင်းစီးမည့်ပုဂ္ဂိုလ်ဖြစ်နိုင်ပါတယ်။ အမှန်အကန်ပါ!

64 ၆၄။ ဒီနောက်ဒီနေရာမှာ သူ့အသင်းတော်နှင့် ဖော်ပြချက်မှာပါသည့် သူ့ရဲ့လျှို့ဝှက်ချက်ကိုကျွန်တော်တို့ရှာဖွေဖော်ထုတ်ကြပါ မည်။ သူ့ရဲ့သာသနာလုပ်ငန်းရဲ့လေးဆင့်မြောက်အသင်းဖြစ်ပါတယ်။ သူက သားရဲလို့ခေါ်ဆိုမှုပြုပါတယ်။ ပထမသူခေါ်တာက အန္တိခရစ်ပါ။ နောက်တော့ သူခေါ်တာက မှားယွင်းသောပရောဖက်ပါ။ ဒီနောက် သူခေါ်တာကသားရဲဖြစ်ပါတယ်။ ဒီနေရာက သားရဲ လို့ ခေါ်တဲ့အရာကို ကျွန်တော်တို့ရှာဖွေကြပါမည်...

အခုစတုတ္ထမြောက် မြင်းနောက်က အဲဒါကို ကျွန်တော်က ခင်ဗျားတို့အား သတိထားစေချင်တာပါ။ဒီစတုတ္ထမြောက် မြင်း မှာရှိပါတယ်။ တကယ်လို့ ခင်ဗျားသတိထားမိတယ်ဆိုရင် အားလုံးဟာ... ပထမတစ်ကောင် အဖြူ၊ ဒီနောက် နောက်တစ်ကောင်က အနီနောက်တစ်ကောာင်က အမည်း စတုတ္ထအကောင်က... အခြားသော ဒီလိုမျိုးသုံးကောင်နဲ့အားလုံးဟာ အဲဒီလိုကိုယ်စားပြုနေ ခြင်းဖြစ်တယ်ဆိုတာက မွဲတဲ့အရောင်ကအနီနဲ့အဖြူရောထားလို့ ဖြစ်ပါတယ်။ ဒါကြောင့် အတူတကွရောထားလို့ ဖြစ်ပါတယ်။ မြင် လား ? အဲ့လို မြင်းတစ်ကောင်မှာအားလုံးရောနှောနေတာဖြစ်ပါတယ်။ ကြည့်ပါ။ ပြီးတော့ အဲ့လိုသူဟာလေးခုမြောက်မှာဖြစ်လာပါ တယ်... ဒါမှမဟုတ် တကယ်တော့သုံးကောင်ပေါင်းထားတဲ့တစ်ကောင် ဖြစ်ပါတယ်။ အဲဒီတစ်ကောင်မှာ အားလုံးရောနေတာဖြစ် ပါမည်။

65 ၆၅။ အခုကျွန်တော်ခင်ဗျားတို့ကို အဲဒီလေးယောက်ကို သတိမိစေချင်ပါတယ်။ ဝိညာဉ်သဘောတရားရေးရာသချာၤသဘော တရားမှာရှိတဲ့ လေးဆိုတဲ့ အမှတ်အသားပျောက်သွားတာကို သတိထားမိစေလိုတာပါ။ဘုရားသခင်က သုံးဆိုသောအရာမှာရှိပါ တယ်။ ဒါကတော့ လေးဖြစ်နေပါတယ်။ သူက ဒီနေရာမှာလေးဆိုပြီးရှိနေပါတယ်။ ပထမက အန္တိခရစ်အဖြူရောင်ဖြစ်တယ်။ ဒုတိ ယကမှားယွင်းတဲ့ပရောဖက်အနီရောင်ဖြစ်တယ်။ တတိယက ကောင်းကင်နှင့်မြေကြီး၌ရှိသောဘုန်းကြီးသောသူ ပြီးတော့ အပြစ် နှင့်ကင်းစင်သောသူဖြစ်တယ်။ အမည်းရောင်ဖြစ်ပါတယ်။စတုတ္ထမြောက်ကတော့ သားရဲဖြစ်ပြီး မြင်းမွဲဖြစ်ပါသည်။ စာတန်သည် ကောင်းကင်မှ ကန်ထုတ်ခြင်းခံခဲ့ရပါတယ်။ခင်ဗျားတို့ အဲဒါကို ဖတ်ချင်ပါသလား ?ဗျာဒိတ် ၁၂ နဲ့ ၁၃ မှာရှိပါတယ်။ စာတန်သည် ကောင်းကင်ကနေ ကန်ထုတ်ခြင်းခံခဲ့ရပါတယ်။ ဒီနောက် ဗျာဒိတ် ၁၃း၁-၈မှာရှိပါတယ်။ သူဟာ သားရဲဆိုတဲ့လူကို ရုပ်လုံးဖော်တဲ့ လူဖြစ်ပါတယ်။ သူက ကနဦးအန္တိခရစ်ဖြစ်ပါတယ်။အခု သွန်သင်ချက်တစ်ခုကို နိကောလယုံကြည်ချက်ဟု ခေါ်ကြတယ်လေ။ ဒီနောက် သူဟာ အဲဒီကနေမှားယွင်းသောပရောဖက်တစ်ယောက် ဖြစ်လာပါတယ်။

တကယ်လို့သူဟာ ‘အန္တိခရစ်’ ဆိုရင် အန္တိခရစ်ဆိုတာက ‘ဆန့်ကျင်ဘက်ပြုခြင်း’ ပင်ဖြစ်ပါတယ်။ ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ဆန့်ကျင်ဘက်ပြုသည့် ဘယ်အရာမဆို ဘုရားသခင်ကို ဆန့်ကျင်ခြင်းပင်ဖြစ်ပါသည်။ဘာဖြစ်လို့လဲဆိုရင် ဘုရားသခင်က နှုတ်ကပတ်တော်ဖြစ်လို့ပါပဲ။ ‘အစအဦး၌ နှုတ်ကပတ်တော်တည်၏နှုတ်ကပတ်တော်သည် ဘုရားသခင်၌တည်တော်မူ၍... နှုတ်ကပတ်တော်သည် လူ့ဇာတိကိုခံတော်မူကာ(ခရစ်တော်နော်) ကျွနု်ပ်တို့အကြားတွင် နေရာကျတော်မူခြင်းဖြစ်ပါတယ်။’ အခု သူကတော့ နှုတ်ကပတ်တော်ကိုဆန့်ကျင်ဘက်ပြုနေသောကြောင့် သူဟာ အန္တိခရစ်ပဲဖြစ်ပါသည်။ ဒါပေမယ့် တစ်ခုသောဝိညာဉ်ဟာ သရဖူဆောင်းခွင့်ကို မရနိုင်ပါ။ အဲဒါကတော့ သူသရဖူကို လက်ခံမရရှိခဲ့တဲ့အကြောင်းအရင်းပဲဖြစ်ပါသည်__ အခု မြှားမရှိတဲ့ လေးတစ်ခုပဲဖြစ်ပါတယ်။

66 ၆၆။ ဒီနောက်သူသရဖူဆောင်းရမယ့်အချိန်ရောက်လာတဲ့အခါမှာ အဲဒီနောက်သူ့ရဲ့အန္တိခရစ်သွန်သင်မှု၌ မှားယွင်းသောပရောဖက်ဖြစ်လာပါမည်။ အဲဒါကိုရလား ?ဒီနောက် သူ့မှာ သူရထားတဲ့ဓားရှိမယ်။ ဘာဖြစ်လို့လဲဆိုရင် သူဟာ သူ့တန်ခိုးတွေကိုပေါင်းဆုံ အောင်လုပ်ဆောင်မှုပြုမှာဖြစ်ပါတယ်။ ဒီနောက် သူဘယ်သူ့ကိုမှ မေးစရာအကြောင်းမရှိတော့ပါဘူး။သူဟာ ပြည်နယ်ကိုအုပ်ချုပ် မည့်သူဖြစ်ပါတယ်။ သူဟာ ကောင်းကင်၏အုပ်ချုပ်သူအဖြစ်ရှိနေပါမည်။ သုံးခွသဏ္ဍာန်သရဖူတစ်ခုကိုခံယူပြီး သူ့ကိုယ်သူ ‘အပြစ် နှင့် ကင်းစင်ခြင်း’ လို့ခေါ်တဲ့ အတွေးအခေါ်တစ်ခုနဲ့ဆင်မြန်းမှုပြုပါမည်။ အဲ့နေရာမှာ တကယ်လို့ သူတို့ထဲမှတချို့တလေ တဖန်အသေခံစရာအကြောင်းရှိတယ်ဆိုရင်တော့ သူတို့ဟာငွေအချို့ကိုယူပြီး ထွက်သွားရမည့်သူတို့ကို ငွေပေးချင်ကြပါမည်။ ထိုသို့ထွက် ပေါ်သောသူတို့ကို သူကဆုတောင်းပေးခွင့်ရပါမည်။ ဘာဖြစ်လို့လဲဆိုရင် ထိုသို့လုပ်ခွင့်ကိုရသောတန်ခိုးကိုသူပိုင်ရလို့ဖြစ်ပါတယ်။ သူဟာ ဘုန်းတော်ကြီးတစ်ပါးဖြစ်ပါသည်။ အသေအချာသူကအဲ့လိုဖြစ်မှာပါ။ သူဟာ ကမ္ဘာမြေကြီးပေါ်မှာ ဘုရား၏နေရာကို ယူ မည့်သူဖြစ်ပါတယ်။ တကယ်လုိ့ ထိုအမှုက အလွတ်သက်သက်ဖြစ်နေသ၍ ဘယ်အရာကိုမှတော့ လုပ်မှာမဟုတ်ပါဘူး...

ကျွန်တော်တို့အဲဒါကိုရှာဖွေကြပါမည်။ ကျမ်းစာဖြင့် အဲဒါကို ဆွဲချသွားပါမည်__ သူ့ရဲ့ကိန်းဂဏန်းအရေအတွက်နှင့်ခပ် သိမ်းသောအရာတို့ကိုပင် ရေတွက်မှုပြုရပါမည်။ ဒီမှာသူရှိနေပါတယ်။ဒီနံပါတ်လေးမှာသူ့ကိုပြန်ထားကြပါမည်။ (နံပါတ်သုံးမဟုတ် ပါဘူး။) နံပါတ်လေးဆိုတာကိုကြည့်ပါ။

67 ၆၇။ အခုလှန်ကြပါစို့... ဗျာဒိတ်ကျမ်း ၁၂ ကိုပါ။ အခု ဒါလေးကိုဖြစ်ကြစို့ဆိုတာ ဘာဖြစ်လို့လဲဆိုရင် အဲဒီလိုလုပ်ဖို့ ကျွန်တော် တို့မှာအချိန်ရလို့ပါ။ ဗျာဒိတ်ကျမ်း အခန်းကြီး ၁၂ အခန်းငယ် ၁၃ ပါ။

ထိုအချိန်မှာပင်ကြီးစွာသော ငလျင်လှုပ်လေသည်...

မဟုတ်ဘူး။ကျွန်တော်နေရာမှားသွားတာပါ။ ဆယ့်သုံးမှာပါ။

'ထိုနဂါးသည်မြေကြီးသို့ ကိုယ်ကျသည်ကို သိမြင်လောက် ဘာယောကျ်ားကို သွားမြင်သောမိန်းမကိုညှင်းဆဲ၏ '

68 ၆၈။ အခုခင်ဗျားတို့ကြည့်ပါ။ သူဟာ ကမ္ဘာမြေကြီးဆီကို မောင်းချခံရပြီးတဲ့အခါမှာတော့လူဝင်စားတစ်ယောက်ဖြစ်လာပါ တယ်။ အန္တိခရစ်ရဲ့ဝိညာဉ်ဟာ လူတစ်ယောက်ထဲကိုဝင်ပြီးလူဝင်စားဖြစ်လာသလိုမျိုးပါ။ လူတစ်ယောက်ဟာ တစ်ခုကနေ အခြား တစ်ခုကိုပြောင်းနေခြင်းဖြစ်ပါတယ်__ အန္တိခရစ်ရဲ့ဝိညာဉ်ကနေမှားယွင်းတဲ့ပရောဖက်တစ်ယောက်ဆီကို ရောက်သွားပြီးနောက် သားရဲက သူ့အထဲကိုရေကာသွားပါမည်။

အခုအသင်းတော်ကြီးသွားလာသလို အတိအကျပါပဲ။ သူ့ရဲ့အသင်းတော်က အန္တိခရစ်ကနေမှားယွင်းတဲ့ပရောဖက်ဖြစ် သွားတာပါ။ ကြီးမြတ်သောခေတ်ကာလ၌သားရဲကိုမှားယွင်းတဲ့ပရောဖက်ဖြစ်သွားတာပါ။ ကြီးမြတ်သောခေတ်ကာလ၌ သားရဲကို ရောက်လာစေခြင်းက ပေါ်ထွက်လာစေဖို့ပါ... ဒါကြောင့် အသင်းတော်က အဲဒီအတိုင်းရောက်လာပါတယ်။ဖြောင့်မတ်ခြင်းအား ဖြင့် စင်ကြယ်ခြင်းအားဖြင့်ရောက်လာပါတယ်။ ပြီးတော့ခရစ်တော်ကဲ့သို့သော သန့်ရှင်းသောဝိညာဉ်တော်ဗတ္တိဇံက လူတို့၌တည် တော်မူပါသည်__ အခု အတိအကျပါပဲ။ ပြီးတော့ သူ့မှာ အဲဒီမှာလွှမ်းခြုံထားတဲ့အဲဒီလိုပုံစံအတုရှိပါတယ်။ ကြည့်ပါ__အဲ့လိုပုံစံ လည်း ဖြစ်ကောင်းဖြစ်နိုင်ပါတယ်။ အဲ့လိုမျိုး သူကအခုအတိအကျအမှန်အကန်ပါပဲ။ အဲဒါက သူ့၌ရှိတဲ့အရာပါ။ ကောင်းကင်မှ ကန် ထုတ်ခံခဲ့ရပါတယ်။

69 ၆၉။ အခုကျွန်တော်တို့ ဗျာဒိတ် ၁၃း၁-၈ မှာ ရှာဖွေဖော်ထုတ်ကြပါမည်။

(၁)ပင်လယ်နား၌ သဲပေါ်မှာငါရပ်၍ သားရဲတစ်ကောင်သည် ခေါင်းခုနစ်လုံး၊ချိုဆယ်ချောင်းနှင့် [အခု ဒီဆယ့်နှစ်မှာပါ။ သူကန် ထုတ်ခံရတယ်ဆိုတဲ့နေရာပါ။အခုကြည့်ပါ] တကွ ချိုပေါ်၌ သရဖူဘယ်သူကိုဆောင်းလျက် ခေါင်းပေါ်၌လည်း ဘုရားသခင်၏အသရေတော်ကို ရှုတ်ချသောနာမရှိလျက် ပင်လယ်ထဲက တက်သည်ကိုမြင်၏။ (၂) ထိုသို့ငါမြင်သောသားရဲသည် ကျားသစ်နှင့်တူ ၏။ သူ၏ခြေသည်...

အို အခုကျွန်တော်တို့မှာ အချိန်ရတယ်ဆိုရင် ကျန်တဲ့ညတွေမှာလည်း အမှတ်အသားတွေကိုကျွန်တော်တို့အချိန်ယူကြပါ မယ်။ ပြထားပါတယ်... အဲဒါကို တစ်ဖန် သူ၏တန်းတန်းမတ်မတ်ရောက်သွားစေတဲ့အရာဖြစ်ပါတယ်။ ဘယ်အရာကိုမဆို... အများ ဆုံး ခင်ဗျားတို့အားလုံးကတော့အခြားသင်ခန်းစာတွေကနေ အဲဒါကို သိခဲ့ကြတာဖြစ်ပါတယ်။

... ဝံခြေကဲ့သို့မြစ်၏ သူ၏နှုတ်သည်လည်းခြင်္သေ့နှုတ်ကဲ့သို့ဖြစ်၏။ နဂါးသည် မိမိတန်ခိုးနှင့် မိမိပလ္လင်ကိုင်း၊ကြီးစွာသောအာဏာ စက်ကိုင်း၊ သားရဲ၌ အပ်မေး၏။ [ရုပ်လုံးဖော်ပြတဲ့ စာတန်ဆိုတာကိုမြင်ကြပါ။]

(၃)သားရဲ၏ခေါင်းတစ်လုံးသည် သေအောင်ကွပ်မျက်ပြီးသကဲ့သို့ဖြစ်၍

70 ၇၀။ ဆက်သွားရင်အဲဒါက အနောက်ရောက်သွားပါသည်။ ခင်ဗျားတို့ အောက်ထိဖတ်သွားလို့ရမယ့်အခွင့်အရေးကိုရတဲ့အချိန် ရောက်ပါပြီ။မဟုတ်ပါဘူး။ အခု နည်းနည်းလောက် ထပ်ဖတ်ကြပါစို့။

သေစေသောလက်ချက်သည် ပျောက်လျက်ရှိ၏။မြေကြီးသားအပေါင်းတို့သည် သားရဲနောက်သို့ လိုက်၍အံ့သြကြ၏။

ခင်ဗျားတို့အခုကြည့်ပါ။ခင်ဗျားတို့ လုံးဝကွန်မြူနစ်အယူဝါဒဆိုတာကိုပဲ စောင့်ကြည့်မနေကြပါနှင့်။ အဲဒါကဘာမှမဟုတ် ပေမယ့် တစ်နေ့ခင်ဗျားတို့ကို အထောက်အကူပြုမည့် ဘုရားသခင်လက်တော်ထဲကအသုံးပြုစရာ တန်ဆာပလာတစ်ခုဖြစ်ပါမည် ... သွေးကြွေးဆပ်ပေးမည့်အရာဖြစ်ပါတယ်။မနက်ဖန်ညကျရင် ကျွန်တော်တို့ရောက်မယ့်ပုံပေါက်ပါသည်။

ထိုသားရဲ၌ အာဏာစက်ကို အပ်ပေးသောနဂါးကိုကိုးကွယ်ကြ၏။ [နဂါးက ဘယ်သူဖြစ်ပါသလဲ?စာတန်ပါ။ အဲဒါမှန်တယ်နော်? အနီရောင်နဂါးဖြစ်ပါတယ်။ ဟုတ်ပါပြီ။] [သူဘယ်နေရာကနေ တန်ခိုးကိုခံရတာလဲဆိုတာကြည့်ပါ။]

သားရဲတို့လည်း ကိုးကွယ်၍ အဘယ်သူသည်သားရဲနှင့်တူသနည်း။ အဘယ်သူသည် သူ့ကိုစစ်ပြိုင်နိုင်သနည်းဟု ပြောဆိုကြ၏။ (၅)ထိုသားရဲသည်လည်း ကြီးစွာသောစကားကိုင်း၊ ဘုရားသခင်ကို ပြစ်မှားသောစကားကိုင်း၊ပြောတတ်သောနှုတ်နှင့်ပြည့်စုံ၍ ကလေးဆယ့်နှစ်ပတ်လုံး စီရင်ရသောအခွင့်ကို ရကြ၏။ ' (၆)ဘုရားသခင်ကိုပြစ်မှားသောစကားအားဖြင့် [အဲ့မှာ ခင်ဗျားတို့ရောက် နေတာပါ။]နာမတော်နှင့်တဲတော်ကိုင်း၊ [သူ့ကို ခေါင်းစဉ်တစ်ခုပေးလိုက်တာပါ။] [ထိုနေရာကသန့်ရှင်းသောဝိညာဉ်တော် ကိန်း ဝပ်မည့်နေရာဖြစ်ပါတယ်။ အဲဒီနေရာကို ရောမမြို့ဗာတီကန်စီးတီးတစ်နေရာမှာထားပါမည်။ ခင်ဗျားတို့ အခုအောက်ကို ဆက်ဖတ် သွားလို့ရပါတယ်။] ကောင်းကင်သားတို့ကိုင်းဖြစ်ပွားခြင်းငှာ နှုတ်ကိုဖွင့်ထား၏။ [သူတို့ဟာ ကြားဝင်စေ့စပ်ဖြန်ဖြေပေးသူများဖြစ် သည်ဟု ပြောကြားခံခြင်းဖြင့် သူတို့ကို ပြစ်မှားစော်ကားပြောဆိုမှုပြုမှာဖြစ်ပါတယ်။]

71 ၇၁။ သန့်ရှင်းသူတို့ကိုစစ်တိုက်၍ နိုင်ရသောအခွင့်ကိုရ၏။ [သူအဲ့လိုဖြစ်ခဲ့ဖူးပါတယ်]

သူလုပ်ခဲ့ဖူးပါတယ်__ လူတွေကိုတိုင်မှာချည်ပြီး မီးရှို့သတ်တယ်၊ ခြင်္သေ့စာကျွေးတယ်။ ပြီးတော့ ဘယ်လိုနည်းနဲ့မဆိုသူ ဆက်လို့ရသလောက် သတ်ဖြတ်မှုပြုခဲ့ပါတယ်။

အသီးသီးသော ဘာသာစကားကို ပြောသောလူအမျိုးအနွယ်ခပ်သိမ်းတို့ကိုအုပ်စိုးရသောအခွင့်ကိုလည်းရ၏။

အဲဒါကရုပ်တုဆင်းတုကိုးကွယ်တဲ့ရောမမြို့အပြစ်ကနေ ဘုန်းကြီးတွေကို ကိုးကွယ်တဲ့ရောမမြို့အဖြစ်သို့ပြောင်းလဲသွားချိန်အထိ

ရောမမြို့၌ အဲဒီလိုလုံးဝမဖြစ်ဘူးခဲ့တဲ့ကိစ္စဖြစ်ပါတယ်။ကယ်ဘိုလစ်တန်ခိုးဟာ တစ်ကမ္ဘာလုံးကိုပျံ့နှံ့ပြီး အနန္တစကြာဝဠာကယ်သိုလစ်အသင်းတော်ကြီးကို ဖြစ်ပေါ်စေပါတယ်။

(၈)ကွပ်မျက်သော သိုးသငယ်၏အသက်စာစောင်၌ [ငါ၏ ဆီနှင့်ဝိုင်ကို မထိနဲ့ဆိုတာရှိပါတယ်။]ကမ္ဘာဦးကပင် စာရင်းမဝင်သော မြေကြီးသားအပေါင်းတို့သည် သားရဲကို ကိုးကွယ်ကြ၏။

(၉)နားရှိသောသူမည်သည်ကား ကြားပါစေသော။

(၁၀)သူတစ်ပါးကို ဖမ်းဆီးယူသွားသောသူသည် ကိုယ်တိုင်ဖမ်းဆီးယူသွားခြင်းကို ခံရလိမ့်မယ်။ဓားဖြင့်သတ်တတ်သောသူသည် လည်း ကိုယ်တိုင်ဓားဖြင့်သေရမည်။ ဤအရာ၌ သန့်ရှင်းသူတို့သည်သည်းခံစရာအကြောင်း ယုံကြည်စရာအကြောင်း ရှိ၏။

72 ၇၂။ အခုလာမည့်နောက်ဆုံးညမှာ သူ့ရဲ့ကြီးစွာသောဓားနှင့် အသတ်ခံရမယ့် သူ့အကြောင်းကျွန်တော်တို့မှာရှိပါတယ်။ ဓားနဲ့ အသတ်ခံရမယ့် သူ့ကို ကျွန်တော်တို့ရှာဖွေကြပါမည်။အဲ့လိုပဲ နှုတ်ကပတ်တော်ဓားလည်း ရှိပါတယ်။ ဘုရားသခင်၏နှုတ်ကပတ် တော်က__ထက်တဲ့ အသွားနှစ်ဖက်ရှိတဲ့ဓားဖြစ်ပါတယ်__သူ့ကိုသတ်ပြီး အမှန်တကယ်သူ့ကို ဆွဲချသွားမှာဖြစ်ပါတယ်။ ဘုရားသခင်၏နှုတ်ကပတ်တော်ကို အစစ်အမှန်စောင့်ထိန်းမှုပြုသည့် ထိုလူအုပ်ဆီသို့ခုနစ်ခုမြောက်သော မိုးချုန်းသံဖြစ်သည့် အဆုံးစွန် ဆုံးသောသူတို့ရဲ့အသံရောက်ချိန်အထိ စောင့်ဆိုင်းနေရပါမှာဖြစ်ပြီး ပြီးရင်တော့ အဲဒါကိုအဲဒီမှာ ကိုင်တွယ်မှုပြုမှာဖြစ်ပါတယ်! အဲ ဒါကို ပါးပါးလေးလှီးမှာဖြစ်ပါတယ်။သူတို့ဟာ ကောင်းကင်သားတွေကို ပိတ်ထားလို့ရပါမည်။ သူတို့ဟာဒီလိုပိတ်ထားလို့ရနိုင်ပါ တယ်။ ဒါမှမဟုတ် ဟိုလိုလုပ်မယ်__ သူတို့လုပ်ချင်သလိုကိုလုပ်ပစ်ကြမှာပါ။

ကိုယ်တော်ဟာသူ့ပါးစပ်မှထွက်တဲ့ နှုတ်ကပတ်တော်အားဖြင့် သတ်ဖြတ်မှုကိုပြုပါမည်။ အဲဒါကအသွားနှစ်ဖက်ရှိသော ဓားထက် ထက်သောအရာဖြစ်ပါတယ်။ သူတို့အလိုရှိရင်သူတို့ဟာမဝင်ကောင် အို ဣန္ဒြေကဒါကန်ချိန်ကို ခေါ်ဆိုမှုပြုနိုင်ပါတယ်။ အာမင်! သူတို့ဘာပြောပြောဖြစ်လာပါမည်။ ဘာဖြစ်လို့လဲဆိုရင် အဲဒါက ဘုရားသခင်၏နှုတ်မှဘုရားသခင်၏နှုတ်ကပတ်တော် ထွက်လာခြင်းကြောင့် ဖြစ်ပါတယ်။ အာမင်။

ဘုရားသခင်ကအစဉ်အမြဲ... အဲဒါက သူ့ရဲ့နှုတ်ကပတ်တော်ဖြစ်ပါတယ်။ဒါပေမယ့် ကိုယ်တော်က ထိုအမှုကိုပြုရန် လူကို အစဉ်အမြဲအသုံးပြုတော်မူပါသည်။ဘုရားသခင်ဟာ အဲဒီတုန်းက အီဂျစ်ပြည်မှာယင်ကောင်တွေကို ခေါ်ဆိုမှုပြုနိုင်ခဲ့ပါတယ်။ဒါပေ မယ့် ကိုယ်တော်က 'မောရှေအဲဒါမင်းအလုပ်ဖြစ်တယ်။ ဘာလုပ်ရမယ်ဆိုတာ ငါမင်းကို ပြောမယ်။ မင်းအဲဒါကို သွားလုပ်' လို့မိန့် တော်မူခဲ့ပါသည်။ သူဟာ အဲဒါကိုပြည့်ပြည့်ဝဝလုပ်ဆောင်မှုပြုခဲ့ပါတယ်။ မြင်ပါ။ အဲဒီအကောင်တွေကိုခေါ်ဖို့ကိုယ်တော်က လူ ကို ရွေးချယ်မှုပြုခဲ့ပါတယ်။ ဟုတ်ပါပြီ။

73 ၇၃။ အခုကျွန်တော်တို့ဒီနေရာမှာရှိတဲ့စာတန်ကိုရှာဖွေကြပါမည်။ကောင်းကင်ကနေကန်ချခံရပြီးနောက်မှာ သူ့ကိုယ်သူသားရဲ ထဲမှာဝင်စားလို့ရအောင် လုပ်တယ်။ပြီးတော့ အခု သူဟာသားရဲတစ်ကောင်ဖြစ်သွားပါပြီ။ အန္တိခရစ်မားယွင်းသောပရောဖက်ဖြစ် တယ်။ (ပြီးတော့ အခု သားရဲပြီးတော့ မရဏာဆိုတဲ့အမည်ကို အပ်ခြင်းခံရတဲ့သူဖြစ်ပါတယ်။ ငရဲကသူ့နောက်သို့ လိုက်ပါခြင်းရှိပါ တယ်__ပြည့်စုံသွားတဲ့စာတန်ဟာ သူ့ပလ္လင်ပေါ်မှာထိုင်မှာ ဖြစ်ပါတယ်။ အို ကျွန်တော်!ကမ္ဘာမြေကြီးပေါ်မှာ... ကမ္ဘာကြီးပေါ်မှာ သူဟာစာတန်၏ကိုယ်စားလှယ်ဖြစ်ခြင်းကို တည်ရှိစေပါမည်။ အခု အဲ့လိုသူဟာ လောကီနိုင်ငံတို့၏ဥက္ကဋ္ဌဖြစ်ပါမည်။ မဿဲ ၄ မှာ ယေရှုဘုရားကို သူကမ်းလှမ်းခဲ့တဲ့ နိုင်ငံများနှင့်အလွန်တရာဆင်တူလုပ်ပါတယ်။ စာတန်ဟာ အခုဆိုရင် ပြည့်စုံသောဘုရင်ကြီး တစ်ပါးဖြစ်လာပါပြီ။

အခု ဒါကမကြာခင်ဖြစ်လာမယ့်အရာပါ။ အခု သူဟာမှားယွင်းသော ပုရောဖက်ဖြစ်ပါတယ်။ သူဟာဂျူးတွေနဲ့ချုပ်ဆိုသော ပဋိညာဉ်ကို ဖောက်ဖျက်ပြီးနောက်မှာတော့ သူဟာသားရဲဖြစ်လာပါမည်။ သူတို့ ဘယ်လိုဖြစ်မယ်ဆိုတာ ခင်ဗျားတို့သိပါတယ်... ဟုတ်ပါပြီ။

74 ၇၄။ အခုသတိပြုပါ။အဲဒီအချိန်ရောက်ရင် သူဟာ သားရဲတစ်ကောင်၏ တစ်ခုသောနှလုံးသားကို အပ်ခြင်းခံရမည့်သူဖြစ်ပါတယ်။ စာတန်က သူ့ကိုယ်သူ လူဝင်စားလိုမျိုးလုပ်ဆောင်မှုပြုပါမည်။ ဘာဖြစ်လို့လဲဆိုရင်အသင်းတော်ကို ချီဆောင်မှုပြုစဉ်အခါ စာတန်ကတော့မောင်းထုတ်ခံရမှာဖြစ်လို့ဆိုတာကိုမြင်ကြပါ။ ဒီနောက် အဲဒီလိုအမှုပြုတော်မူခဲ့ပါသည်။သူ့ရဲ့စွပ်စွဲချက်အားလုံးကို လုပ်ဆောင်မှုပြုပါမည်။ ကြည့်ပါ။

အခုဖြစ်နေသ၍... ကြည့်ပါ။ ကြားကစေ့စပ်ပေးတဲ့သူကပလ္လင်မှာထိုင်နေသ၍ စာတန်က အဲဒီမှာထိုင်လို့ရနေမှာဖြစ်ပြီး စွပ်စွဲနေမှာဖြစ်ပါသည်။ဘာဖြစ်လို့လဲဆိုရင် သူဟာ အခြားဘက်ကနေ တရားရင်ဆိုင်ရမည့် ကိုယ်စားလှယ်ဖြစ်လို့ပါ။သူဟာ ခရစ် တော်၏ရန်သူဖြစ်လို့ပါပဲ။ခရစ်တော်က... သူကအဲဒီမှာ သူကစိုက်နေမှာဖြစ်ပါတယ်... အဲဒီမှာစိုက်နေတဲ့ရန်သူက 'ဒါပေမယ့် စောင့်ပါ။ အာဒံက ကျဆုံးခဲ့တယ်။ အာဒံက ဒီလိုလုပ်ခဲ့တယ်။ ငါကသူ့ကိုအောင်နိုင်သောသူဖြစ်တယ်။ ငါဟာ သူ့ဇနီးကို လှည့်စား မှုတစ်ခုယုံကြည်စေခဲ့တယ်။အဲဒီလိုနည်းနဲ့ သူမကို သေဆုံးစေခဲ့တာလို့ မင်းတို့ပြောခဲ့တယ်လေ။ အဲဒါကို ငါရထားတာ' ဆိုပြီးပြော နေပါတယ်။

ဒါပေမယ့်အဲ့မှာ ဒီလိုပေါင်းကူးပေးတဲ့လူက မတ်တပ်ရပ်နေပါတယ်။ (အာမင်)ဆွေမျိုးတော်တဲ့ရွေးနှုတ်ကယ်တင်သူဖြစ်ပါ တယ်။ (အာမင်) အသွေးများနှင့်အဲဒီလိုမတ်တပ်ရပ်နေတဲ့သူဟာ အဆိုးရွားဆုံးသောအပြစ်သား၏ နှလုံးသားကို ယူဆောင်ကာ ပြောင်းလဲစေတော်မူနိုင်ပါသည်။ပေါင်းကူးပေးရတဲ့ တစ်ယောက်သောသူဟာ ပလ္လင်ပေါ်မှာ ထိုင်တော်မူပါတယ်။ ဟုတ်ပါတယ် ဆရာ။

စာတန်က 'ဒါပေမယ့်လည်း သူတို့မှာအပြစ်ရှိတယ်။' ဆိုပြီးပြောပါသည်။

သူကတော့ 'သူတို့ မရှိတော့ပါဘူး။' လို့ပြောနိုင်ပါတယ်။

75 ၇၅။ Clorox က အစွန်းချွတ်ဖို့တီထွင်ခဲ့ပါတယ်။ ဒါမှမဟုတ် ထုတ်လုပ်ခဲ့ပါတယ်... မင်ကနေထွက်တဲ့ အရောင်စွန်းတာတွေနဲ့အခြားမည်သည့် အစွန်းသာသည်ကိုမဆိုချွတ်ဖို့အတွက်ဖြစ်ပါတယ်။သူတို့ကအဲဒါကိုပိုင်ဆိုင်ရရှိခဲ့ပါတယ်။ အဲဒါကို ခင်ဗျားနောက်တစ်ခါပြန်ရှာလို့မတွေ့နိုင်တဲ့အထိ အဲဒါက ချွတ်ပစ်လိုက်တာဖြစ်ပါတယ်။အဲ့လိုအငွေ့အဖြစ်ကို ပြန်ရောက်သွားတာပါ။ နည်းလမ်းပေါင်းစုံဖြင့် စကြာဝဠာအလင်းဆီကိုပြန်ရောက်သွားတာပါ။ အရင်က မော်လီကျူးတွေအဖြစ်သို့ ပြန်ရောက်သွားတာပါ။ အရာရာတိုင်းကိုပင်လျှင် သူတို့ရောက်လာတဲ့ကနဦးနေရာဆီသို့ ပြန်ရောက်အောင်ပြုပြင်နိုင်ပါတယ်။အဲဒါက ဖန်တီးမှုတစ်ခုဆိုရင် အဲ့မှာရှိခဲ့ပါမည်...ဖန်တီးမှုတစ်ခုဟာဖန်တီးတဲ့သူဆီကနေ ရောက်လာတာဖြစ်ပါတယ်။ ဒါပေမယ့်အလုံးစုံသောဓာတုပစ္စည်းများကို ထုတ်လုပ်မှုပြုပါမည်။ အတူတကွပေါင်းစပ်ပါမည်။သူတို့ဟာ ပြိုကွဲပြီး အဲဒီမှာရှိတဲ့ အဲဒီဟာတွေအကုန်လုံး အဲဒီလိုဖြစ်သွားပါမည်။အဲ့မှာ အဲဒါထက်ပိုစရာအကြောင်း ဘာမှမရှိပါဘူး။ အလွန်တရာသော ရေဆိုတဲ့အရာကိုပင်လျှင် Clorox နှင့်ရောလိုက်မယ်ဆိုရင် ပြာဖြစ်သွားပါသည်။ အာမင်! ဘုရားသခင်ဘုန်းကြီးစေသတည်း။အဲဒါအားလုံး စင်ကြယ်သွားပါတယ်။

အဲဒီယေရှုခရစ်တော်၏ အသွေးတော်သည် စစ်မှန်သောဘုရားသားသမီးကို အမှုပြုတော်မူပါမည်။ သူသည်အပြစ်ကိုဝန်ချတောင်းပန်မှုပြုတဲ့အခါ အဲဒီလိုသူ့ရဲ့...မေတ္တာနှင့်ကောင်းမြတ်ခြင်းကြောင့် တရားစီရင်ခံရစရာအကြောင်း၌ရပ်တည်မှုပြုနိုင်စရာအကြောင်းရှိပါမည်။ ဘုရားသခင်က 'အဲဒါကို ငါဘယ်လိုမှမှတ်တောင်မမှတ်မိနိုင်အောင်ဖြစ်ရသည်။ သူဟာ လုံးဝဥဿုံငါ့သား ဖြစ်တာပဲ' ဟု မိန့်တော်မူရလောက်သည်အထိ အဲဒီအမှုဟာအဲဒီလောက်ထိကြီးမြတ်မှုရှိတာဖြစ်ပါသည်။ 'အကယ်စင်စစ်ငါသည် သင့်အား မိန့်တော်မူ၏။ ဤတောင်ကို ရွှေ့လော့ဟုသင်ဆိုလျှင် သင်၏နှလုံးသား၌သံသယမရှိဘဲ သင်ပြောတဲ့အရာကို သင်ယုံ ကြည်လျှင် ထိုအမှုသည်ပြည့်စုံခြင်းကိုရောက်မည်။ သင်ပြောတဲ့အတိုင်း သင်ရရှိပိုင်ဆိုင်မှာဖြစ်တယ်' လို့မိန့်တော်မူခဲ့ပါတယ်။ ခင်ဗျားတို့ဟာ ရွေးနုတ်ခံရတဲ့သားတစ်ယောက်စီ ဖြစ်ကြပါတယ်။ အာမင်! အဲဒါက အမှန်ဆိုတာကိုကျွန်တော်သိပါတယ်။

76 ၇၆။ ကျွန်တော်ဟာဟိုးအရင်က မတူညီတဲ့အချိန်ကာလခြောက်ခုမှာ ရှဉ့်ကလေးတွေထွက်လာတာကို မြင်ဖူးခဲ့ပါတယ်။အဲဒါ က ကျွန်တော်သိခဲ့ရတာပါ။ [စကားလုံးမသဲကွဲပါ] တစ်ကောင်က ဒီမှာလာထိုင်ပါမည်။အခုက... ကိုယ်တော်ဟာ ယင်ကောင်တွေ၊ ဖားတွေနဲ့အခြားအကောင်တွေကို ဖန်ဆင်းမှုပြုနိုင်သလိုပဲ ရှဉ့်ကလေးတွေကိုလည်းထိုနည်းလည်းကောင်းပင် ဖန်ဆင်းမှုပြုနိုင်ပါ သည်။ ကိုယ်တော်က ဘုရားဖြစ်ပါတယ်။ဖန်ဆင်းရှင်ဖြစ်ပါတယ်။ ဟုတ်ပြီနော်! ပြီးတော့ အချိန်က... သေခြင်းမရှိတဲ့အရာဖြစ်ပါ တယ်...ဒါပေမဲ့ သေတတ်တဲ့အပြစ်က ဝန်ချတောင်းပန်မယ်။ Clorax ဖြစ်တဲ့ ယေရှုခရစ်တော်ဆိုတဲ့ အစွန်းချွတ်ဆေးထဲမှာ တစ်စက်တစ်စက်စီးဝင်သွားတဲ့အခါမှာတော့အပြစ်အားလုံးကိုဆေးကြောမှုပြုလိုက်ပါတယ်။ သူဟာစင်ကြယ်စွာဖြင့် မသန့်စင်တဲ့အရာ တွေ ကွယ်ပျောက်သွားပါမည်__ အပြစ်နှင့်ကင်းစင်ပြီးအမှားနှင့်လည်း ရှင်းသွားပါသည်။

ဘုရားသခင်၏မွေးဖွားခြင်းကိုခံရသောသူသည် အပြစ်မကျူးလွန်တော့ပါဘူး။ သူအပြစ်ကို မလုပ်နိုင်တော့တဲ့အတွက်ဖြစ်ပါသည်။ အစွန်းချွတ်ဆေးက သူနှင့်ဘုရားအကြားမှာရှိနေပါတယ်။အဲဒါကအမြဲအဲဒီလိုဘယ်လိုဖြစ်နိုင်ပါမည်နည်း။ အဲဒါကိုပျောက်ကွယ်စေကာအဲဒီလိုပြောင်းပေးလိုက်တဲ့လူဆီကို အမှန်တကယ်ပြန်ပို့ပေးလိုက်တာ ဖြစ်ပါတယ်။ အာမင်!ဟူး။ ကျွန်တော်ဘာသာ ရေးကို ခံစားရပါတယ်။ကျွန်တော်ခင်ဗျားကို ပြောပါမည်။ ဒါက ဖော်ပြဖို့အစပြုနေသလိုမျိုး အခုကျွန်တော်နှိုးဆော်ခံရပါတယ်။

77 ၇၇။ အခုပြည့်စုံတဲ့စာတန်ဟာ သူ့ရဲ့ပလ္လင်မှာထိုင်မှာဖြစ်ပါတယ်။ ဟုတ်ပါတယ်ဆရာ။ အဲဒါကဘုရားကို ကမ်းလှမ်းခဲ့တဲ့ဘုရား သခင်ကို ကမ်းလှမ်းခဲ့တဲ့အရာဖြစ်ပါတယ်။ သူမှာအဲဒီလိုမျိုး သားရဲ၏နှလုံးသားနှင့် သူက ဒီမှာထိုင်နေတာဖြစ်ပါတယ်။ အခု ဒီလိုရှိတဲ့လူက သားရဲဖြစ်ပါတယ်။ နတ်ဆိုးဝင်စားတဲ့လူဖြစ်ပါတယ်။မှားယွင်းတဲ့ဟန်ဆောင်မှုအောက်ကနေ ဒီကမ္ဘာမြေကြီးပေါ်မှာ သူ့ရဲ့ ရုပ်သွင်ကို သူကဖန်တီးမှုပြုမှာ ဖြစ်ပါတယ်။ အို ကျွန်တော်ရဲ့ကောင်းမြတ်ခြင်း !စစ်မှန်သောနုတ်ကပတ်တော်ကို လွဲမှားစွာအတု အပပြုလုပ်မှုအောက်ကနေပြီးသူ့ကိုယ်သူနှုတ်ကပတ်တော်နှင့် ပေါင်းစည်းအောင်လုပ်မှာဖြစ်ပါတယ်။

သူဟာလုပ်ခဲ့ဖူးတဲ့သူ့ပုံစံအတိုင်းပြောင်းလဲခြင်းမရှိလုပ်ခဲ့ပါတယ်။ အဲဒါကတော့ ယုဒပါပဲ။ လွန်ခဲ့သော နှစ်နှစ်တစ်ထောင်ဖြစ်ပါတယ်။ သူဘာလုပ်ခဲ့ပါသလဲ?ယုဒဟာ ယုံကြည်သူတစ်ယောက်လို့ ရောက်လာခဲ့ပါတယ်။ အစကတည်းက နတ်ဆိုးတစ် ကောင်ဖြစ်ပါတယ်။ သူဟာ လုံးဝကိုဖျက်ဆီးဆုံးရှုံးခြင်း၏သားအနေနဲ့ မွေးလာခဲ့တာပါ။ ယေရှုအပေါ်မှာ ဘာတစ်ခုမှသူဆွဲသိမ်း လု့ိမရဖြစ်နေခဲ့တာပါ။ ဘာဖြစ်လို့လဲဆိုရင် ကိုယ်တော်ဟာ အလွန်တရာသောကနဦးအစကပင် သူ့ကိုသိကျွမ်းတော်မူခြင်းကြောင့် ဖြစ်ပါသည်။ (အာမင်) ကိုယ်တော်ကနှုတ်ကပတ်တော်ဖြစ်တဲ့အတွက်ကြောင့်ပါပဲ။

78 ၇၈။ ဟုတ်ပါပြီ။ပြီးတော့မှတ်ထားပါ။ ယုဒဟာ ဘဏ္ဍာထိန်းဆိုတဲ့နေရာကိုယူပြီးငွေကြောင့်ကျဆုံးခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် ဒီကနေ့အသင်းတော်ကိုလည်း လုပ်မှာပါ။ကယ်ဆိုလစ်အသင်းတော်က (ကျွန်တော်တို့ မနေ့ညက သတိပြုမိခဲ့ကြတာသလိုပါပဲ) ဒိုဗီနာအတွက်ပိုက်ဆံပေးရတယ်။ ဆုတောင်းချက်တွေအတွက် ပိုက်ဆံပေးရတယ်။ အရာရာတိုင်းအတွက် သူတို့ကိုပိုက်ဆံပေးရ ပါတယ်။ ကယ်ဆိုလစ်အသင်းတော်၏ မီးတွေအဖြစ်ကို ရောက်ဖို့နီးနေပါပြီ။အဲဒီပရိတက်စတန်တွေဖြစ်နေကြတဲ့အရာပါ။ အကုန် လုံးကို ပိုက်ဆံနဲ့ပဲထုတ်ထားကြတာဖြစ်ပါတယ်။ အဲဒီနေရာမှာ ယုဒကျရှုံးခဲ့တာဖြစ်ပါတယ်။ ဒီနေရာဟာဆိုရင်တော့သူကရှုံးတဲ့နေ ရာဖြစ်ပါတယ်။ အဲဒီနေရာကတော့ ပရိုတက်စတန်တွေ ကျဆုံးတဲ့နေရာဖြစ်ပါမည်။

ကြည့်ပါ... မြင်းစီးတဲ့သဏ္ဍာန်နဲ့ ထွက်လာတဲ့သူလိုပဲ။ မြင်းမွဲကိုစီးတဲ့အရာရှိပါတယ်။ ဒါကတော့ နောက်ဆုံးမြင်းစီးသူဖြစ် ပါတယ်။ အခု သူဟာသူ့ရဲ့နောက်ဆုံးသောအရာပေါ်မှာ ရှိနေပါပြီ။ အခု ဒါက ကျွန ်ပ်တို့၏နေ့ရက်ကာလ၌ဖြစ်မှာမဟုတ်ပါဘူး။ ဒါ က နောက်မှာသက်ရောက်မယ့်အမှုဖြစ်ပါတယ်။ အဲဒါက တံဆိပ်ကကြို၍ပြောသောအရာဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတာကြည့် ပါ။

ဒီလိုဖြစ်တဲ့အချိန်မှာတော့အသင်းတော်ကို ရုပ်သိမ်းသွားပြီးဖြစ်ပါတယ်။

79 ၇၉။ ခရစ်တော်ဤကမ္ဘာမြေကြီးပေါ်မှာပေါ်ထွန်းတော်မူစဉ်အခါ... ဒီကောင်လည်းပေါ်ထွက်လာပြီး လုံးဝလုံးဝကို နတ်ဆိုးဖြစ်သွားတာပါ__အန္တိခရစ်အဖြစ်ကနေ နည်းမျိုးစုံနဲ့ မှားယွင်းတဲ့ယဖ်ပရောဖက်အဖြစ်ကိုရောက်သွားခဲ့တာပါ။ ဒီနောက် သားရဲအဖြစ် ကိုရောက်ပါမည်__ နတ်ဆိုးက သူ့ကိုယ်သူ... ပြီးတော့ သူဟာ မြင်းပွဲကိုစီးတဲ့သူဖြစ်ပါတယ်။အရောင်အားလုံးယူပြီး အရောင်မျိုး စုံကိုရောပြီး သူ့ကိုမွဲပြီးသေခြင်းကိုပုံဆောင်အောင် လုပ်ဆောင်မှုပြုခြင်းဖြစ်ပါတယ်။

ဒါပေမယ့်ကျွန်ုပ်တို့၏ဘုရားသခင် ဤကမ္ဘာမြေကြီးပေါ်သို့ ကြွလာတော်မူတဲ့အခါ ကိုယ်တော်ဟာနှင်းလိုဖြူတဲ့မြင်းကို စီးနင်းလာမှာဖြစ်ပါတယ်။ ကိုယ်တော်သည်ပြီးပြည့်စုံစွာဖြင့် ကြွဝစွာဖြင့် ဇမာန္တေလအဖြစ်ကို ခံယူတော်မူပါမည်_ ဘုရားသခင်၏နှုတ်ကပတ်တော်က လူ့အထဲ၌ဝင်စားတော်မူပါတယ်။ ကြည့်ပါ။ အဲဒါက အဲဒီလိုရှိတာနဲ့ဘယ်လောက်တောင်ကွဲပြားလိုက်ပါသနည်း။ အဲဒါက အဲဒီလိုခြားနားမှုဖြစ်ပါတယ်။

80 ၈၀။ သတိပြုပါ။အန္တိခရစ်ဟာမြင်းမွဲပေါ်မှာရှိပါတယ်။ အရောင်တွေရောသေးတဲ့အရာဖြစ်ပါတယ်။မြင်းဆိုတဲ့သားရဲတစ်ကောင် က တန်ခိုးတစ်ခုကို ပုံဆောင်ခြင်းဖြစ်ပါတယ်။ သူ့တန်ခိုးကအားလုံးပေါင်းထားတာဖြစ်ပါတယ်။ ဘာဖြစ်လို့ပါလဲ? အဲဒါက နိုင်ငံရေးအဲဒီနိုင်ငံနှင့်ဆိုင်သောအစွမ်းများဘာသာရေးဆိုင်ရာတန်ခိုးများ နတ်ဆိုးတန်ခိုးတွေ အမျိုးစုံသောတန်ခိုးတွေကိုအတူတကွရောနှောထားလို့ဖြစ်ပါတယ်__ ရောစပ်ထားတဲ့မြင်းမွဲတစ်ကောင်ဖြစ်ပါတယ်။ သူ့မှာ အမျိုးစုံရောထားတဲ့ အစွမ်းတွေရှိပါတယ်။

ဒါပေမယ့်ယေရှုကြွလာတော်မူစဉ်အခါ အဲ့လို ခိုင်ခဲ့တဲ့အရောင်ရှိတဲ့ မြင်းတစ်ကောင်ပေါ်မှာ__ နှုတ်ကပတ်တော်ပေါ်မှာရှိ နေပါမည်။ အာမင်! ဒီတစ်ကောင်ဟာဆိုရင် အဲ့လိုအနီ အဖြူ အမည်းရောင်တွေထဲမှာရောထားတဲ့အကောင်ဖြစ်ပါတယ်။သုံးရောင်ပေါင်းထားတဲ့အရောင်တစ်ခုဖြစ်ပါတယ်။ တစ်ခုကို ကိုယ်စားပြုနေပါတယ်။သုံးခုပေါင်းထားတဲ့တန်ခိုးတွေက တစ်ခုသောအရာကိုကိုယ်စားပြုနေပါတယ်__ မြင်းဖြူတစ်ကောင်မြင်းမည်းတစ်ကောင်၊ မြင်းနီတစ်ကောင်ရှိပါမည်။

သုံးခုထပ်ထားတဲ့သရဖူတစ်ခုအဖြစ် မြင်ရပါသည်။ သေချာပါတယ်။

81 ၈၁။ ကျွန်တော်ကိုယ်တိုင်သရဖူဆိုတာကို မြင်ခဲ့ဖူးပါတယ်။ အဲဒါကို နီးနီးကပ်ကပ်ရပ်၍ကြည့်ခဲ့ဖူးတာပါ။ သူတို့က ကျွန်တော် ကို အဲဒီထိမရောက်အောင် မှန်ခြားထားပေးပါတယ်။ဒါကြောင့် အဲဒါက အဲဒီလိုရှိနေပါတယ်။ အဲဒါကို သော့ခလောက်ကြီးနဲ့ ခတ်မိ ထားတာပါ။ သေတ္တာတစ်လုံးပေါ်မှာတင်ထားကြတာပါ။ သုံးခွသရဖူလိုဖြစ်ပါတယ်။ ဒါကြောင့်အဲဒါကအမှန်ပဲဖြစ်မယ်ဆိုတာ ကျွန် တော်သိခဲ့ရပါတယ်။ ဒါကြောင့် အဲဒီလိုသူဟာ သုံးခွသရဖူကို ဆောင်းခဲ့ပါမည်။ကောင်းကင်ဘုန်းကြီးစင်ကြယ်သန့်ရှင်းမှုနှင့် ကမ္ဘာ မြေကြီးဆိုပြီးတော့ ဖြစ်ပါတယ်။ တန်ခိုးသုံးရကို အတူတကွပေါင်းစည်းထားတယ်ဆိုတာကို မြင်ကြပါ။
တစ်ခုသောအရောင်ထဲမှာအားလုံးရောနှောထားခြင်းဖြစ်ပါတယ်_အမွဲရောင်ဆိုပြီးတော့မှပါ။ မရတာက ခပ်သိမ်းသောအမှု၌ စကားပြောဆိုမှုပြုပါတယ်။နိုင် ငံရေး၊ ဘာသာရေးနှင့် နတ်ဆိုးတန်ခိုးတွေကို အတူတကွရောနှောထားခြင်းဖြစ်ပါတယ်။နိုင်ငံရေးတွေကတော့_ သူဟာနိုင်ငံတွေ ထဲက ဘုရင်တစ်ယောက်ဖြစ်လို့ပါ။ စာတန်ပဲဖြစ်ပါတယ်။ တော်ပါသည်။ ဟုးသေချာပါတယ်။ သူနှင့် ဉာဏ်ရည်တွင်ဖို့ မကြိုးစား လိုက်ကြပါနှင့်။ အခုဘုရားသခင်ကိုပဲ ယုံကြည်ကြပါ။

ဒီမတိုင်မီကထိုသို့သောအရာအားဖြင့် ကျွန်တော်တို့ ဖြတ်သန်းခဲ့ရသလိုမျိုးပါပဲ။ အားလုံးဟာတော်ကြတယ်။ ပညာတတ် ကြတယ်။ ပြီးတော့ အဲ့လို မှားယွင်းတဲ့ဘက်ကရောက်လာတဲ့ကိစ္စတွေနဲ့ရှိနေခဲ့ကြဖူးပါသည်။ အခု နှုတ်ကပတ်တော်အားဖြင့် ထိုသို့ သောအရာနောက်ကို လိုက်ကြပါမည်။ ထိုသို့သောအရာကမှန်ကန်မှုရှိတယ်ဆိုရင် ရှာဖွေဖော်ထုတ်ကြပါမည်။ ကာဣန၏သားသ မီးတို့ နောက်သို့လိုက်၍သူတို့ဘာဖြစ်လာကြတယ်ဆိုတာကို ကြည့်ပါ။ ဒီနောက် ရှေသ၏သားသမီးတို့နောက်လိုက်၍သူတို့ဘယ် လိုဖြစ်ခဲ့ကြသည်ကို မြင်ပါ။

82 ၈၂။ ကျွန်တော်ကအဲဒီလိုမသိနားမလည်တာကို မြွောက်ပေးနေတာမဟုတ်ပါဘူး။ လုံးဝမဟုတ်ရပါဘူး။ မဟုတ်ပါဘူး ဆရာ။ဒါပေမယ့် ဘယ်သူ့ကိုမဆို ခင်ဗျားခေါ်လိုက်ပါ။ ခက်ခဲစွာဖြင့် ကျမ်းစာကိုဖြစ်စေရတာပါ။သိပ်ကိုခက်ခဲပြီး ကြုံတောင့်ကြုံခဲကိစ္စပါ... အဲဒီလိုမျိုးပေါလုလို့ခေါ်တဲ့လူတော်တစ်ယောက်ရှိခဲ့ဖူးပါသည်။ သူက ခရစ်တော်ကို သူသိဖို့ဆိုရင်သူသိထားတဲ့အမျိုးမျိုးသော အ စီအစဉ်တွေကို မေ့ပျောက်စရာအကြောင်းရှိတယ်လို့ပြောခဲ့ပါတယ်။ သူက 'ငါသည်သင်တို့ထံသို့ သူ၏လှည့်စားတတ်သော ပရိ ယာယ်စကားလုံးတို့ဖြင့် ရောက်လာခြင်းမဟုတ်ငါသည် သင်တို့ထံသို့ ခရစ်တော်၏ရှင်ပြန်ထမြောက်ခြင်းတန်ခိုးဖြင့် ရောက်လာ သည်' ဟု ဆိုခဲ့ပါတယ်။ အဲဒါက အမှန်ပါ_ သန့်ရှင်းသောဝိညာဉ်တော်၏တန်ခိုးပဲဖြစ်ပါတယ်။ အခြားသူတွေကိုလည်း ကြည့်လိုက် ပါ။ တချို့လူတွေဟာဆိုရင်ဘယ်ဘက်၊ ညာဘက်ဆိုတာကိုပင် သိကြတဲ့လူတွေမဟုတ်ပါဘူး။

ပရောဖက်တို့၏ခေတ်ကာလတောက်လျှောက်ကို ကြည့်လိုက်ပါ။ ပြီးတော့ သူတို့ဟာရောက်လာကြတဲ့နေရာရှိပါတယ်။ ပြီးတော့ အဲ့လိုမျိုးတွေရှိပါတယ်။ကျွန်တော်ဘာဆိုလိုတယ်ဆိုတာကို မြင်ပါသလား?အဲဒါကတော့ တော်မယ်၊ အသိဉာဏ်ပညာရှိ မယ်။ ပြီးတော့ ပညာဉာဏ်ကြီးမှုတို့ပင်ဖြစ်ပါမည်။ ဉာဏ်ပညာဆိုတာက ခင်ဗျားတို့ကို ဘုရားသခင်ဆီကနေ အဝေးကြီးကို ခေါ်သွားပေးမယ်။ တိကျတဲ့အလွန်တရာသောအကြောင်းတရား ဖြစ်ပါသည်။

83 ၈၃။ သူ့မှာတန်ခိုးသုံးခု သို့မဟုတ် တရားစီရင်ပိုင်ခွင့်သုံးမျိုးရှိပါတယ်။ မြေကြီး၊ကောင်းကင်နှင့် သန့်ရှင်းစင်ကြယ်ခြင်းဆိုပြီး တော့မှဖြစ်ပါသည်။ သူ့ကိုယ်သူသုံးမျိုးပေါင်းပြီးတစ်ခုဖြစ်အောင်လုပ်ထားတာပါ။ အဲဒါက သူလုပ်ထားတဲ့အရာဖြစ်ပါတယ်။ သုံးခု သောအရာတစ်ခုကို သူစီးနင်းမှုပြုတာဖြစ်ပါတယ်။သူ့တန်ခိုးသုံးမျိုးပေါင်းထားတာမှာ ရှိပါသည်။ သူ့သရဖူက

သုံးမျိုးပေါင်းထားတဲ့တစ်ခုသောအရာ၌ တည်တာဖြစ်ပါတယ်။ အဲဒါဆို သူကဘာဖြစ်ပါသနည်း? __ သုံးပါးပေါင်းတစ်ခုသုံးပါးပေါင်းတန်ခိုး၊ သုံးခွ ပေါင်းထားတဲ့သရဖူ၊ သုံးမျိုးစပ်ထားတဲ့မြင်းတစ်ကောင်ကိုစီးနှင်းခြင်းဖြစ်ပါတယ်။(အဲဒါကိုအလုပ်သုံးမျိုးဖြစ်ပါတယ်) တစ်ဖန်လေးခုမြောက်သောအရာတစ်ခုကိုဖြစ်စေတယ်ဆိုတာကို မြင်ပါ။ ပြန်ပြီး လေးခုဆိုတဲ့အရာတစ်ခုကို လုပ်လိုက်တာပါ။

ဟုတ်ပါပြီ။သူ့ရဲ့လုပ်ငန်းဆောင်တာမှာရှိတဲ့ အဆင့်သုံးဆင့်ဟာ သူ့ကို တစ်ယောက်သောလူအဖြစ်ပြုပြင်ပေးလိုက်ပါ သည်__ စာတန်ဝင်စားတဲ့သူဆိုပြီးဖြစ်လာစေပါတယ်_ သူလုပ်ငန်းမှာရှိတဲ့အဆင့်သုံးဆင့်ကတော့ အန္တိခရစ်ဆိုတာရယ် မှားယွင်းတဲ့ပရောဖက်ဆိုတာရယ် သားရဲဆိုတာရယ်ဖြစ်ပါတယ်__ အဲဒါကပုံစံသုံးခုဖြစ်ပါတယ်။ ကြည့်ပါ။ အဲခု အဲလို ပုံစံသုံးခုရှိပါတယ်။ အခု ဘုရားသခင်ကသူ့ကိုယ်သူအမှုပြုတာကိုလည်း သိထားကြပါ။ ရေ၌ဥင်း၊ သွေး၌ဥင်း၊ ဝိညာဉ်၌ဥင်းတည်တော်မူပါသည်__ ဘုရားသခင်၏နှုတ်ကပတ်တော်အားဖြင့် ဘုရားသားဆိုတဲ့ ခရစ်ယာန်တစ်ယောက်ကို ဖြစ်စေပါတယ်။ကြည့်ပါ။ ပြီးတော့ ဒီလိုတန်ခိုးသုံးမျိုးကလည်း သူ့ကိုနတ်ဆိုးတစ်ကောင်ဖြစ်စေခဲ့ပါတယ်။ အို ဒီနေရာမှာရှိတဲ့ဒါက ရေ၊ သွေးနှင့်ဝိညာဉ်ဖြစ်ပါတယ်။ အဲဒါတွေက ဘုရားသခင်ဆီမှာရှိတဲ့အရာတွေပါ။ ပြီးတော့ အဲဒါကဘာဖြစ်ပါသနည်း? နိုင်ငံရေး၊ဘာသာရေးနှင့် နတ်ဆိုးတန်ခိုးတွေကို အတူ တကွရာပြီး သူ့ကိုနတ်ဆိုးတန်ခိုးတွေကိုအတူတကွရောပြီး သူ့ကို နတ်ဆိုးဖြစ်စေခဲ့တာပါ။

ခရစ်တော်၏ပထမအကြိမ်ကြွလာတော်မူခြင်းက လူ့သဘောတစ်ခုကို ဆောင်ခဲ့ပါတယ်။ ကိုယ်တော်ကသုံးကြိမ်ကြွလာ တော်မူပါသည်။ ခရစ်တော်ကသုံးခုသောအရာ၌ တည်တော်မူပါသည်။

သူဘယ်လိုကြွလာသလဲဆိုတာ စောင့်ကြည့်ကြပါမည်__သူကတော့ လေးခုဖြစ်ပါသည်။

84 ၈၄။ ခရစ်တော်ကိုကြည့်ပါ။ ပထမကြွလာတော်မူခြင်းရှိပါတယ်။ အသွေးသွန်းလောင်းတော်မိုးနှင့်အသေသတ်ခြင်းကိုခံတော် မူရန် လူ့သဘောတစ်ခုကိုဆောင်ပြီး ကြွလာတော်မူပါသည်။အဲဒါမှန်တယ်နော်! အဲဒါက သူ့ရဲ့ပထမအကြိမ်ကြွလာတော်မူခြင်းဖြစ် ပါသည်။ ဒုတိယအကြိမ်ကြွလာတော်မူခြင်းက ချီဆောင်ခြင်းဖြစ်ပါမည်။ ကျွန်တော်တို့ ကိုယ်တော်နှင့်ကောင်းကင်ထက်၌တွေ့ဆုံ ကြရပါမည်__ သေခြင်းအစိုးမရသောသဘော၌တွေ့ရမှာပါ။ ကိုယ်တော်၏တတိယအကြိမ် ကြွလာတော်မူခြင်းက သူ၏ဘုရားဖြစ်ခြင်းအရာ၌ကြွလာတော်မူမှာဖြစ်ပါသည်။ အာမင်! ဧမာနွေလဘုရားသခင်ဟာ ကမ္ဘာမြေကြီးပေါ်မှာစိုးစံမှုပြုမှာဖြစ်ပါသည်။ အဲဒါ အမှန်ပါ__သုံးခုတည်းပါ။

မြင်းစီးသူ၏စတုတ္ထမြောက်အဆင့်ကို... ကြည့်ကြပါ။ ဒီမြင်းစီးသူ၏စတုတ္ထမြောက်အဆင့်ကို မရဏာဟု ခေါ်ဆိုမှုပြုပါ သည်။ မရဏာဆိုတဲ့အဓိပ္ပာယ်ကဘုရားသခင်ထံမှ ထာဝရကွဲကွာခြင်းဟု အဓိပ္ပာယ်ရပါသည်။ အဲဒါကတော့ သေခြင်း၏အဓိပ္ပာယ်ဖြစ်ပြီးတော့__ ဘုရားသခင်ထံမှထာဝရကွဲကွာစရာအကြောင်း ရှိပါတယ်။ အခု ဒီကောင်ထွက်သွားဖို့ကျွန်တော်တို့နေရာယူလိုက် ကြမယ်ဆိုရင် အဲဒီလိုအတန်းအစားကို ရောက်သွားကြပါပြီ။ကျွန်တော်တို့ဟာ သမ္မာကျမ်းစာအားဖြင့် ဒီကောင်ဘယ်သူဆိုတာကို ပြသကြမယ်ဆိုရင်... ကျွန်တော်တို့ဟာ တောင်တွေ၊ နေရာတွေနဲ့ ဘယ်နေရာတွေမဆိုတောင်ဖြစ်ပွားစေနိုင်ကြတဲ့လူတွေဖြစ်၍ အတိအကျအမှန်အကန် ရောက်ခဲ့ကြတဲ့လူတွေဖြစ်ပါတယ်။ အခုလင်းယုန်ငှက်အားဖြင့် သူ့ကို ‘မရဏာ’ ဟုခေါ်ဆိုမှုပြုခဲ့ကြပါ တယ်။ အဲဒါကဘာလဲဆိုရင် သူ့ကိုယ်သူခေါ်တဲ့အရာ ဖြစ်ပါတယ်။

85 ၈၅။ မှတ်ထားပါ။ဒီမှာ... ကြည့်ပါ။ သေခြင်းဆိုတာထာဝရကွဲကွာခြင်းဖြစ်ပါသည်။ မှတ်ထားပါ။ သူတော်စင်တွေက မသေပါ ဘူး။ သူတို့အိပ်နေတာပါ။မသေပါဘူး။ ‘အကြင်သူသည်ငါ့စကားကိုကြား၍ ငါ့ကိုစေလွှတ်သောသူကို ယုံကြည်၍ထာဝရအသက် ကိုရ၏။ [အဲဒါက အမှန်ပါ။တရားစီရင်ခြင်းထဲကို မရောက်ရပါ။ သေခြင်းမှ အသက်ရှင်ခြင်းသို့ကူးမြောက်သောသူဖြစ်ပါသည်။ ငါ သည် ရှင်ပြန်ထမြောက်၍အသက်လည်းဖြစ်သည်’ ဟု ယေရှုမိန့်တော်မူခဲ့ပါတယ်။ ‘အကြင်သူသည် ငါ၌ယုံကြည်၍သေလွန်သော် လည်းရှင်လိမ့်မည်။ ငါ၌အသက်ရှင်၍ ယုံကြည်သူတို့သည် သေခြင်းသို့မရောက်ရာ’ လာဇရုသေခဲ့ပါသလား? ‘သူအိပ်ပျော်နေခဲ့တာပါ။’ ကြောက်ရွံ့ခြင်းမရှိနှင့်မိန်းကလေး။ သေတာမဟုတ် အိပ်ပျော်နေတာ ‘ဆိုတော့ သူတို့သည် ကိုယ်တော်ကို မထီမဲ့မြင်ပြုဖို့ လှောင်ပြောင်ရယ်မောကြပါသည်။ အဲဒါဟုတ်လား? အို ကျွန်တော်! ကြည့်ပါ။ သူတော်စင်တို့ကမသေပါဘူး။

ဘုရားသခင်နှင့်ကွဲကွာခြင်းကသေခြင်းဖြစ်ပါသည်။ ထာဝရသေခြင်းဖြစ်ပါသည်။ ပြီးတော့ ဒီကောင်ကို မရဏာလို့လည်း ခေါ်ပါတယ်။ ဒါကြောင့် သူ့ဆီကနေ ဝေးဝေးနေဖို့ စောင့်ထိန်းပါ။

86 ၈၆။ သူကဘာဖြစ်ပါသနည်း? အဖွဲ့အစည်းနှင့်သက်ဆိုင်သောစနစ်တစ်ခုဖြစ်ပါသည်။ပထမဆုံးပါ။ နံပါတ်တစ်အသင်းတော်ကိုဖွဲ့စည်းမှုပြုပါတယ်။ သူဟာနိစိန်ကောင်စီမှာရှိတဲ့ ကွန်စတန်တိုင်၏နားလည်မှုကို အရယူစဉ်အခါ... ကျွန်တော်တို့အမျိုးသမီး တွေကို ခေါ်လာခဲ့ကြပါတယ်။ မနေ့ညက ဇေဘယ်လိုဖြစ်သလဲဆိုတာကို ပြသခဲ့ပါတယ်။ကနဦးသတို့သမီးပါ။ သူမရဲ့ခင်ပွန်းသူမ ကို အစဉ်သဖြင့်မရသေးခင်က သူမဟာ ဧဒင်ဥယျာဉ်ထဲ၌ဘုရားသခင်၏နှုတ်ကပတ်တော်ကို မယုံကြည်ခြင်းအားဖြင့် ကျဆုံးခဲ့ပါ သည်။ ဝိညာဉ်ရေးရာသတို့သမီးကို__ ပန်တီကော်စတယ်၏နေ့ရက်ကာလ၌မွေးဖွားလာခဲ့ပါတယ်__ ခရစ်တော်၏ပိုင်ဆိုင်မှုဖြစ်ပါတယ်။ ကိုယ်တော်သူမကို မသိမ်းပိုက်မီ ဘာဖြစ်ခဲ့ပါသနည်း? သူမဟာ ရောမမြို့၌ကျဆုံးခဲ့ပါသည်။(ကြည့်ပါ) အယူဝါဒအတွက် သူမရဲ့နှုတ်ကပတ်တော်နှင့် သက်ဆိုင်သောပါရမီထူးကိုဆုံးရှုံးခဲ့ရပါတယ်။ အာမင်!

အိုကျွန်တော်အဲဒါကိုတွေးမိဖို့ နှိုးဆော်မှုက တဖန်ပြန်ရောက်ရှိလာတာကိုကျွန်တော်ခံစားရပါတယ်။ အရူးတစ်ယောက် ကို ပြုမူဖို့ ကျွန်တော်မရည်ရွယ်ပါဘူး။ဒါပေမယ့် ကျွန်တော်အခု... ကျွန်တော်ကို ဘယ်လိုအမှုပြုသလဲဆိုတာခင်ဗျားတို့သဘော ပေါက်မှာမဟုတ်ပါဘူး။ အခုဒီမှာလေးရက်လောက် ကျွန်တော်ထိုင်ခဲ့ပြီးပါပြီ။ ကျွန်တော်ကို လူတစ်ယောက်လိုပြန်ပြီးခံစားရသလို မျိုးဖြစ်စေသည့်

တစ်စုံတစ်ခုသောအကြောင်းကို ပြောစရာအကြောင်းကျွန်တော်ရှိနေပါတယ်။ ကျွန်တော် ဘာဆိုလိုသလဲဆိုတာ ခင်ဗျားတို့သိပါတယ်။ ဟုတ်ပါပြီ။

အဲဒီကိုစပြောပြီးတာနဲ့ နေရာတကာ လျက်တပြက်မြင်ကွင်းတွေကို ခင်ဗျားမြင်ရပါမည်။ အဲဒါကအမှန်ပါ။ အဲဒါကတော့ ကျွန်တော်ကိုယ်တိုင် တဖန်ပြန်ရအောင်__ တဖန်ပြန်ပြီးလှုပ်ရှားစေဖို့ တစ်ခုခုကျွန်တော်ပြောကြားတဲ့ အကြောင်းအရာလည်းဖြစ်ကောင်းဖြစ်နိုင်ပါတယ်။ မြင်ကြပါ။

87 ၈၇။ ကျွန်တော့်မှာပိုင်းခြားနားလည်ခြင်းဆိုတဲ့စည်းတစ်ခုကို ပိုင်ဆိုင်ရစဉ်အခါ ခင်ဗျားတို့ကျွန်တော့်ကိုသတိထားမိပါသလား ?လူတွေကို ရယ်အောင်လုပ်ဖို့ တစ်စုံတစ်ခုကို ကျွန်တော်ပြောပါမည်။ ဒီနောက်ကျွန်တော်လူတွေကို ငိုအောင်တစ်ခုခုကို ပြောပါ မည်။ ဒီနောက် လူတွေကို စိတ်ဆိုးအောင်ကျွန်တော်တစ်ခုခုပြောပါမည်။ ကျွန်တော် တစ်ခုခုကို သတိထားမိလိုက်ပါတယ်။ ဘယ်လိုဖြစ်လာမလဲဆိုတာကို ကြည့်ဖို့ တစ်ခုခုကို ကျွန်တော်ပြောပါမည်။ ဒီနောက်သူတို့အပေါ်ဘယ်လိုအလင်းရောင်မျိုးလွှမ်းခြုံမလဲ၊ ဘာဖြစ်လာမလဲဆိုတာကိုကျွန်တော်ကြည့်ပါမည်။ ဒီနောက် အဲဒါက ဘယ်နေရာမှာရှိမလဲဆိုတာကို ကျွန်တော်သိရပါမည်။အဲဒါကခေါ်တာလား၊ မခေါ်တာလားဆိုတာကိုလည်း ကျွန်တော်သိရပါမည်။ တကယ်လို့အဲဒါလိုမဟုတ်ရင်... အဲ့မှာထိုင်နေပါမည်... စစ်မှန်တဲ့ယုံကြည်သူကတော့ အမှန်အကန်ပါပဲ။ ဒီနောက် သူတို့ကိုခင်ဗျားခေါ်ပြီး ခင်ဗျားက ဟိုလိုဒီလိုဖြစ်တယ်... 'ဆိုပြီးပြောပါ မည်။

ပြီးရင်ခင်ဗျားကျသွားတဲ့အခါမှာတော့ ဝိညာဉ်တော်က ဘိသိက်ပြုဖို့အစပြုပါပြီ။ ဒီနောက်နေရာတကာကို ထွန်းလင်းပေးတဲ့အလင်းတန်းကို မြင်တွေ့ဖို့ရာ ခင်ဗျားအစပြုပါပြီ။ အခုအဲဒီလိုတစ်ပတ်ပြီးတစ်ပတ် အခန်းကိုပတ်ပါမည်။ အဲဒါက တစ်စုံတစ်ခုသောအရာကို ကျွန်တော်ပြောခဲ့တဲ့အကြောင်းအရင်းပင်ဖြစ်ပါတယ်။ တစ်ဖန် ပြန်စသလိုမျိုးပါပဲ။ အသစ်ပြန်စသလိုမျိုးဖြစ်တယ်ဆိုတာကိုမြင်ကြပါ။ အမြဲဆိုသလို နောက်ဆုံးအပတ်တနင်္ဂနွေနေ့ကစပြီး ကျွန်တော်ဟာအခန်းတစ်ခုထဲမှာထိုင်တယ်။ ဆုတောင်း တယ်။ အရာအားလုံးကို လုပ်ဆောင်မှုပြုပါတယ်။ဘိသိက်သွန်းလောင်းခြင်းအောက်ကနေ လုပ်ဆောင်မှုပြုတာပါ။ ပြီးတော့ ဒါကမှန်တယ်ဆိုတာကို ကျွန်တော်သိပါတယ်။ တကယ်လို့ ဘုရားသခင်ကို ခင်ဗျားယုံတယ်ဆိုရင်(ခင်ဗျားလုပ်တာကို ကျွန်တော်သိပါ တယ်။) ခင်ဗျား အခုလတစ်လ၏အဆုံးကာလကိုခင်ဗျားစောင့်ကြည့်နေလိုက်ပါ။

88 ၈၈။ အခုမရဏာ၏အဓိပ္ပာယ်က ဘုရားဆီကနေ ထာဝရကွာရှင်းခြင်းဖြစ်ပါတယ်။ အခုခင်ဗျားတို့မှတ်ထားကြပါ။ သူတော်စင်တို့မသေပါဘူး။ မှတ်ထားပါ။ သူ၏သတို့သမီးကမြင်းမွဲတစ်စီးကို အပ်ခြင်းခံရပါသည်... ကျွန်တော်ဆိုလိုတာက ဒီမြင်းစီးသူက ရှေ့ဆက်သွားဖို့ရန် မြင်းမွဲအပ်ခြင်းခံရတဲ့သူ ဖြစ်ပါတယ်။ ဒီမြင်းမွဲနှင့်အတူရှေ့ဆက်သွားရာအကြောင်းရှိပါတယ်။ ပြီးတော့ သူဟာ ဒီမရဏာမြင်းမွဲကို စီးခဲ့ပါတယ်။အခု အဲဒါဘာလဲဆိုတာကို ကျွန်တော်တို့သိပါတယ်။ အဲဒါက အသင်းတော်ဖြစ်တယ်ဆိုတာကိုကျွန်တော်တို့သိကြပါတယ်။

ပြီးတော့မှတ်ထားပါ... နောက်ဆုံးညမှာ သူဟာပြည့်တန်ဆာတစ်ယောက်ဖြစ်ရုံမျှသာမကပါဘူး။ သူဟာ ပြည့်တန်ဆာ တို့၏မိခင်တစ်ယောက်လည်းဖြစ်ပါမည်။ ပြီးတော့ သူ့ကို ပြည့်တန်ဆာတစ်ယောက်ဖြစ်စေတဲ့ အကြောင်းအရင်းကိုကျွန်တော်တို့ ရှာဖွေကြပါမည်... အဲ့လိုပုံစံရှိတဲ့မိန်းမတစ်ယောက်ဖြစ်ပါတယ်... အဲဒါက ရောနှောနေတဲ့ပရိသတ်တွေအကြားပြောဖို့ဆိုရင် ခပ်ရှိန်းရှိန်းစကားလုံးတော့ဖြစ်ပါသည်။ ဒါပေမယ့် ကျမ်းစာက အဲဒီလိုပြောတယ်ဆိုတာကို ကြည့်ပါ။ဒါကြောင့် ဒီနောက်မှာ အဲဒီမိန်းမက သူ့ရဲ့ထိမ်းမြားခြင်းကတိသစ္စာကို မစောင့်စည်းဘဲအသက်ရှင်ကြောင်းကို ကျွန်တော်တို့နားလည်သဘောပေါက်ကြရပါမည်။ ပြီး တော့ခင်ဗျားတို့ကြည့်ပါ။ သူမထင်ထားတာက (သူမကိုယ်သူမခေါ်တာက)ကောင်းကင်ဘုရင်မလို သူမကိုယ်သူမခေါ်ဆိုမှုပြုတာ ဖြစ်ပါသည်။ အဲဒါကဘုရားသခင်၏သတို့သမီးကိုခေါ်ရမည့်အရာဖြစ်ပါသည်။ ဘုရားသခင်က ခရစ်တော်ဖြစ်ပါသည်။ပြီးတော့ သူမရဲ့အိမ်ထောင်ဖက်မဟုတ်တဲ့လူနဲ့ ဖောက်ပြန်တာကိုကျွန်တော်တို့ရှာဖွေကြပါမည်။ ပြီးတော့ သူမက မြေကြီးနိုင်ငံသားတို့ကိုကိလေသာလွန်ကျူးစေသော အကြောင်းတရားကို ဖြစ်ထွန်းစေပါမည်။ အလုံးစုံသောလူချမ်းသာများ၊လူကြီးတွေနဲ့ တစ်ကမ္ဘာလုံး က သူ့နောက်ရောက်သွားတာကို မြင်ရပါသည်။

ဒီနောက်သူမဟာ သမီးအချို့မွေးလာတယ်။ ပြီးတော့ အဲဒီကလေးတွေက ပြည့်တန်ဆာတွေဆိုတာကိုကျွန်တော်တို့ရှာဖွေဖော်ထုတ်ကြပါမည်။

89 ၈၉။ ပြည့်တန်ဆာမဟုတ်တဲ့မိန်းမပျက်က ဘာလို့ဖြစ်ပါသနည်း ?အတူတူပါပဲ။ လင်ငယ်နေတဲ့လူတစ်ယောက် လင်ငယ်ခြင်းဒုစရိုက်ပြုတာ ကိလေသာလွန်ကျူးတာဖောက်ပြန်တာတွေ ဖြစ်ပါတယ်... သူတို့ ဘာလုပ်ခဲ့ကြပါသနည်း ? ဖွဲ့စည်းခဲ့ပါတယ်။ စနစ်တစ်ခုကိုရခဲ့ပါတယ်။ လူလုပ်ထားတဲ့စနစ်တစ်ခုကို သွန်သင်ပေးပါတယ်။ ပန်တီကော်စတယ်အပါအဝင်အသင်းတော်တစ်ခုလုံး ကိုပါ။

အခုခင်ဗျားတို့ရဲ့စိတ်ကို ခင်ဗျားတို့ရဲ့ပိုက်ဆံအိတ်ထဲ ကျမသွားပါစေနှင့်ပန်တီကော်စတယ်တို့။ ကျွန်တော့်ကို ခင်ဗျားတို့ အားတစ်ခုခုတော့ပြောခွင့်ပြုပါ။မျက်နှာပေါ်က မှန်သောအကြောင်းအရာကို ကြည့်ကြပါစို့။ ကျွန်တော်တို့အခုလက်သီးထိုးတာကို ဆွဲဖို့လမ်းပေါ်ဆင်းသွားရင် သိပ်နောက်ကျနေပါပြီ။

ဒီကိုကြည့်ပါ။ကျွန်တော်တို့ဟာ လောဒကိအသင်းတော်ခေတ်ကာလမှာ အသက်ရှင်နေကြတာပါ။ အဲဒီအသင်းတော်ဟာဆိုရင် ကျန်တဲ့အသင်းတော်တွေ အားလုံးထဲမှာဆိုရင် ရယ်စရာအကောင်းဆုံးဖြစ်ပါတယ်။မပူမအေး နွေးနွေးနှင့်ပါ... ခရစ်ဆိုတဲ့ တစ်ယောက်တည်းသောပုဂ္ဂိုလ်ကသာအပြစ်ကနေ အထဲပြန်ရောက်အောင် ကြိုးစားပေးခဲ့သူဖြစ်ပါတယ်။ ပြီးတော့ အဲဒါပန်တီကော်စတယ်နှင့်သက်ဆိုင်သော သတင်းစကားကအပြင်ကိုထွက်သွားပါပြီ။ 'ငါကချမ်းသာတယ်။' ဆိုပြီးပြောခဲ့ပါတယ်။သားရေ မင်းက ပထမတုန်းက ဆင်းရဲခဲ့ပါတယ်။ အခု မင်းအစစ်အမှန် ချမ်းသာခြင်းကိုရပါပြီ။ကြည့်ပါ။ '... ဘာကိုမှမလိုအပ်တော့ပါဘူး' ပြီးတော့ အို

ခင်ဗျားက ဘာဖြစ်ပါသနည်း။

ကိုယ်တော်က ‘သင်တို့သည် အဝတ်အချည်းစီးရှိလျက်ဝမ်းနည်းပူဆွေးလျက် မမြင်လျက် ဆင်းရဲလျက် ပူဆွေးလျက် ထို အရာကိုပင်မသိဖြစ်နေကြခြင်းဖြစ်သည်။’ ဟုမိန့်တော်မူခဲ့ပါသည်။

အခုလူတစ်ယောက်က လမ်းပေါ်မှာ အဝတ်ချည်းစည်းနဲ့ရှိနေပါမည်။ အဲဒါကို သိပါတယ်။ဘာဖြစ်လို့ပါလဲ။ သူကိုယ်တိုင် ကူညီဖို့ သူကြိုးစားမှာဖြစ်လို့ပါ။ ဒါပေမယ့်အဲဒါကိုသူမသိရင်တော့ ခင်ဗျားသူ့ကို ဘာမှကွဲပြားသွားအောင် ပြောနိုင်မှာမဟုတ်ပါဘူး။ဒီနောက် သူဟာ ဆိုးသွမ်းတဲ့ပုံစံတစ်ခုမှာ ရှိနေပါမည်။ ဘုရားသခင်က သူ့အပေါ်မှာမေတ္တာထားတော်မူပါတယ်။ အဲဒါအမှန်ပါ။

90 ၉၀။ သတိထားပါ။အို ကျွန်တော်! အခု မှတ်ထားပါ။ ဒီအန္တိခရစ်က (သူကိုယ်တိုင်က လူသားတစ်ယောက်ပါ)သူ့ရဲ့သတိုးသမီး (အဲဒါက သူရဲ့အသင်းတော်ပါ) နောင်တရဖို့ အခြေအနေတစ်ခုပေးခြင်းကိုခံခဲ့ရပါတယ်။ ပြီးတော့ အဲဒီအသင်းတော်ခေတ်ကာလ မှာ အဲဒါကိုလုပ်ဆောင်မှုမပြုခဲ့ပါဘူး။ သွာတိရအသင်းတော်ဖြစ်ပါတယ်။ အဲဒါကိုခင်ဗျားတို့မှတ်မိပါသလား?

ကောင်းပါပြီ။ခဏလောက် အနောက်ပြန်သွားကြပါစို့။ အဲဒါက တစ်မိနစ်လောက် အနောက်ပြန်သွားဖို့ရာ ကျွန်တော်တို့အတွက် အနာတရဖြစ်စရာအကြောင်းမရှိပါဘူး။ ပြန်သွားကြပါစို့။ အခန်းကြီးနှစ်ကိုတစ်မိနစ်လောက်ပါပဲ။ ကျွန်တော်တို့ အခုအဲဒါကို ဖတ်ပါမည်_ အခန်းကြီးနှစ်ပါ... အခု သွာတိရအသင်းတော်ဖြစ်ပါတယ်။ အခု ဒါက အလျှင်အမြန်အမှန်အကန်ဖြစ်လာမယ်ဆိုတာ ကို စောင့်ကြည့်ပါ။ ကျွန်တော် ကျွန်တော်တို့အခုရုပ်သိမ်းမှုပြုမည့်အချိန်ကာလအကြောင်း ဖြစ်ပါတယ်။ အစပြုစရာအကြောင်းမရှိ ပါဘူး။

91 ၉၁။ သတိထားပါ။သွာတိရပါ။ အခု အခန်းကြီး ၂ အခန်းငယ် ၁၈ က စပါမည်။

(၁၈)သွာတိရမြို့၌ရှိသော အသင်းတော်၏တမန်ကို ဤသို့ရေး၍ မှာလိုက်လော့။ မီးလျှံကဲ့သို့သောမျက်စိနှင့်၎င်း၊ ကြေးဝါစစ်နှင့် တူသောခြေနှင့်၎င်း၊ပြည့်စုံသောဘုရားသခင့်သားတော်၏အမိန့်တော်ကား (၁၉) သင့်အကျင့်ကျင့်ခြင်း၊ချစ်ခြင်း၊ အမှုဆောင်ခြင်း၊ ယုံကြည်ခြင်း၊ သည်းခံခြင်းကို၎င်း၊နောက်ကျင့်သောအကျင့်တို့သည် အရင်ကျင့်သော အကျင့်ထက်သာ၍ များကြောင်းကို၎င်း ငါ သိ၏။(၂၀) သို့သော်လည်း ငါ၏အစေခံကျွန်တို့သည် မတရားသောမေထုန်ကို ပြုစေခြင်းငှာ၎င်း၊ရုပ်တုရှေ့မှာ ပူဇော်သောယဇ် ကောင်ကိုစားစေခြင်းငှါ၎င်း၊ ပရောဖက်မဟုတ်၍ ကိုယ်ကိုခေါ်ဝေါ်သော သင်၏ခင်ပွန်းယေဇဗေလသည်

92 ၉၂။ [မှားယွင်းသောယဇ်ပရောဖက်၏မိန်းမဖြစ်ပါသည်။ အဲ့လိုပုပ်ကို ဘုရားသခင်၏ စစ်မှန်သောပရောဖက်အဖြစ်ယူဆထား ကြပါသည်။]

ဟုတ်ပါပြီ။စစ်မှန်တဲ့ပရောဖက်နှင့် သူ၏ဇနီးယေဇဗေလဖြစ်ပါသည်။ အခု အာဟပ်ကိုဂျူးအစစ်တစ်ယောက်လို့ ယူဆလို့ ရပါတယ်။ ဒါပေမယ့် သူဟာစိတ်ပုတ်တဲ့လူတစ်ယောက်ဖြစ်ပါမည်။ (အဲဒါကို ခင်ဗျားတို့သိထားပါ။)ဘာဖြစ်လို့လဲဆိုရင် သူ့ဇနီးက သူလုပ်ချင်တဲ့ ဘယ်အလုပ်မှမဆို သူ့ကိုအခုလိုဦးစီးဦးရွက်ပြုနေလို့ပဲဖြစ်ပါတယ်။ ယေဇဗေလ ပိုက်ဆံကိုယူပြီး သူတို့လုပ်ချင်တဲ့ဒီလိုလမ်းကြောင်းတွေကို ဦးဆောင်နေတယ်ဆိုတာကိုလည်း ကျွန်တော်တို့ရှာဖွေကြပါမည်။

... သွန်သင်၍ မှားယွင်းစေရသောအခွင့်ကို သင်သည် ပေးသောကြောင့်[အဲဒါကိုရလား?] သင်၌အပြစ်တင်စရာရှိ၏။[ကြည့်ပါ။ နိုင်ငံကို သုတ်သင်ရှင်းလင်းခံရဖို့ သွန်သင်နေခြင်းဖြစ်ပါတယ်။]

(၂၁)နောင်တရသင့်သောကာလကို ငါပေးသော်လည်း သူသည် မိမိမတရားသောမေထုန်ကိုနောင်တရချင်သောစိတ်မရှိ။ [အခု ဒီနောက် ကျမ်းပိုဒ်တစ်ခုကို ကြည့်ပါ။]

(၂၂)ထို့ကြောင့် သူ့ကိုအိပ်ရာ၌ ငါချထားမည်။ [အဲဒါက ငရဲဖြစ်ပါတယ်။] သူနှင့်အတူမတရားသောမေထုန်ကိုပြု၍ ထိုသို့သောအ ကျင့်ကိုနောင်တမရသောသူတို့ကိုလည်းကြီးစွာသောဆင်းရဲခြင်းသို့ရောက်စေမည်။
[အဲဒါကတော့ဘေးဒဏ်ကြီးကာလသို့ရောက်စေမည့်အရာဖြစ်ပါတယ်။] __ အသင်းတော်မဟုတ်ပါဘူး။အခု။

[အခု ဒီကိုစောင့်ကြည့်ပါ။] သူ၏သားသမီးတို့ကိုလည်း အသေသတ်မည်။ [ပြည့်တန်ဆာတွေကိုပါ။] ...

ဝိညာဉ်သေဆုံးခြင်းဖြစ်ပါတယ်__ အဲဒါကိုခင်ဗျားတို့ယုံကြည်ပါသလား? အဲဒါကနှုတ်ကပတ်တော်ဖြစ်ပါတယ်။ ‘ငါသည်သူတို့ကို မရဏာနှင့်အသေသတ်မည်’ ဆိုတာပါ။ ပြီးတော့ သူတို့အသတ်ခံရလျှင် သူတို့ဟာ ထာဝရကွာရှင်းခြင်းသို့ရောက်ကြရပါ မည်။

93 ၉၃။ ဟုတ်ပါပြီ။မှတ်ထားပါ။ သူက သူမကိုနောင်တရဖို့ အနေအထားတစ်ခုကို ပေးအပ်ခဲ့ပါတယ်။သွာတိရအသင်းတော်ခေတ် ကာလကတော့ အမှောင်ခေတ်ပဲဖြစ်ပါတယ်။ အဲဒီအချိန်မှာအနက်ရောင်မြင်းစီးသူက မြင်းကိုစီးပါသည်။ အဲဒီအချိန်မှာ အမျိုးမျိုး သောကိစ္စရပ်တွေ အမျိုးစုံသောအရာတွေကိုပေးအပ်မှုပြုစရာအကြောင်းရှိခဲ့ပါသည်။ ဆုတောင်းချက်တွေနိဗ္ဗာနတွေနဲ့အဲ့လိုအရာ တွေအတွက် ပေးဆပ်ခဲ့ရပါမည်။ အခုကြည့်ပါ။ဒီနောက်သူ့ရဲ့အနက်ရောင်မြင်းက ဘယ်လိုဖြစ်ပါသနည်း? သွာတိရအသင်းတော် ၌ နောင်တရဖို့ သူငြင်းပယ်ခဲ့ပြီးနောက် မြင်းစီးသူအဖြစ်သူ့ရဲ့မြင်းစီးခြင်းက ပြောင်းလဲသွားပါတယ်။ မရဏာအဖြစ်ကို ရောက်ပါ တယ်။ သူ့ရဲ့နောက်ဆုံးလုပ်ငန်းအတွက် ဖြစ်လာရတာပါ။

94 ၉၄။ အခုကျွန်တော်တစ်ခုချင်းစီကို ဒီမှာနည်းနည်းချင်းစီ ခါချပေးရပါမည်။ဘုရားကိုငြင်းပယ်ဖို့ ဘုရားသခင်၏ခေါ်တော်မူခြင်း ကို ငြင်းပယ်ဖို့ဆိုတာက... တစ်ခုသောနောက်ဆုံးအကြိမ်၌ ခင်ဗျားတို့အဲဒီလိုလုပ်လာကြပါမည်။ ပြီးတော့ အဲဒီအသင်းတော်လုပ် သလို

ဖြတ်သန်းသလိုအခုဖြစ်မှာပါ။ ဘုရားသခင်၏စိတ်ရှည်သည်းခံမှုက လူကိုအမြဲတမ်းအားထုတ်ကြိုးပမ်းနေတာတော့ မဟုတ် ဘူးဆိုတာမြင်ပါ။ ပြီးတော့ အဲဒါကို သူမငြင်းပြီးအဲဒါကိုသူမလက်ခံဖို့ ငြင်းလိုက်ပြီးနောက်မှာ သူမဟာပြောင်းလဲသွားခဲ့ပါတယ်။ပြီး တော့ အခုဆိုရင် သူမမှာမရဏာလို့ခေါ်တဲ့__ ကွဲကွာခြင်းဆိုတဲ့နာမည်တစ်ခုကိုရထားပြီးဖြစ်ပါသည်။

ဘုရားသခင်က ‘ငါသည် သူ့ရဲ့သားသမီးတွေကိုပါသုတ်သင်မှာ[ပရိတက်စတန်တွေကိုပါ။] သူတို့နားကတစ်ယောက်ချင်း စီကို ငါဟာထာဝရကွဲကွာခြင်းဆိုတဲ့အရာနဲ့ သတ်မှာဖြစ်တယ်’ လို့ မိန့်တော်မူခဲ့တာပါ။ ခင်ဗျားတို့ အဲ့လိုဖြစ်ကြမှာပါ။ သွာတိရအသင်းတော်ခေတ်ကာလ__ အမှောင်ခေတ်ပင်ဖြစ်ပါတယ်။ အမည်းရောင်မြင်းဟာ အခုဆိုရင် နောက်ဆုံးသူ့ရဲ့လုပ်ငန်းဆောင်တာ တွေအတွက် မရဏာအဖြစ်သို့ ပြောင်းသွားပြီဖြစ်ပါသည်။

အသင်းတော်ခေတ်ကာလတွေမှာတံဆိပ်တွေနဲ့ ဘယ်လိုရောနှောယှက်ထွေးနေတယ်ဆိုတာကို မြင်ပါသလား ? အခု ပြည့်စုံပါပြီ။ ဒီနောက်အဲဒါရဲ့မှန်သောအရာကို ကျွန်တော်တို့သိကြရပါမည်။ သန့်ရှင်းသောဝိညာဉ်တော်ကအမှားမလုပ်ပါဘူး။ နောက်ဆုံးအချိန်ရောက်ရင် ကိုယ်တော်က ကျွန္်ပ်တို့ကို ဟုတ်မှန်တယ်ဆိုတဲ့ကြီးမြတ်သည့်သက်သေထူမှုတစ်ခုကို ပေးသနား တော်မူပါသည်။ ကျွန်တော်တို့ရရှိပိုင်ဆိုင်သည့် အသင်းတော်ခေတ်ကာလများကိုအဲဒီလိုပြန်ဖြစ်စေမည့်အချိန်ကာလရှိမယ်ဆို တာ ခင်ဗျားတို့သိပါတယ်။

မေတ္တာထားတာဘုရားသခင်၏ကြာရှည်စွာ ဒုက္ခဆင်းရဲခံတာတွေကို မြင်ပါသလား ? ကိုယ်တော်က သူမအပေါ်သို့ တရားစီရင်ခြင်းမရောက်ခင် နောင်တရဖို့ရာ နေရာတစ်ခုကို ကိုယ်တော်ကသူမအားပေးသနားတော်မူပါသည် ! ပြီးတော့ ဘုရားသခင်၏ နာမတော်၌တည်သော ထိုအရာကိုကျွန်တော်က ဒီလိုပြောပါမည်။ ကိုယ်တော်က ပရိတက်စတန်အသင်းတော်က တူညီသောအ ကြောင်းတရားကိုပေးသနားတော်မူပါတယ်။ ပြီးတော့ သူကအဲဒီလိုမလုပ်တာဖြစ်ပါတယ် ! ဒီသတင်းစကားတွေကိုနေရာအရပ်ရပ် ၌ ခါချမှုပြုတော်မူပါတယ်။ အဲဒါကို သူကမလုပ်ဆောင်ခြင်းဖြစ်ပါတယ် ! သူကသူ့ရဲကိုယ်ပိုင်အယူဝါဒသွန်သင်ချက်တွေကိုပဲ သတ် ထားတာဖြစ်ပါတယ်။ အဲဒါကိုခင်ဗျားဘယ်လိုပဲရှင်းပြရှင်းပြ ကျွန်တော်ဂရုမစိုက်တော့ပါဘူး။

95 ၉၅။ အဲဒီချီကာဂိုမှာကျွန်တော်ပြောခဲ့သလိုပါပဲ။အဲဒီနေ့က လူတွေမများသေးဘဲ အမှုတော်ဆောင်တွေပဲရှိတဲ့အချိန်က… အဲ့မှာ သူတို့က ကျွန်တော့်ဆီကနေမြွေမျိုးစေ့၏သွန်သင်ချက်အကြောင်းနှင့် ဒီလိုအခြားကိစ္စတွေအားလုံးကိုမှတ်သားနေကြပါတယ်။ ကျွန်တော်က ‘တစ်ယောက်ယောက်ခင်ဗျားတို့ကျမ်းစာကိုယူပြီး ဒီကိုလာပေးပါ။ ကျွန်တော်ဘေးမှာ ထားထားပါ။ အဲဒီနောက်’ လို့ ပြောတဲ့အခါ ဘယ်သူမှ ဘာမှမပြောကြပါဘူး။

ကွန်မီဟပ်စ်က ‘ဒီမတိုင်ခင်ကအဲဒီလိုမျိုး ကျွန်တော်လုံးဝမကြားခဲ့ဖူးဘူး ဘရာသာဘရမ်ဟမ်။ ကျွန်တော် အဲဒီအခွေသုံးရာလောက်ကို လိုချင်ပါတယ်။ အဲဒါတွေကို သာသနာပြုတွေဆီ ကျွန်တော်ပို့ပေးချင်လို့ပါ’ ဟု ပြောပါတယ်။

အဲဒါကငါးဆယ်၊ ခုနစ်ဆယ့်ငါးခါလောက် ပြောနေတာက ‘ကျွန်တော်နှစ်ခြင်းပြန်ခံဖို့ ဆင်းလာမယ်။’ ဆိုပြီးတော့မှပါ။ သူ တို့ရောက်လာခဲ့ပါသလား ? တစ်ယောက်မှရောက်မလာပါဘူး။ ဘာဖြစ်လို့ပါလဲ ? ကိုယ်တော်က သူတို့ကိုနောင်တရဖို့အနေအထား တစ်ခုပေးထားပါတယ်။ ကိုယ်တော်ကသူ့သားသမီးတွေကိုဝိညာဉ်ပိုင်းဆိုင်ရာငရဲထဲကိုမောင်းထုတ်ပစ်မှာ ဖြစ်ပါသည်။ ကျွန်တော် တို့ အဲဒါကိုမနက်ဖန်ညမှာ တိုင်ကြပါမည်။ ဘုရားသခင်အလိုတော်အတိုင်းပါ။ ဒါမှမဟုတ် စနေနေ့ညမှာတော့ဒီလိုရောဂါဘယ တွေဖြစ်များတဲ့အကြောင်းသွားပါမည်။ အဲဒီမှာ ဘာဖြစ်မလဲဆိုတာကို စောင့်ကြည့်ပါ။

96 ၉၆။ ကိုယ်တော်ကအီဂျစ်ပြည်၌ ဖြစ်ပွားစေလိုသလိုပါပဲ။ ကိုယ်တော်က အီဂျစ်ပြည်ကို နောင်တရဖို့အနေအထားတစ်ခုပေးခဲ့ ပါတယ်။ နောက်ဆုံးကပ်ရောဂါက ဘာဖြစ်ပါသနည်း ? အဲဒါက သေခြင်းဖြစ်ပါတယ်။ အဲဒီနောက်သုံးကပ်ရောဂါက ပန်တီကော်စ တယ်အသင်းတော်ကို ရိုက်ခတ်မှုပြုပါမည်။ အဲဒါကဝိညာဉ်သဘောအရ သေဆုံးခြင်းဖြစ်ပါတယ်။ သူက အသေဖြစ်ပါတယ် ! အဲဒါ က ဘုရားသခင်၏နာမတော်၌တည်တော်မူပါသည်။ သူဟာ ဝိညာဉ်ရေးရာအရသေလျက်ရှိပါတယ်။ ကိုယ်တော်က သူမကို နောင်တရဖို့ နေရာတစ်ခုကို ပေးသနားတော်မူခဲ့ပါတယ်။ ပြီးတော့ အဲဒါကိုသူငြင်းပယ်မှုပြုခဲ့ပါတယ်။ အခုသူမသေပါပြီ။ သူမ ဘယ်တော့ မှ တဖန်မထမြောက်ရတော့ပါ !

ပြီးတော့အဓိကထွက်လာတဲ့လူတွေဟာ Episcopalioကလူတွေ ဘုန်းကြီးတွေနဲ့အဲဒီလိုလူတွေကို ခေါ်ဖို့ကြိုးစားနေကြပါ တယ်။ ပြီးတော့သူတို့ကို ‘သန့်ရှင်းသောဖာသာ’ ဟိုလိုဒီလိုဆိုပြီးခေါ်ဆိုမှုပြုကြပါတယ်။ ဘာဖြစ်လို့ပါလဲ။ သူတို့ဟာ သူတို့ကိုယ် သူတို့ရှက်သင့်ပါတယ်။ လူတွေကို ဘယ်လိုကန်းအောင်လုပ်ပါသနည်း ? အိပ်ပျော်နေတဲ့မိန်းမပျိုတွေဆီဝယ်ဖို့သွားာတော့ ဆီကိုမ ရခဲ့ဘူးလို့ မိန့်တော်မမူခဲ့ဘူးလား ?

97 ၉၇။ လူတိုင်း… လူတွေပြောတဲ့ ‘သန့်ရှင်းသောဝိညာဉ်တော်ကိုငါရတယ်။ အခြားသောဘာသာစကားကို ငါပြောတယ်’ ဆိုတာ ကို ခင်ဗျားတို့ကြားရပါမည်။ ဒါပေမယ့် သူတို့ဒီလိုအသင်းတော်နားကိုရောက်မလာချင်ပါဘူး။ ‘အိုခင်ဗျားတို့သိပါတယ်။ အဲ့လိုနေ ရာတစ်ခုနားကို ကျွန်တော်သွားချင်မယ်လို့ကျွန်တော်တော့မယုံကြည်ပါဘူး။’ ဒီနောက် ခင်ဗျားသန့်ရှင်းသောဝိညာဉ်တော်ကို ရ လားလို့ မေးကြပါမည် ? ဒါပေမယ့် ခင်ဗျားကခင်ဗျားရဲ့ဂုဏ်အရှိန်အဝါလမ်းကြောင်းတွေကို အလိုရှိပါမည်။ ခင်ဗျားတို့က ဗာဗုလုန်မြို့မှာ နေချင်နေတုန်းဖြစ်ပါတယ်။ ပြီးတော့ ကောင်းကင်ရဲ့ကောင်းချီးများကိုလည်းယဇ်မူးနေဆဲဖြစ်ပါတယ်။

ခင်ဗျားကခင်ဗျားကိုယ်ခင်ဗျား ရွေးချယ်မှုပြုရမှာပါ။ ခင်ဗျား အဲဒီလောကထဲကထွက်လို့မရနိုင်ဘူူးဆိုရင် တချိန်တည်းတ ပြိုင်နက်တည်းမှာ ဘုရားအမှုတော်ကိုလည်းဆောင်နိုင်မှာမဟုတ်ပါဘူး။ ယေရှုက သင်တို့သည် ဘုရားနှင့်ဓနဉစ္စာပစ္စည်းကို အတူတကွအမှုဆောင်နိုင်မည်မဟုတ်ဟု မိန့်တော်မူခဲ့ပါသည်။ ဒါကြောင့် ခင်ဗျားကမျှော်လင့်ချင်တယ်ဆိုရင်တော့… ခင်ဗျားတကယ့်

ကိုကယ်တင်ခြင်းကိုခံယူချင်တယ်ဆိုရင်တော့ သန့်ရှင်းသောဝိညာဉ်တော်ကိုယ်၌ကဟုတ်မှန်ကြောင်းကို သက်သေထူပြသည့်အ ရပ်၌ ဘုရားသခင်၏နှုတ်ကပတ်တော်ကထိုကြောင့်ဖြစ်သည်လို့ ဖော်ပြတဲ့အရပ်၌ ခင်ဗျားတို့ဝမ်းမြောက်ဖွယ်သော အစည်းအဝေးများကို ပိုင်ဆိုင်ကြရမည်ဖြစ်ပါသည်။

98 ၉၈။ တစ်ယောက်ယောက် 'လူတွေကသိပ်တူအောင်လုပ်တာလဲ။ အဲဒီကိစ္စက ကျွန်တော့်ကိုစိတ်ရှုပ်ထွေးစေတယ်' လို့ပြောပါ မည်။ ခင်ဗျားကောင်းကင်ရောက်ရင်လည်း ခင်ဗျားစိတ်ရှုပ်ရပါဦးမည်။ အခုအဲဒီမှာရှိနေကြတဲ့သူတို့အားလုံးကို စဉ်းစားကြည့်လိုက် ပါ! ဒီနောက် အဲဒီကိစ္စက ဘယ်လိုဖြစ်ပါမည်နည်း?

အိုကျွန်တော် ဘယ်လိုနည်းနဲ့မဆို ဘုရားသခင်က ရစေချင်ပါသည်... နောဧ၏နေ့ရက်ကာလ၌ ကိုယ်တော်အမှုပြုသကဲ့သို့ဒုက္ခဆင်းရဲခြင်းကို ရှည်ကြာစွာခံယူမှုပြုတော်မူပါသည်။ ကိုယ်တော်ခက်ခက်ခဲခဲကြိုးစားမှုပြုတော်မူခဲ့ပါတယ်။ သူတို့ကို နောင်တရစေဖို့နှစ်ပေါင်းတစ်ရာ့နှစ်ဆယ်အထိ ကိုယ်တော်ဟာ သည်းငြီးခံစောင့်ဆိုင်းခဲ့တာဖြစ်ပါသည်။ပြီးတော့ သူတို့က အဲဒီလိုမလုပ်ဆောင်ခဲ့ခြင်းသာဖြစ်ပါတယ်။ ကိုယ်တော်ဟာ ယောဟန်ကို စေလွှတ်ခဲ့ပါတယ်။ သူတို့ကနောက်ပြန်မလှည့်လာခြင်းသာဖြစ်ပါ တယ်။ နှုတ်ကပတ်တော်ကို ကြားနာရမည့်တစ်အုပ်လုံးကိုကယ်တင်တော်မူရန် ယေရှုကို ကိုယ်တော်ကအသတ်ခံရဖို့ စေလွှတ် တော်မူခဲ့ပါသည်။

99 ၉၉။ ပြီးတော့အခုနောက်ဆုံးသောနေ့ရက်ကာလ၌ အဲ့လိုမျိုးခေါ်ထုတ်ဖို့ အဲဒီလိုမျိုးရှိနေကြတာကိုကနဦးယုံကြည်ခြင်းထဲသို့ ပြန်ရောက်ပြီး တဖန်အသက်ဝင်လာဖို့နှင့်နှုတ်ကပတ်တော်ဆီကိုပြန်လာကြဖို့ကို ကိုယ်တော်က သတင်းစကားတစ်ခုကို တဖန်ပို့ ဆောင်တော်မူမည်ဟု ကတိပြုတော်မူခဲ့ပါတယ်။ပြီးတော့ အဲဒါကို သူတို့ကလက်မခံကြတာဖြစ်ပါသည်။ သူတို့ဟာ အလုပ်မဖြစ် တော့လောက်အောင် သူတို့၏အယူဝါဒနှင့်လမ်းညွှန်ချက်တွေထဲမှာသိပ်ကိုအယူသီးပြီးရှိနေကြတာဖြစ်ပါသည်... အို သူတို့ရထားတဲ့အရာတစ်ခုကိုသူတို့ကထင်နေကြတာပါ... သတင်းစကားပို့ဆောင်သူတစ်ယောက်လမ်းလျှောက်လာတယ်ဆိုရင်... ဒါပေမယ့် ဘုရားသခင်ကအဲဒီလိုလုပ်ဆောင်မှုမပြုပါဘူး။ ကိုယ်တော်က စာမတတ်ပေမတတ် အသုံးမကျတဲ့တစ်ယောက်ယောက်ကိုခေါ်လိုက်တာဖြစ်ပါတယ်။ အဲဒီတစ်စုံတစ်ယောက်သောသူဟာ ခင်ဗျားတို့ရဲ့အဘိဓာန်နဲ့ဟုအရပ်တွေကို သိဖို့ဆိုတာကခက်ခဲလှပါ သည်။ ဒီနောက် ကိုယ်တော်က ဒီလိုလူတွေမျိုးကိုခေါ်ဆိုမှုပြုနိုင်တာဖြစ်ပါသည်။ ဘာဖြစ်လို့လဲဆိုရင် ဘာမှမဟုတ်တာကိုပဲ ကိုယ် တော်က အမှုပြုတော်မူနိုင်လို့ဖြစ်ပါသည်။ဒီနောက် အဲဒီလိုနဲ့ပဲ အမှုပြုတော်မူတာဖြစ်ပါတယ်။ တစ်စုံတစ်ယောက်သောသူတွေကသူတို့ကိုယ်သူတို့ တစ်ခုခုပဲလို့ထင်နေသ၍ ဒီနောက် အဲဒီလိုအဖြစ်နှင့်အတူ သူတို့ဟာဘာကိုမျှမလုပ်ဆောင်နိုင်ကြတော့ပါဘူး။ ကိုယ်တော်ကက အစဉ်အမြဲအဲဒီလိုအမှုပြုတော်မူခဲ့တာပါ။ ခင်ဗျားရဲ့ဘာမှဖြစ်လာစရာအကြောင်းမရှိတဲ့ ကိစ္စကနေ ဘုရားသခင်နဲ့အတူ တစ်စုံတစ်ယောက်သာ ဖြစ်လာရပါမည်။

100 ၁၀၀။ အိုကျွန်တော်!

သတိပြုပါ။အခုသိပါ။ ကိုယ်တော်က နောင်တရခြင်းရှိစေဖို့ အနေအထားတစ်ခုကိုသူမအားပြင်ဆင်ပေးတော်မူခဲ့ပါသည်။ ဒါပေမယ့် သူက အဲဒီလိုမလုပ်ဆောင်ခဲ့တာဖြစ်ပါတယ်။ကိုယ်တော်က အဲဒီလိုပြန်ပြီး အမှုပြုတော်မှာမဟုတ်ပါဘူး။ သူမကလည်းအဲဒီလိုလုပ်မှာမဟုတ်ပါဘူး။ သူမရဲ့ငြင်းပယ်မှုက သူမကို အစဉ်အမြဲဖြစ်စေတော့မှာပါ... သူမရဲ့ငြင်းပယ်မှုက စာတန်အတွက် ပြီးပြည့်စုံတဲ့လမ်းကြောင်းတစ်ခုကိုဖြစ်စေကာ သူမကို အဲဒီအထဲကို ကျသွားစေပါမည်။ ဝင်စားဖို့ဖြစ်လာစေပါတယ်။(အမှန်ပါ) သူမ ထဲမှာ သူ့ကိုဝင်စားခွင့်အမှန်ပြုလိုက်တာဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုရင် သူမက နှုတ်ကပတ်တော်ကို ငြင်းပယ်မှုပြုခဲ့တဲ့အတွက် ကြောင့်ဖြစ်ပါသည်။ အဲဒါကတော့ ပရိုတက်စတန်အသင်းတော့ ဖာသည်မတစ်ယောက်ဖြစ်လာမည့်တူညီသောအကြောင်းတရား အတိအကျပင်ဖြစ်ပါသည်... ဘာဖြစ်လို့လဲဆိုရင်ဘုရားနှုတ်ကပတ်တော်၏စစ်မှန်မှုကို ဟုတ်ကြောင်းမှန်ကြောင်းကို သက်သေပြ ဖို့ငြင်းပယ်ခဲ့တဲ့အတွက်ဖြစ်ပါသည်။ အထဲကို အမှန်တကယ်ဝင်လာပြီးနတ်ဆိုးကိုယ်တိုင်ဝင်လာဖို့ နေရာတစ်ခုကို ပေးထားတဲ့အ တွက်ကြောင့်ဖြစ်ပါသည်။ပြီးတော့ သူကသူတို့တွေအတူတကွ စုစုစည်းစည်းဖြစ်မည့်နေရာ၌သားရဲတစ်ကောင်၏ပုံစံတစ်ခုကို တည်ထောင်မှုပြုမှာဖြစ်ပါတယ်။ အခုဟိုနားမှာအမှန်တကယ်ရှိနေပါပြီ။ ဆက်လုပ်နေကြတာဖြစ်ပါတယ်_ အခု သူပြောတဲ့အတိုင်း အတိအကျပါပဲ။ အဲဒါကအမှန်ပါပဲ။ အာမင်!

တကယ်လို့ကျွန်တော်က ပညာရပ်တစ်ခုကိုပိုင်ဆိုင်တယ်ဆိုရင် အဲဒါကို အပြင်ထုတ်လိုက်နိုင်ပါတယ်။ကျွန်တော်မှာ ဘာပညာမှတတ်မထားဘူးဆိုရင်တော့ အဲဒီလို ခင်ဗျားကိုဖော်ပြမည့်သန့်ရှင်းသောဝိညာဉ်တော်ကိုသာ ကျွန်တော်ချက်ချင်းဆိုသလို မျှော်လင့်ချက်ထားမှာဖြစ်ပါတယ်။ ကိုယ်တော်ကထိုသို့သောသူတွေကို... အဲဒါကအမှန်ပါ။ အဲဒီလို ကိုယ်တော်အမှုပြုတော်မူပါမည်။

101 ၁၀၁။ သတိပြုပါ။ဘယ်လိုဆိုတာကို ကြည့်ပါ... ဒီနေရာမှာ သူဖြစ်ခဲ့တာကဘယ်လိုမျိုးပါလဲ။ နောင်တရဖို့ သူမကိုပေးတဲ့ ဘုရား သခင်၏ သတင်းစကားကိုသူမငြင်းပယ်မှုပြုခဲ့ပါတယ်။ သူမဟာ အန္တိခရစ်ကို အစပြုစေခဲ့ပါတယ်။ အဲဒါကသူမလုပ်ခဲ့တဲ့အရာပါပဲ။ သူဟာ မှားယွင်းတဲ့ပရောဖက်တစ်ယောက် ဖြစ်လာပါတယ်။နတ်ဆိုးဝင်စားတဲ့သူဖြစ်လာပါတယ်။ သူအဲ့လိုဖြစ်တဲ့အခါ သူ့မှာမှားယွင်းတဲ့သွန်သင်ချက်ရှိပါမည်... ဒီနောက် အဲဒီလိုအရာအားလုံးမှာဘုရားသခင်က သူမကိုနောင်တရခြင်းရှိစေဖို့ အနေအထားတစ်ခုကို ပေးထားပြီးသားဖြစ်ပါတယ်။သူ့ကိုရောက်လာဖို့ ကြိုးစားမှုပြုတော်မူခဲ့ပါတယ်။ဘယ်လောက်ဒုက္ခဆင်းရဲအကြာကြီးခံခဲ့တယ် ဆိုတာ မြင်ပါသလား? အံ့သြစရာကောင်းတဲ့မေတ္တာတစ်ခုပဲဖြစ်ပါတယ်။ အဲ့မှာကတော့ အဲ့ဒီလိုမျိုးမေတ္တာမဟုတ်ပါဘူး။အဲ့ဒီလိုလူ တွေက သူ့မျက်နှာကိုတံတွေးနဲ့ထွေး အမျိုးမျိုးလုပ်တာကို ကြည့်ပါ__ကိုယ်တော်က သူတို့ကိုခွင့်လွှတ်တော်မူခဲ့ပါတယ်။ အဲဒါကဘုရားသခင်ဖြစ်တယ်ဆိုတာကို မြင်ရပါတယ်။ ဘုရားသခင်၏သတင်းစကားကိုငြင်းပယ်မှုမပြုလိုက်ကြပါနှင့်။

ကြည့်ပါ။သူဟာနောင်တရဖို့ ကမ်းလှမ်းခံခဲ့ရပါတယ်_သူမရောက်လာတဲ့နေရာကိုပဲ ပြန်သွားရမှာဖြစ်ပါတယ်။ သူမဘယ် နေရာကနေကျလာတာဖြစ်ပါသလဲ? နှုတ်ကပတ်တော်ကပါ။ဧဝဘယ်နေရာက ရောက်လာတာဖြစ်ပါသလဲ?ဘယ်ဂိုဏ်းအာဏာ ကနေ

ဆင်းသက်လာခြင်းဖြစ်ပါတယ်? အဲဒီလိုမျိုး ခင်ဗျားတို့ဖြစ်နေကြတာပါ။အခြားနည်းလမ်းမရှိပါဘူး— အခုအချိန်တိုင်းနှုတ် ကပတ်တော်ဆီကို အမှန်တကယ်ပြန်ရောက်လာကြမယ်ဆိုတာကို ကြည့်ပါ။သူတို့ဟာ နှုတ်ကပတ်တော်ကနေ ဝေးရာကိုပြေးစေ သည့် စနစ်တစ်ခုထဲမှာရောက်နေကြခြင်းဖြစ်ပါတယ်။ နှုတ်ကပတ်တော်ဆီကို ရောက်လာကြရမည့်အစားနှုတ်ကပတ်တော်ဆီမှ သူတို့ကို ထွက်ပြေးစေတဲ့နေရာထဲမှာ ရောက်နေကြတာပါ။

သတိပြုပါ။ကြည့်ပါ။ သူမဟာ နောင်တရဖို့ အနေအထားကို ပေးအပ်မှုခံထားရပြီးသားဖြစ်ပါတယ်။ ပြန်ဖို့အခြေအနေပေး ထားပြီးသားပါ။ နောင်တရခြင်း၏အဓိပ္ပာယ်က ပြန်လာတာ နောက်ပြန်လှည့်လာတာမျက်နှာပြုတာဖြစ်ပါတယ်— နောင်တရတာ ကပြန်လာတာဖြစ်ပါတယ်။ အဲဒီလိုနေရာကိုရောက်ဖို့ သူမအား အနေအထားတစ်ခုကိုပေးအပ်ခံထားရပြီးသားဖြစ်ပါတယ်...

102 ၁၀၂။ အခုမှတ်ထားပါ။သူဟာ ပန်တီကော်စတယ်နေ့ရက်ကာလ၌ သန့်ရှင်းသောဝိညာဉ်တော်သွန်းလောင်းခံရသည့် ကနဦးပန်တီကော်စတယ်အသင်းတော်တစ်ပါးဖြစ်ပါတယ်။ အဲဒါကို ကျမ်းစာကျောင်းသားဘယ်နှယောက်သိကြပါသလဲ? သေချာပါတယ်။ သူက အဲ့လိုမျိုးဖြစ်ပါတယ်။ သူမဘယ်ကနေ ရောက်လာသလဲဆိုတာကို မြင်ပြီနော်? သူမဟာ နှုတ်ကပတ်တော်ကနေ ရောက်လာ ခြင်းဖြစ်ပါသည်။အယူဝါဒကို လက်ခံရလိုက်ပါသည်။ သန့်ရှင်းသောဝိညာဉ်တော်အစား သူအလိုရှိတာကသန့်ရှင်းသောလူသား ဒေါက်တာ LL... Ph., QU တို့ကို ဖြစ်ပါတယ်။ဒီနောက် လူကို ပုပ်တစ်ပါးဖြစ်အောင် လုပ်လိုက်တယ်ဆိုတာကို မြင်ပါ။ သေချာပါ တယ်။ဒါပေမယ့် အဲဒီလို သူလိုချင်ခဲ့တဲ့အရာက—တစ်ယောက်ယောက်ကို သူဆုတောင်းပေးလို့ရပါမည်။ တစ်ယောက်ယောက် ကိုသူပိုက်ဆံပေးပြီး ထွက်လာအောင်လုပ်လို့ရပါမည်။ အဲဒါကတော့သူလုပ်နိုင်တဲ့အရာအားလုံးပဲဆိုတာကို မြင်ပါ။

အခုဒီကနေ့မှာလည်း အတူတူပါပဲ။ သူတို့ ဘုရားကျောင်းထဲက နေရာတစ်နေရာမှာထိုင်ပြီးအလှူခံခွက်လေးလေးကြီးကို ပေးလှူနေသမျှကာလပတ်လုံး အဲဒါကောင်းမွန်လုံလောက်မှုရှိနေပါပြီ။ သူတို့ဟာ အဲဒီအသင်းတော်၏အသင်းသားတစ်ယောက် ဆီ ဖြစ်ကြပါတယ်။ အဲဒီအကြောင်း သူတို့ကို ဘာတစ်ခုမှသွားမပြောလိုက်ကြပါနှင့်။ သူတို့ သိချင်ကြတာမဟုတ်ပါဘူး။ အဲဒါက သူမရဲ့သမီးတွေဖြစ်လို့ပါပဲ။

အခုသူကဘယ်နေရာက ရောက်လာခြင်းဖြစ်ပါသလဲ?တမန်တော်တို့နှင့်သက်ဆိုင်သော တပည့်တော်တို့နှင့် ပရောဖက် တို့တွင်ရှိသောကနဦးနှုတ်ကပတ်တော်မှရောက်လာခြင်းဖြစ်ပါတယ်။ အဲဒီနေရာကနေ သူရောက်လာတာဖြစ်ပါတယ်။အဲဒီနေရာ ကနေပဲ ပရိုတက်စတန်တွေ ရောက်လာကြတာပါ။

နောင်တရပါ။ပြန်လာပါ။ သိပ်နောက်မကျခင် ပြန်လာခဲ့ပါ။ တကယ်လို့ အဲဒါက အစကတည်းကနောက်ကိုမကျသေးဘူး ဆိုရင်ပါ။ ဤသို့သောနေ့ရက်ကာလတွေထဲက တစ်ခုသောနေ့ရက်ကာလမှာသိုးသူငယ်တော်သည် သူ့နေရာကိုရုတ်၍ ထိုအမှုကို လွန်သွားစေပါမည်။ ဒါကြောင့် အခုသူ့သမီးတွေကို ခေါ်နေပါတယ်။ သူနဲ့တရားစီရင်ခြင်းမခံရမီ ပြန်လာဖို့ဖြစ်ပါသည်။

103 ၁၀၃။ အခုသူတို့ရထားတဲ့နောက်ဆုံးသတင်းစကားဟာဆိုရင်တော့ ဒီပရောဖက်ဖြစ်တဲ့ ကျွန်တော်ပြောခဲ့တဲ့အရာပဲဖြစ်ပါတယ်။ အဲဒီအကြောင်း ကျွန်တော်စာအုပ်တွေ အများကြီးဖတ်ခဲ့ဖူးပါတယ်... အဲဒါကစစ်မှန်တယ်၊ ကောင်းမွန်တယ် စွဲတယ် အဲဒါကရောက်လာမှာဖြစ်တယ်ဆိုတဲ့ ဝိညာဉ်အတွေးကို လူတို့အား သိရှိစေတယ်ဆိုတာကို ကျွန်တော်သိပါတယ်— အဲဒါက ရောက်လာမယ်ဆိုတာကို သိပါတယ်။ ဒါပေမယ့် အဲ့မှာရှိတဲ့ပြဿနာက သူတို့ဟာ ‘ကျွန်တော်တို့ အဲဒါကိုလိုအပ်တယ်။အဲဒီလိုဖြစ်ရမှာပေါ့’ လို့ တွင်တွင်ပြောနေကြခြင်းဖြစ်ပါတယ်။ အဲဒါရောက်လာတဲ့အခါ အခြားသောအချိန်နာရီတွေမှာသူတို့ဖြစ်ခဲ့ကြသလိုပဲ။ သူတို့အဲဒါကို မေ့ နေလောက်တဲ့အထိ အဲဒါက အလွန်တရာကိုမှ သေးနုတ်နေပါလိမ့်မည်။ လူတွေကအဲဒီအကြောင်းနှင့် အကြောင်းအရာအမျိုးမျိုး ကို ရေးကြပါတယ်။ ပြီးတော့ ‘အို ဟုတ်တယ်။ အဲဒါက လိုအပ်နေတာပဲ။’ လို့ ပြောကြပါမည်။ ဒီနောက်သူတို့ရှေ့မှာ အဲဒါကိုအမှန် တကယ်ဖော်ပြခွင့်ပြုပါမည်။ သူတို့အခုဆက်သွားနေကြတယ်ဆိုတာကိုမြင်ပါ။ သူတို့ဟာ အမြဲအဲဒီလို လုပ်ဆောင်မှုပြုကြပါတယ်။

104 ၁၀၄။ အခုစောင့်ကြည့်နေပါ။ ကနဦးနှုတ်ကပတ်တော်ဖြစ်ပါတယ်။ အဲဒီလို ပြန်ရောက်ဖို့ သူမမှာနောင်တရစရာအကြောင်းရှိပါ တယ်။ ဒါကြောင့်သူ့သမီးတွေကိုခေါ်ပြီး... တိုက်တွန်းစရာအကြောင်းရှိပါတယ်... သူတို့မှာ တရားစီရင်ခံရစရာအကြောင်းရှိနေပါပြီ။ ဒါကြောင့်သူ့သမီးတွေကိုခေါ်ပြီး... တိုက်တွန်းစရာအကြောင်း ရှိနေပါပြီ။အမေနှင့်အတူ တူညီတဲ့အိပ်ရာထဲသို့ ချပစ်ခံရကာ အ သတ်ခံရစရာအကြောင်း ရှိနေပါပြီ။သူတ့ိကို ကနဦးနှုတ်ကပတ်တော်ဆီသို့ ပြန်လာဖို့ အခေါ်ခံရနေရပြီဖြစ်ပါတယ်။တမန်တော်တို့ ၏အယူဝါဒဆီသို့ ပြန်လာစရာအကြောင်းရှိနေပါပြီ။ ဒါပေမယ့်သူတို့ဟာသူတို့ရဲ့အယူဝါဒနှင့် အမျိုးစုံသောအကြောင်းတရားတို့နှင့် အချည်ခံရပြီးကျဆုံးစရာအကြောင်းရှိနေပါတယ်။ သူတို့ အဲ့လိုမလုပ်ကြပါဘူး။ သူတို့ အဲဒါကို သရော်လှောင်ပြောင်မှုကိုသာပြုနေ ကြခြင်းဖြစ်ပါတယ်။

ဒီနောက်သူတို့ဘာလုပ်ကြပါမည်နည်း? နောက်ဆုံးသူတို့ဟာ သားရဲအဖြစ်သို့ရောက်မည့် ရုပ်တုကို တည်ဆောက်ကြပါ မည်။ အခြားသောတန်ခိုးပင်ဖြစ်ပါသည်။ (သတိပြုပါ) ဗျာဒိတ် ၁၃၊ ၁၄ မှာ သူလုပ်ဆောင်မှုပြုသည့်အတိုင်းသိုးသူငယ်တို့၏သတို့ ကို ပြုမူပါမည်။ အဲဒါက သူတို့လုပ်မည့်အရာက— အခု အခုညှင်းပန်းနှိပ်မှုဖြစ်ပါတယ်။ အခု တူညီတဲ့ကိစ္စပဲဖြစ်ပါသည်။ အသင်း တော်များဟာ ရောမသားတွေ လုပ်ခဲ့ကြသလိုပဲစစ်မှန်သောခရစ်တော်၏ သတို့သမီးကို အလွန်တရာပြက်ရယ်ပြုကြပါမည်။ အခု အတိအကျပါပဲ။ဗျာဒိတ် ၁၃ နှင့် ၁၄ မှာ သူလုပ်ဆောင်ခဲ့သလိုပဲ စစ်မှန်သောသိုးသူငယ်တော်၏သတို့သမီးကို အတိအကျပြုမူကြ ပါမည်။

အခုသတိပြုပါ။ ဘုရားနှုတ်ကပတ်တော်၏ကတိအားဖြင့် ကျွန်တော်တို့ မြင်ရပါတယ်။ ကိုယ်တော်ကသူ့သားသမီးတွေကို ဂိုဏ်းဂဏတွေ သူ့သမီးတွေနှင့်...ဝိညာဉ်ရေးရာအသေဖြစ်စေသော အရာများကို သုတ်သင်ပယ်ရှင်းတော်မူပါမည်။ အခု အဲဒါကဗျာဒိတ် ၂း၂၂ မှာ ရှိပါတယ်။ အဲဒါကို မမေ့လိုက်ပါနှင့်။ သေစေတဲ့အရာထဲမှာထည့်သတ်မှာပါ။ သေတယ်ဆိုတာ ဘုရားသခင်၏ ဖြစ်တည်ခြင်းမှ

ထာဝရကွာရှင်းခြင်းဖြစ်ပါတယ်။အဲဒါကို စဉ်းစားပါ။ မိတ်ဆွေတို့ အဲဒါကိုစဉ်းစားပါ။လူလုပ်ထားတဲ့ ဘယ်လိုအယူဝါ ဒကိုမှခင်ဗျားတို့ မယုံလိုက်ကြပါနှင့်။ နှုတ်ကပတ်တော်ကို ဆန့်ကျင်တဲ့ဘယ်လိုကိစ္စမျိုးကနေမဆို ခင်ဗျားတို့ ခပ်ခွာခွာနေလိုက် ကြပါ။

105 ၁၀၅။ အခုစောင့်ကြည့်ပါ။ ဒီမှာရှိတဲ့ သမ္မာကျမ်းစာကို စောင့်ကြည့်နေပါ။ အဲဒါက သူ့နာမည်ကိုငရဲလို့ပြောထားပါတယ်... သူ့နာ မည်က မရဏာဟုဆိုလိုတာပါ။ငရဲကသူ့နောက်ကို လိုက်ပါခြင်းရှိပါမည်။ အခု ငရဲ၏သဘာဝကိုကသေခြင်းနောက်ကိုလိုက်ပါခြင်း ရှိတာဖြစ်ပါသည်။ ပုံမှန်လူတစ်ယောက်သေတဲ့အခါ ငရဲကသူ့နောက်ကို လိုက်ပါတယ်။ အဲဒါကတော့ သင်္ချိုင်းမရဏာနိုင်ငံပဲဖြစ် တယ်ဆိုတာကိုမြင်ကြပါ။ အဲဒါကသဘာဝပါပဲ။ ဒါပေမယ့် ဝိညာဉ်သဘောတရားမှာတော့ အဲဒါကထာဝရကွာရှင်းခြင်းဖြစ်ပါတယ်။ ဒါပေမယ့် ဝိညာဉ်သဘောတရားမှာတော့ အဲဒါကမီးတိုင်ဖြစ်တယ်ဆိုတာကို မြင်ကြပါ။ ဟုတ်ပါပြီ။ အဲဒါက ထာဝရကွာရှင်းခြင်းဖြစ် ပါတယ်။ထိုအရပ်၌ သူတို့ဟာ မီးစွဲလောင်ကြရပါမည်။ မာလခိ ၄ မှာ အဲဒီလိုအငုတ်တော အကိုင်းတောဘယ်အရာကမှ လွတ် မြောက်စရာအကြောင်းမရှိလို့ ပြောထားပါတယ်။ အဲ့လိုအတိုင်းလောကကြီးကိုယ်တိုင်က မိလေနိကာလအတွက် တစ်ဖန်ဆေး ကြောခြင်းကို ခံရမယ်ဆိုတာကိုမြင်ပါ။

106 ၁၀၆။ သင်သတိထားမိပါသလား ? စီးတဲ့သူက ‘ယောကျ်ားလေး’ ပြီးနောက် ‘ယောကျ်ားလေး’ သူ၏လက်၌ ရှိပါသည်။ ... ယောကျ်ား ပရောဖက်အတုအယောင် ဒါပေမဲ့ သူ၏ ဇနီးသည် အသင်းတော် ဖြစ်ပါသည်။ ‘သူမ’ ယေဇဗေလ၊ အာဟပ်၊ ယေဇဗေလ၊ ဘာကြောင့်လဲ ? ထိုအရာသည် သူ့အတိုင်း ပြည့်စုံပါသည်။ တွေ့လား ? သမီးသည် ‘သူမ’ ဒါပေမဲ့ သူမသည်ကျောင်းအုပ်တာဝန်ကို လုံးဝ လက်မခံရပါ။ သူမသည် ထိုအရာကို ဆန့်ကျင်ပါသည်။ ပြည့်တန်ဆာသည်ကျောင်းအုပ် ခံယူချက်ထဲတွင် ပါဝင်ပါသည်။ အဖွဲ့အစည်း ကျင့်သုံးမှု ဒီအရာကို ပြောချင်ပါသည်။

107 ၁၀၇။ သတိပြုပါ။ ဒီအရာတွေအားလုံးဘယ်လိုမျိုးရောက်လာပါမည်နည်း ?(အခု ကျွန်တော်တို့ ဒီနေရာမှာ ဆယ့်နှစ်မိနစ်၊ ဆယ့် ငါးမိနစ်လောက်ရှိမည်ဟုကျွန်တော်ထင်ပါတယ်။) ဒီဟာက ဘယ်လိုတွေ ဖြစ်လာမလဲဆိုတာကို ကြည့်ပါ။ အဲဒါက ဘာဖြစ်ပါသနည်း ? အဲဒါကအဲဒီလိုဖြစ်ခဲ့ဖူးတဲ့အတိုင်း ပြန်ဖြစ်နေခြင်းပင်ဖြစ်ပါတယ်။ အဲဒါကို ကောင်းကင်ကနေအစပြုခဲ့တာဖြစ်ပါတယ်။ အဲဒါ က အဆုံးသတ်_အချိန် တိုက်ပွဲဆီသို့ ရောက်ရှိသွားခြင်းပင်ဖြစ်ပါတယ်။ ကောင်းကင်၌ရှိသောပထမဆုံးအကြောင်းတရားက တိုက် ပွဲတစ်ပွဲဖြစ်ခြင်းပင်ဖြစ်ပါတယ်။ လူစီဖာဟာကမ္ဘာမြေကြီးပေါ်သို့ ကန်ချခံရပြီး ရောက်ရှိလာခဲ့ပါတယ်။ ဒီနောက် သူဟာ ဧဒင်ဥယျာဉ်ကို ညစ်ညူးအောင်လုပ်ပစ်လိုက်ပါတယ်။ ဒီနောက် အဲဒီကစလို့ သူဟာ အစဉ်အမြဲညစ်ညူးစေသူဖြစ်ခဲ့ပါတယ်။

ပြီးတော့အခု ကောင်းကင်မှာဖြစ်တဲ့ စစ်ပွဲအဖြစ်ကနေ မြေကြီးပေါ်မှာ တိုက်မယ့်စစ်ပွဲအဖြစ်ရောက်ရှိလာမယ့်အရာဖြစ်ပါ တယ်။ အဆုံးသတ်_အချိန်နာရီအဖြစ် ကမ္ဘာကြီးပေါ်မှာ အဲဒီစစ်ပွဲဟာ အမာဂေဒုံဟုခေါ်သောစစ်ပွဲ၌အဆုံးသတ်ခြင်းသို့ရောက် မည် ဖြစ်ပါသည်။ ဘယ်သူမဆို အဲဒါကိုသိပါတယ်။ စစ်ပွဲကကောင်းကင်မှာအစပြုခဲ့ပါတယ်။ သန့်ရှင်းခြင်းကြောင့် သူတို့က သူတို့ ကိုကန်ထုတ်မှုပြုကြပါတယ်။ မိက္ခေလနှင့် သူ၏ကောင်းကင်တမန်အပေါင်းက သူတို့ကိုတွန်းလှန်တိုက်ထုတ်မှုပြုလို့... ထွက်ပြေး ခဲ့ကြရတာပါ။ ဒီနောက်သူတို့ဖြစ်ခဲ့ကြသလိုပဲ ဧဒင်ဥယျာဉ်ထဲကို တစ်စတစ်စနှင့် ကျရောက်လာပြီးဒီလိုကျလာတဲ့နေရာမှာ ဒီလို တိုက်ပွဲကို အစပြုခဲ့ကြတာဖြစ်ပါတယ်။

108 ၁၀၈။ ဘုရားသားသမီးတွေအားလုံးကတော့ကိုယ်တော်၏နှုတ်ကပတ်တော်အားဖြင့် တိုက်စစ်ဆင်မှုပြုခဲ့ကြပါတယ်။ ဧဝက တော့ ခေါင်းမာပြီး ‘ရှင်မှန်တယ်လို့ ကျွန်မယုံတယ်’ ဆိုရာကနေ အဲဒီလိုဖြစ်သွားခဲ့ရတာပါ။အဲဒါက အဲဒီကတည်းက အဲ့လိုဖြစ်ခဲ့ရ တာပါ။ ဒီနောက် ဘုရားသခင်ကြွလာတော်မူပါသည်။ အခုကိုယ်တော်ပိုင်ဆိုင်တာက... အဲဒီလိုဖြစ်လာမည့်လူတွေကို ကယ်တင်ဖို့ရာ ကိုယ်တော်ကြွလာတော်မူခြင်း ဖြစ်ပါတယ်။ အခု ကျွန်တော်ပြောခဲ့သလိုပါပဲ။ဘုရားသခင်က အဆောက်အဦးဆောက်လုပ်တဲ့ လူကြီးတစ်ယောက်လိုပါပဲ။ သူဟာ ကမ္ဘာကြီးပေါ်မှာသူပိုင်ဆိုင်တဲ့အရာအားလုံးကိုချထားပြီး၊ သူ့ရဲ့အဆောက်အဦးကို၊ သူက ဆောက်လုပ်တဲ့သူ ဖြစ်ပါတယ်။

အခု မှတ်ထားပါ။အဲ့လို ကမ္ဘာကြီးပေါ်မှာ မျိုးစေ့မကျမီ အဲလိုနေကို ကမ္ဘာကြီးပေါ်သို့သက်ရောက်စေခဲ့ပါတယ်။ ခင်ဗျား တို့ရဲ့ ကိုယ်ခန္ဓာကို မြေကြီးပေါ်မှာ တည်ရှိစေပါတယ်။__ဘာဖြစ်လို့လဲဆိုရင် ခင်ဗျားတို့ဟာမြေမှုန့်ဖြစ်လို့ဆိုတာကို မြင်ကြပါ။ ခင်ဗျားတို့ ဖြစ်လာပါတယ်။ ဘုရားသခင်၏တည်ဆောက်ပြုပြင်ခြင်းပင်ဖြစ်ပါတယ်။

109 ၁၀၉။ အခုကိုယ်တော်ဟာ အဲဒီအတိုင်းသက်ရောက်လာစေဖို့၊ ဆက်လက်လုပ်ဆောင်တော်မူပါမည်။ပြီးရင်ဖြစ်အောင်လုပ်ပါ မည်။ ကိုယ်တော်က ‘အာဒံ’ ကို အမှုပြုတော်မူခဲ့သလိုပါပဲ။_ ထုံးဓာတ်၊ ပိုတက်ဓာတ်၊ အလင်းလေနည်းနည်းကိုယူပြီး၊ ‘ဟူး’ လို့ ပြောလိုက်တာနဲ့ အဲ့မှာ ‘ငါ့ရဲ့ သားတစ်ယောက်’ ဆိုပြီးဖြစ်လာတာကို မြင်ပါ။ အဲဒီနောက်ကိုယ်တော် နည်းနည်းထပ်ယူပြီး၊ ‘ဟူး’ ဆိုတာနဲ့ အဲ့မှာ အခြားတစ်ယောက်ဖြစ်လာပါသည်။

ဒါပေမဲ့ ‘ဧဝ’ ဘာလုပ်ခဲ့ပါသနည်း ?သူမဟာ အဲဒီအတိုင်းလုပ်ပြီး၊ အကျင့်ပျက်ခဲ့ပါတယ်။ လိင်ဆက်ဆံပြီး အဲဒီလိုဖြစ်ထွန်း စေခဲ့ပါတယ်။ ဒီနောက် မရဏာက၊ အဲဒီမှာ ကပ်ပါလာခဲ့ပါတယ်။

အခုဘုရားသခင်ဘာလုပ်ပါသလဲ ? ကိုယ်တော်မှအဲလိုကြိုတင်စီမံခွဲခန့်မှတ်သားတော်မူခြင်းဖြင့် မြောက်များစွာသော ထိုမျိုးစေ့တို့ကို သက်ရောက်စေတော်မူခဲ့ပါသည်_အဲ့လိုမြောက်များစွာခွဲခန့်မှတ်သားထားတော်မူခဲ့ပါတယ်။ ပြီးတော့ဒီနောက်နောက်ဆုံးအချိန်နာရီ၌ ကိုယ်တော်က ‘ဧဝရေအခြားကလေးကို ကိုယ်ဝန်ဆောင်တော့။’ လို့ မပြောတော့မပြောပါဘူး။ကိုယ်တော်အမှုပြု မှာက ‘ဟူး’ ခေါ်၍ငါအဖြေပေးမည်ဆိုတာပါပဲ။ အဲဒါက အတွေးအခေါ်ဖြစ်ပါတယ်။နောက်ဆုံးတစ်ခုအထဲကို ရောက်လာတဲ့အချိန် အဲဒါက နေရာကျပါမည်။

110 ၁၁၀။ အခုစစ်ပွဲက ကောင်းကင်မှာ အစပြုနေပြီဖြစ်ပါတယ်။ အဲဒါက မြေကြီးပေါ်မှာ အာမာဂေဒုံစစ်ပွဲ၏ပုံသဏ္ဍာန်နဲ့အဆုံးသတ်

မှာဖြစ်ပါတယ်။ အခု အခုကြည့်ကြပါစို့။ မခေါက်လိပ်ဘဲရှိနေမယ့်အဲ့ဒါကိုကြည့်ကြပါစို့။ ကျွန်တော်တို့ အဲဒါကိုလိပ်ထားလို့ရချင်မှ လည်းလိပ်ထားလို့ရပါတော့မည်။ အခု ဒီလိုလုပ်ဖို့ ဘုရားသခင်က ကျွန်တော်တို့ကို အမှန်တကယ်ကူညီမစတော်မူပါမည်။ လိပ်မ ထားတဲ့ အဲ့ဒါကိုကြည့်လိုက်ပါ။

လျှို့ဝှက်တဲ့မြင်းစီးသူက(အခု သူဘာလုပ်လဲဆိုတာကို ကြည့်ပါ။) ခုခံမှုကိုပြုပါတယ်။ နောင်တရဖို့နှင့်ကနဦးအတွေးနှင့် စပ်ဆိုင်သော နှုတ်ကပတ်တော်ရှိရာဆီသို့ပြန်ဖို့ငြင်းပယ်မှုပြုခဲ့ပါတယ်။ နှုတ်ကပတ်တော်က အသွေးအသားဖြစ်လာတော်မူပါ သည်။သူကတော့ အဲဒီကိုပြန်လာဖို့ ငြင်းပယ်မှုပြုခဲ့ပါတယ်။ သူက အန္တိခရစ်ဖြစ်ပါတယ်။စစ်မှန်သောနှုတ်ကပတ်တော် သတို့သမီး ကို... သူဟာ စစ်မှန်သောနှုတ်ကပတ်တော်သတို့သမီးကို ခုခံမှုပြုပါတယ်။ သူဟာ သူပိုင်တဲ့သတို့သမီးကိုသိမ်းပိုက်မှုပြုပါသည်။ (သူက ဒီစစ်မှန်တဲ့သတို့သမီးကို တိုက်ခိုက်မှုပြုပါတယ်)သူပိုင်တဲ့ သူ့သတို့သမီးကို သိမ်းယူပြီးတော့ သူ့မကိုအယူဝါဒနှင့် သွန်သင်ချက်များဟုခေါ်ခဲ့သည့် သူနေတဲ့ဘာသာရေးပုံစံတစ်ခုထဲကို ခေါ်လာသည်ဆိုတာကို မြင်ကြပါ။

ပြီးတော့အဲခုသန့်ရှင်းသောသတို့သမီးကို မြင်ကြပါ။ သူက သူ့မကို ဆန့်ကျင်ဘက်ပြုပါသည်။ ဒါပေမယ့်သူကသူပိုင်ဆိုင် တဲ့သတို့သမီးကို ပုံဖော်မှုပြုပါတယ်_ အန္တိခရစ်လို့ ခေါ်ဆိုမှုပြုပါသည်__ အန္တိခရစ်ရဲ့သွန်သင်ချက်အားဖြင့်ခရစ်တော်ကို ဆန့်ကျင် ဘက်ပြုပါတယ်။ သူဘယ်လိုဆိုးယုတ်လဲဆိုတာကိုမြင်ပါသလား? ပြီးတော့ အခုအသွေးတော်အောက်ကနေမေတ္တာဖြင့်ချယ်လှယ် သောဝတ်ပြုကိုးကွယ်မှု၏ပေါင်းစည်းမှုကို ဖြစ်စေရမည့်အစား သူကတော့ ဂိုဏ်းဂဏတစ်ခုကိုလုပ်လိုက်ပါတယ်။ နှုတ်ကပတ် တော်အစားသူက သွန်သင်ချက်တွေ အယူဝါဒတွေနဲ့ အဲဒီလုမျိုးတွေကို ယူလိုက်ပါတယ်။

111 ၁၁၁။ ပရိုက်တက်စတန်တွေကတမန်တော်တို့၏ယုံကြည်ခြင်းလို့ ပြောဆိုတဲ့အချိန်ကာလရှိခဲ့သလိုပါပဲ။သမ္မာကျမ်းစာထဲက အဲ့ လိုစကားလုံးတစ်ခုကို ကျွန်တော်က ခင်ဗျားတို့အားရှာဖွေစေချင်ပါတယ်။ အကြောင်းက အဲ့လိုကျမ်းစာထဲမှာ တမန်တော်တို့၏ယုံ ကြည်ချက်ဆိုတာမရှိလို့ပါပဲ။ ကျွန်တော် ဒီမှာသိပ်မကြာသေးခင်က ပြောခဲ့သလိုပါပဲ။ တစ်နေရာရာမှာပြောခဲ့တာပါ။ တကယ်လို့ တမန်တော်တို့မှာ အယူဝါဒတစ်ခုရှိမယ်ဆိုရင်လည်း အဲဒါကတမန်တော်ဝတ္ထု ၂း၃၈ ပဲဖြစ်ပါမည်။ အဲဒါကတော့ ကျွန်တော်သိထား တဲ့သူတို့မှာရှိတဲ့အရာအကုန်လံုးပါပဲ။ အဲဒါကတော့ သူတို့လူတိုင်းကိုလုပ်ဆောင်ဖို့ခေါ်ပြောသောအရာဖြစ်ပါတယ်။ သူဟာ ကြည့် လိုက်ရင် ခရစ်ယာန်ပုံစံပေါက်သူတွေထဲကတစ်ယောက်ကိုတွေ့ပြီဆိုရင်တော့ သူက 'သင်ယုံကြည်စဉ်အချိန်မှစ၍သန့်ရှင်းသော ဝိညာဉ်တော်ကို လက်ခံရရှိခဲ့သလား?' ဟု မေးပါသည်။

သူတို့က 'ဘာလဲတော့ ကျွန်တော်တို့လည်း မသိဘူး...' လို့ဖြေပါသည်။

သူက 'ဒီနောက် ခင်ဗျားဘယ်လို ဗတ္တိဇံပြုတာလဲ?' လို့ မေးပါတယ်။

အခု ယေရှုနာမတော်ထဲသို့ရောက်ရန်ဗတ္တိဇံပြုစရာအကြောင်းရှိပါသည်။ ကျွန်ုပ်တို့၏ယေရှုခရစ်တော်ဘုရားနာမတော်၌ဖြစ်ကောင်းဖြစ်ပါမည်။ အဲဒါက အားလုံးအမှန်ပါပဲ။ ဒါပေမယ့်အခုထိအားလုံးအကုန်မဟုတ်သေးပါ။ မဟုတ်သေးပါဘူး ဆရာ! အဲဒီ လိုမျိုးခင်ဗျားအကြိမ်ငါးဆယ်လောက် နှစ်ခြင်းခံချင်လည်း ခံပါမည်။ အဲဒီလိုနှလုံးသားကသန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ပြောင်းလဲသွားချိန်အထိ အဲဒါကကောင်းတဲ့အရာနည်းနည်းလေးကိုမှဖြစ်စေတာမဟုတ်ပါဘူး။ အဲဒါအားလုံးအတူတကွ ဖြစ်စရာ အကြောင်းရှိပါတယ်။

112 ၁၁၂။ သတိပြုပါ။တကယ်လို့ ခရစ်တော်က... အန္တိခရစ်က စစ်မှန်သောသတို့သမီး၏လမ်းညွှန်ချက်ကိုငြင်းပယ်မှုပြုပါသည်။ ဒါ ကြောင့် သူဟာ သူပိုင်ရမည့်သတို့သမီးကို သိမ်းပိုက်ကာသူပိုင်သောအယူဝါဒ၏အောက်ကနေ သူ့မကို တည်ဆောက်မှုပြုပါတယ် __ သူပိုင်သောသတို့သမီးကိုသိမ်းယူ၍ သူ့မကို ဂိုဏ်းဂဏတစ်ခုဖြစ်အောင် လုပ်လိုက်ပါတယ်။ သူ့မကနေပြီးအခြားသောဂိုဏ်းဂ ဏတွေကို မွေးထုတ်ပေးပြန်ပါသည်။ ဤသန့်ရှင်းသောနှုတ်ကပတ်တော်၌ကိုးကားထားသလိုပါပဲ__ သမီးတွေကုမွေးဖွားပေးပါ တယ်။ ပြီးတော့ သူ့မကတော့မလုပ်ပါဘူး...ကောင်မတွေကလည်း သူ့အမေလိုဖြစ်လာကြပါတယ်။ ဇာတိသဘော၊ လောကသ ဘော၊ ဂိုဏ်းဂဏပိုင်းဆိုင်ရာတွေကဝိညာဉ်သတို့သမီးဖြစ်တဲ့ နှုတ်ကပတ်တော်ကို ခုခံတိုက်ထုတ်ကြပါတယ်။

သူတို့ဟာအသင်းတော်တစ်ခုမှာ ပါဝင်တယ်လို့ မပြောကြပါဘူး။ ခင်ဗျားကဂိုဏ်းဂဏတစ်ခုမှာရှိတဲ့လူတစ်ယောက်ကို စ ကားပြောနေတာဖြစ်ပါတယ်။ 'သေချာပါတယ်။ ကျွန်တော်ကတော့ဘုရားကျောင်းတက်တဲ့သူပါ။'

'ခင်ဗျားကခရစ်ယာန်တစ်ယောက်ဖြစ်ပါသလား?'

'ကျွန်တော်ကတော့ဘုရားကျောင်းတက်တဲ့သူပါ'

113 ၁၁၃။ အဲဒီကိစ္စကအဲဒါနဲ့လုပ်စရာကိစ္စတစ်ခုမှ မရှိပါဘူး။ ခင်ဗျား မပါဝင်ပါဘူး... ခင်ဗျား ဘုရားကျောင်းတစ်ကျောင်းလို့ခေါ်တဲ့ အရာတော့ရှိချင်ရှိပါမည်။ ကြည့်ပါ။ ဘုရားကျောင်းတစ်ခုမှာတော့ ပါဝင်ပါမည်__ အဲဒါကအသင်းတော်မဟုတ်ပါဘူး။ အသင်း တော်ဆိုတာကအဲ့ဒီလိုမျိုးမဟုတ်ပါဘူး။ အဲဒီဟာတွေက လူတွေ အတူတကွစုရုံးသည့်ယာယီနေရာတွေသာဖြစ်ပါတယ်။ အမွေး အတောင်ထူတဲ့ငှက်တွေ အတူတကွအစာစားကြသလိုမျိုးပါပဲ။ဒါပေမယ့် ခင်ဗျားတို့ရဲ့ တစ်ခုတည်းသောအသင်းတော်ကတော့ ခ ရစ်တော်၏လျှို့ဝှက်နက်နဲသောခန္ဓာတော်ပင်ဖြစ်ပါတယ်။ ခင်ဗျားတို့က အဲဒါကို အချိတ်အဆက်မပြုကြတာပါ။ ခင်ဗျားတို့ကအဲဒီ ထဲမှာ မွေးဖွားလာရတာပါ။ ကျွန်တော်အမြဲတမ်း 'ကျွန်တော်က ဘရမ်ဟမ်မိသားစုထဲမှာအနှစ်ငါးဆယ်သုံးနှစ်လောက်ရှိနေခဲ့ပြီး အဲဒါကို လုံးဝအဆက်အသွယ်မလုပ်ခဲ့တာ။ကျွန်တော်က အဲဒီကနေ မွေးဖွားလာရတာလေ' ဟုပြောလေ့ပြောထရှိသလိုပါပဲ။

114 ၁၁၄။ အခုသတိပြုပါ။အဲဒါက အခု လုလုပပရှိတဲ့ပုံစံတစ်ခုပါပဲ (ကျွန်တော်ဒီမှာရေးချထားတဲ့ကျမ်းချက်ရှိပါတယ်။ ဒါပေမယ့် ကျွန်တော်… အဲဒါကိုရဖို့ ကျွန်တော်တို့မှာအချိန်မရတော့ပါဘူး။) ယာကုပ်နှင့်ဧသောလိုပါပဲ။ ဧသောက ဘာသာရေးသမားတစ်ယောက်ဖြစ်ပါတယ်။ သူ့ကို မယုံကြည်သူတစ်ယောက်ကိုကြေညာမထားပါဘူး။ သူဟာ ယာကုပ်လိုပဲ ဘုရားသခင်၌ ယုံကြည်သောသူဖြစ်ပါတယ်။ သူ့အဖေလိုပဲပြောင်းလဲခြင်းမရှိတဲ့ဘုရားကို ယုံကြည်ခဲ့သူဖြစ်ပါတယ်။ ဒါပေမယ့်သူဆိုတဲ့ကောင်ကတော့ ဂျလည်ကောင်ဖြစ်ပါတယ်။ (ကျေးဇူးပြု၍ ရှင်းပြခွင့်ပြုပါ) အခု… သူက လူကောင်းတစ်ယောက်မဟုတ်ပါဘူး။ သူဟာ…

အခုဇာတိသဘောရှိနေသ၍တော့… သူကတော့ ယာကုပ်ထက်ကို ပိုသာပိုကောင်းတဲ့စစ်မှန်တဲ့ အကျင့်စာရိတ္တကောင်းသူတစ်ယောက်ဖြစ်ပါတယ်။ ဒါပေမယ့်ယာကုပ်လိုချင်တဲ့အရာတစ်ခုရှိပါတယ်။ အဲဒီသားဦးအရာကိုဖြစ်ပါတယ်။ အဲဒါကို သူဘယ်လိုပိုင်ဆိုင်ထားတယ်ဆိုတာကို သူက ဂရုတစိုက်မရှိခဲ့ပါဘူး။ သူက အဲ့ဒါကိုရအောင်လုပ်ခဲ့ပါတယ်။ ဘုရားသခင်က သူ့ကိုအသိအမှတ်ပြုခဲ့ပါတယ်။

ဒီနောက်ဒီကနေ့မှာလည်း ဇာတိပကတိနှင့်စပ်ဆိုင်သောလူတွင် တူညီသည့်အကြောင်းတရားရှိနေပါတယ်__ သွေးသား ဆန္ဒတွေ၊ လောကဆန်တဲ့သဘောတရားတွေရှိနေကြပါတယ်။ 'ကောင်းပါပြီ၊ကျွန်တော်ပြည်နယ်ကအသင်းတော်မှာပါဝင်တာ၊' 'ကျွန်တော်ကဒီဘုရားကျောင်းတက်တာ၊' 'ကျွန်တော်ကဟိုကိုတက်တာ' ဆိုပြီးတော့မှရှိနေကြပါတယ်။ အဲဒီလိုဖြစ်တာမှာ ဘာမှလုပ်စရာအောကာင်းမရှိပါဘူး။ကိစ္စတစ်ခုတောင်မရှိပါဘူး။

115 ၁၁၅။ ကြည့်ပါ။

…..အရောင်တွေကအခု သူ့ရဲ့အရောင်တွေရောထားတဲ့မြင်းမှာ စုထားနေခြင်းဖြစ်ပါတယ်။ သူကအရောင်တွေကိုသူ့ရဲ့ မြင်းမှာ အတူတကွရောစပ်__အရောင်ချယ်ထားတဲ့အကြောင်း အရင်းက သူ့မှာနိုင်ငံရေးနှင့်သက်ဆိုင်တဲ့အာဏာကို ပိုင်ဆိုင်ထားလို့ဘဲဖြစ်ပါတယ်။ သူက အဲဒီလိုဖြစ်တယ်ဆိုတာကို ခင်ဗျားတို့မယုံဘူးဆိုရင် အခုဒီသမ္မတက အထဲကိုဘယ်လိုရောက်လာခဲ့ပါ သနည်း?သူက အမြဲတမ်း လစ်ခနဲ၊ လစ်ခနဲနဲ ဘယ်လိုလုပ်ခဲ့ပါသလဲ? ဘာသာတရားမှ လွတ်မြောက်ခြင်းအတွက်ဒီကိုလာပါ ဆိုပြီးတော့မှ ရှိပါတယ်။ ခင်ဗျားတို့ ဒီမိကရက်တစ်အုပ်စုတွေ၊ခင်ဗျားတို့ရဲ့သားဦးအရာကို နိုင်ငံရေးဆီမှာ ရောင်းထုတ်နေကြခြင်း ဖြစ်ပါတယ်။ ကျွန်တော်တောမရပါဘူး။ ….ဒီမိုကရက်တစ်တွေပါ။….ပါတီတွေပါ။….အဲဒီနှစ်ခုလုံး ပုပ်ပျက်စရာအကြောင်းခံရှိပါ သည်။ ကျွန်တော်ကခရစ်ယာန်ပြစ်မှုအကြောင်းကို ပြောနေတာပါ။ ဒါပေမဲ့ ခင်ဗျားလက်မှတ်ရဖို့ခင်ဗျားတို့ရဲ့သားဦးအရာကို ရောင်းထုတ်ပစ်နေကြပါသည်။ ခင်ဗျားတို့မှာ ရှက်စရာအကြောင်းရှိေနေပါတယ်။

116 ၁၁၆။ ဒီနိုင်ငံကအစ္စရေးနိုင်ငံ၏ ပုံစံအတိုင်း အတိအကျရှိနေတယ်ဆိုတာ ခင်ဗျားတို့ သဘောမပေါက်ဘူးလား? အစ္စရေးတွေ ဘာလုပ်ခဲ့ကြပါသနည်း? သူဟာ ထူးဆန်းတဲ့နယ်မြေတစ်ခုသို့ရောက်ခဲ့ပါတယ်။ အေဲခကျနေထိုင်သူတို့ကိုခေါ်ပြီး၊ သူတို့ကို သတ်ဖြတ်မှုပြုကာအထဲဝင်၍မြေကြီးကို သိမ်းလိုက်တာဖြစ်ပါတယ်။ အဲဒီအတိုင်း ကျွန်တော်တို့လုပ်ခဲ့ကြတာဖြစ်ပါတယ်။ အင်ဒီယန်းတွေရှိခဲ့တာပါ။ အဲဒါကတော့ တစ်ခုတည်းသောစစ်မှန်သည့် အမေရိကန် ဖြစ်လာခြင်းဖြစ်ပါသည်။ ကျွန်တော်တို့ရဲ့ အင်ဒီယန်းမိတ်ဆွေတွေရှိခဲ့ကြတာပါ။ ဒီနောက် သူတို့ဘာလုပ်ခဲ့ကြပါသနည်း? အစ္စရေးမှာ လူကြီးလူကောင်းအချို့ရှိပါတယ်။ ပထမတစ်ယောက်၊ခင်ဗျားတို့လည်းသိပါတယ်။….သူတို့ဟာ ဒါဝိတ်ကိုပိုင်ဆိုင်ခဲ့တယ်။သူတို့ဟာ ရှောလမုန်ကို ပိုင်ဆိုင်ခဲ့တယ်။ သူတို့မှာကြီးမြတ်တဲ့လူတွေ ရှိခဲ့ပါတယ်။နောက်ဆုံး သူတို့မှာ အဲဒီလိုဘာသာရေးတွေအတွက် ဘက်ပြောင်းတဲ့ အာဟက်ဆိုတဲ့လူတစ်ယောက်ကိုပိုင်ဆိုင်ခဲ့ကြပါတယ်။ ယေဇဗေလဆိုတဲ့ ယုံကြည်သူတစ်ဦးကို ယူထားတဲ့သူဖြစ်ပါတယ်။

ကောင်းပါပြီ၊အဲဒီအတိုင်း ကျွန်တော်တို့ ပြောင်းလဲခြင်းမရှိ လုပ်ဆောင်နေကြတာပါ။ ကျွန်တော်တို့ကလင်တန်၊ ဝါရှင်တန် နှင့် လင်ကွန်းကို ပိုင်ဆိုင်ခဲ့ကြပါတယ်။ ဒါပေမဲ့ အခု၊ကျွန်တော်တို့ ရထားတာကိုကြည့်ပါ။ ပြီးတော့ အဲလို အလွန်တရာသော အကြောင်းတရားကသူမိန်းမယူပြီး ၊ အပုပ်ကို ဆားသိပ်ထားလိုက်ခြင်းဖြစ်ပါတယ်။ ယေဇဗေလဆိုတဲ့ သူ့ဆီမှာသိုးမွေးအရောင်ဆိုး သလိုလုပ်လိုပါတယ်။ သူ့အတွက်တော့ လုပကောင်းမွန်တဲ့အဖေါ်ကောင်းတစ်ယောက်တော့ ဖြစ်ချင်ဖြစ်ပါမည်။ ဒါပေမဲ့ သူမ ကတော့ စီးပွားရေးကိုဆက်လက်လုပ်ဆောင်ပါတယ်။ အခု၊ အဲဒါကို ခခင်ဗျားတို့ မှန်မှန်ကန်ကန်မြင်ကြပါ။ __မိသားစုတစ်စုလုံးအထဲထဲကိုရောက်သွားကြပါတယ်။

117 ၁၁၇။ သန့်ရှင်းသောဝိညာဉ်တော်က လွန်ခဲ့သောသုံးဆယ့်ငါးနှစ်ကအကြောင်းကို ကျွန်တော်အား ဘယ်လိုပြောကြားမှုပြုခဲ့ ပါသလဲ? __ခင်ဗျားတို့ရှေးခေတ်ကလူတွေ၊ အဲဒါကို သိကြပါတယ်။ အဆုံးမသတ်ခင် ကိစ္စခုနစ်ခု ဖြစ်ခဲ့တယ်မဟုတ်ပါလား? ဒါက ရောက်လာမည့်နောက်ဆုံးအကြောင်းအရာဖြစ်ပါသည်။ခပ်သိမ်းသောအရာက ဗဟိုချက်များ အတိအကျသက်ရောက်ခြင်းရှိ ပါမည်။ စစ်တွေဖြစ်ဖို့နဲ့အမျိုးစုံဖြစ်စရာအကြောင်းရှိတယ်ဆိုတာကို မြင်ပါ။ အခု နိုင်ငံကိုအုပ်ချုပ်ဖို့မိန်းမ၏လက်ထဲမှာ အမှန်တစ်ကယ်ရောက်နေတာဖြစ်ပါတယ်။ ဗေဇဗေလဆီမှာ ရောက်နေတာပါ။ ဒါပေမဲ့ မှတ်ထားပါ။ ဗေဇဗလ၏ နေ့ရက်ကာလ၌ တစ်ချို့လူတွေက သူတို့ဘယ်လို အရောင်အဆင်းရှိတယ်ဆိုတာကို အမှန်တစ်ကယ် ဖေါ်ထုတ်ပြသကြပါမည်။

118 ၁၁၈။ …..သူတို့ကို သူတို့ရဲ့ရောနှောနေတဲ့၊ အရောင်အသွေးရှိတဲ့မြင်းတွေပေါ်မှာ စုံရုံးစေမည်ဆိုတာကို မြင်ပါ။ သူဟာ အတူ တကွသူ့ရဲ့အကြောင်းအရာကိုစုရုံးစေမည်ဖြစ်ပါတယ်။__အယူဝါဒတွေနဲ့၊ဂိုဏ်းဂဏတွေနဲ့၊ လူလုပ်သွန်သင်ချက်တွေနဲ့ရော နှောမှုပြုခဲ့ပါတယ်။ အဲဒါဟုတ်တယ်နော်?သေချာပါတယ်။ ရောထားတဲ့ အရောင်တစ်ခုဖြစ်ပါတယ်။__သေသပ်သော အ ရောင်ရောနှောမှုဖြစ်ပါတယ်။ လောကနှင့်ဆိုင်သော မြင်းမွဲများဖြစ်ပါတယ်။ အခုအဲဒါက အမှန်ပါ။ သေခြင်း၏ အရောင်ရောနှောမှု ဖြစ်ပါတယ်။ လောကဆန်သည်။ မြင်းမွဲ၏ပုံသဏ္ဍာန်ဖြစ်ပါတယ်။ အို၊ ကျွန်တော် ခပ်သိမ်းသောအရာ၌ နှုတ်ကပတ်တော်၏သန့် ရှင်းသောအသွေးဆိုတာ ရှိမနေပါဘူး။

ပြီးတော့ကြည့်ပါ။ကမ္ဘာမြေကြီး၏ ထောင့်လေးထောင့်ကနေ သူတို့ဟာ၊ သူတို့ကို စုရုံးမှုပြုမည်ဖြစ်ပါသည်။အာမက်ဂဒုံ အ ရပ်၌ သူတို့အားစုဝေးစေမည်လို့ ကျမ်းစာက ပြောထားပါတယ်။(ကျမ်းချက်တွေကို စဉ်းစားလို့ရအောင် ကျွန်တော်ကြိုးစားပါမည်။ ဒီနေရာမှာရေးထားတာတွေကို ကျွန်တော်တို့ ရထားပါတယ်။ ကျွန်တော် သူတို့ကိုခေါ်ပေးတာမဟုတ်ပေမဲ့လည်း အခု ....သူတို့ရေးထားတာကို__သူတို့က ဘာလဲဆိုတာကို မြင်ရပါတယ်။)ဘုရားသခင်ကြီးမြတ်သော စစ်ပွဲကာလ၌ သူတို့ကို အတူ တကွ စုရုံးစေပါမည်။ ကြည့်ပါ။

119 ၁၁၉။ အခုဒီလိုရေးထားတဲ့ အရောင်တွေမှာပါတာက လောကဆန်ခြင်း၊ မဲ့ခြင်း၊ နေမကောင်းတဲ့မြင်းတို့ပဲ ဖြစ်ပါတယ်။... အခုအဲဒါကိုစဉ်းစားကြည့်ပါ။ အဲဒါက ဆိုးဝါးတဲ့ ကိစ္စတစ်ခုဖြစ်မယ်ဆိုတာကိုခင်ဗျားတို့သိပါတယ်။ အခု သူက သူတို့ကို၊ အတူတကွ စုရုံးမှုပြုသည့်နေရာကိုစောင့်ကြည့်ကြည့်ပါ။__ကမ္ဘာမြေကြီး၏ထောင့်လေးထောင့်ကနေ ရောက်လာကြပါမည်။ အခုပင် သူတို့ ဟာ ပြသဖို့ရာ စုရုံးနေကြပါပြီ။ပြသခြင်းကတော့ အာမဂေဒုံအရပ်၌ဖြစ်ပါသည်။ နှုတ်ကပတ်တော်အတိုင်း ဖြစ်သည်ကို မြင်ကြပါ။မြင်းမွဲတစ်ကောင်ပေါ်မှာ စီးနှင်းမှုပြုတာဖြစ်ပါတယ်။__သေခြင်းနှင့်အတူ တွဲဆက်ထားတာက ....သူ့အပေါ်မှာ အမည်ကိုတွဲဆက် မှုပြုထားပါတယ်။ မရဏာဆိုတာက_အန္တိခရစ်ဖြစ်ပါတယ်။(နားထောင်ပါ။ အန္တိခရစ်ပါ။ ကနဦး ဂိုဏ်းဂဏဖြစ်ပါတယ်။ အဲဒါက ငြင်းဆိုစရာအကြောင်းမရှိနိုင်ပါ။) သူ့ရဲ့ ယေဇဗေလမှာ ရှိနေတဲ့အရာပါ။ နှုတ်ကပတ်တော်ကို မကျက်ထားတဲ့မိန်းမဖြစ်ပါတယ်။ သူနဲ့အတူ သမီးတွေဖြစ်တဲ့ ပရိုတက်စတန့်တွေနဲ့ အခု သူတို့ဘာသာသူတို့စုရုံးမှုကိုပြုလျှက် တစုတစည်းတည်းရှိနေကြပါပြီ။

နှစ်ခြင်းတွေ၊တစ်နေ့က ဒီလိုမျိုးပြောခဲ့တာကို ခင်ဗျားတို့ကြားမိတယ်မဟုတ်လား ? ခင်ဗျားတို့သိတယ်မဟုတ်လား ? အို၊ ကျွန်တော်တို့သူတို့နဲ့ဆက်သွယ်စရာအကြောင်းမရှိဘူး။ ဒါပေမဲ့ ငါတို့ ရင်းရင်းနှီးနှီးသူတို့နဲ့တစ်စိတ်တစ်သဘောထဲရှိပုံတော့ ဖမ်းမယ်။ ငါတို့အသင်းတော်ကိုတော့ ဆက်သွယ်လို့မဖြစ်ဘူး။ဒါပေမဲ့....ဆိုပြီးတော့မှ ရှိကြပါတယ်။ ခင်ဗျားတို့က အဲ့သလိုဖြစ်ပါ တယ်။ခင်ဗျားတို့ အဲလိုဖြစ်ကြပါတယ်။ အခု နှုတ်ကပတ်တော်ပြောတဲ့အတိုင်း အတိအကျပါပဲ__ကနဦးနေရာ၌ ပြည့်တန်ဆာ တစ်ယောက်ရှိနေတယ်ဆိုတာကို မြင်ကြပါ။

120 ၁၂၀။ အခုဒီနေရာမှာရှိကြတဲ့သူတို့ဟာ၊ သူတို့ဘာသာသူတို့အတူတကွ စုရုံးနေခြင်းဖြစ်ပါတယ်။အဲဒီလိုပြသခြင်းသို့ရောက် လာရပါမည်။ အာမက်ဂဒုံအရပ်သို့ ရောက်ကြရပါမည်။အရောင်တွေရောထားတဲ့ မြင်းတစ်ကောင်ပေးမှာ စီးနင်းနေကြပါတယ်။ __အဖြူရောင်မြင်းတစ်ကောင်ရယ်အနီရောင်မြင်းတစ်ကောင်ရယ်။ အမည်းရောင်မြင်းတစ်ကောင်ရယ်ရောထားတာဖြစ်ပြီး__မတူ ကွဲပြားတဲ့ နိုင်ငံရေးသုံမျိုးသုံးစားဖြစ်ပါသည်။...နိုင်ငံရေးတန်ခိုး၊ဝိညာဉ်ရေးရာတန်ခိုးကို အဲဒီအန္တိခရစ်ဆိုတဲ့ နတ်ဆိုးတန်ခိုး အားဖြင့်ထိန်းချုပ်ထားခြင်းဖြစ်ပါသည်။ ခင်ဗျားတို့က တစ်ခုသောမွဲခြင်း၊ သူစီးနင်းတဲ့၊ကြည့်ရတာဖြူဖတ်ဖြူရော်ဖြစ်သည့်အရာကို ရထားကြတာဖြစ်ပါသည်။ အဲဒါအမှန်ပါ။ အခု သတိပြုပါ။ သူစီးနေတာကိုကြည့်ပါ။ ဒီလို ကြည့်ရတာ ဖြူဖတ်ဖြူရော်ဖြစ်တဲ့ မွဲပြာရောင်မြင်းတစ်စီးရှိပါသည်။အမည်းရယ်၊ အနီရယ်၊ အဖြူရယ်ကိုရောထားတာပါ။ စစ်ပွဲသို့ ဦးတည်ခြင်းဖြစ်ပါ တယ်။ကောင်း ကင်အောက်အရပ်၌ရှိသော ခပ်သိမ်းသောတိုင်းနိုင်ငံတို့မှ သူ့ရဲ့အကြောင်းအရာတို့ကို စုဝေးစေမည်ဖြစ်ပါသည်။

ဒံယေလကအိမ်မက်အနက်ကို ပြန်ဆိုမှုမပြုခဲ့ဘူးလား ?တိုင်းနိုင်ငံတို့အား လည်ပတ်စေသည့် သံအစင်းကြောင်းတွေကို မြင်ခဲ့တယ်မဟုတ်လား ? ရောမမြို့၏ ပိုဆိုင်မှုမဟုတ်ပါလော ? ဒီလိုသူတို့ရောက်လာကြပြီး၊စုရုံးမှုပြုကြပါတယ်။ အခု ရုပ်သိမ်းဖို့ တစ်မိနစ်လောက်ပဲ ထိုင်စောင့်ပြီးသေသေချာချာနားထောင်ပေးပါ။ အဲဒီလိုလုပ်ဖို့ သူတို့အခု စုရုံးနေကြပါပြီ။ မြေကြီး၏အရပ်လေး မျက်နှာမှ သူ၏ပြဿနာတွေကို ခေါ်လာနေခြင်းဖြစ်ပါသည်။ မြင်းမွဲကိုစီးနေတာပါ။မကောင်းတဲ့ပုံပေါက်တဲ့ အရောင်သုံးမျိုးရော ထား တဲ့__တစ်ယောက်ထဲသောသူဖြစ်ပါသည်။

121 ၁၂၁။ အခု ဗျာဒိတ်ကျမ်း အခန်းကြီး ၁၉ မှာရှိပါတယ်။ သူက အဆင်သင့်ပြင်နေရုံသာမကပါဘူးခရစ်တော်လည်း သူနဲ့တွေ့ဖို့ အဆင်သင့်ပြင်နေတာ ဖြစ်ပါတယ်။ ပူပူပြင်းပြင်းခပ်ကြီးကြီးကို စစ်ပွဲက ဖြစ်တော့မှာပါ။ ခရစ်တော်က ဗျာဒိတ် ၁၉ မှာပါပါတယ်။ ခရစ်တော်က သူ့ရဲ့လူတွေကို စုရုံးစေပါပြီ... ကမ္ဘာ၏အရပ်လေးမျက်နှာမှရောက်လာခြင်းမဟုတ်တာ ဘာကြောင့်လဲဆိုရင် နည်း နည်းတော့ချန်ထားစရာအကြောင်းရှိလို့ပါ။ ကိုယ်တော်ဘာကို လုပ်ဆောင်မှုပြုခဲ့ပါသလဲ ? ကိုယ်တော်က သူတို့ကို ကောင်းကင်၏အရပ်မျက်နှာမှ စုရုံးမှုပြုမှာဖြစ်ပါတယ်။ (မနက်ဖန်ညဆို ကျွန်တော်တို့ပလ္လင်အောက်မှာရှိတဲ့ ဝိညာဉ်တွေ့ပါမည်။) ကောင်းကင်၏ အရပ်လေးမျက်နှာကနေနှင်းပွင့်အဆင်းရှိသောမြင်းကို စီးတဲ့သူရှိပါမည်။ သူ့မှာလည်း နာမည်တစ်ခုရှိပါတယ်__ မရဏာမဟုတ် တဲ့သူ့ရဲ့ပေါင်ပေါ်မှာ အဲဒီအမှတ်အသားအမှန်တကယ်ရှိပါတယ်။ဘုရားသခင်၏နှုတ်ကပတ်တော်ဖြစ်ပါတယ်။ ထိုသို့တစ်ခုတည်း သော အသက်ဖြစ်ရတဲ့အကြောင်းကတော့ ဘုရားသခင်သည်ထိုသို့ထာဝရတည်သော အသက်၏တစ်ခုတည်းသော အရင်းအ မြစ်__ ဗိုးဆိုသောအရာဖြစ်လို့ပါပဲ။ အဲဒါမှန်လား ?

122 ၁၂၂။ ကိုယ်တော်မှာအသက်လို့ရေးထားတဲ့ မြင်းဖြူတစ်ကောင်ပေါ်မှာ စီးနင်းမှုပြုတာဖြစ်ပါတယ်။ဒီလိုတန်ခိုးသုံးခုရောထား တဲ့ လူတစ်ယောက်လည်းရှိပါတယ်။ မရဏာဟုခေါ်ပါသည်။သူ၏မြေကြီးစွန်းမှ ကိုယ်စားလှယ်တို့သည် စုရုံးမှုကိုပြုကြပါတယ်။ ခ ရစ်တော်သည်သူ၏ကောင်းကင်မှ_ မွေးသောအကြောင်းတရားများဖြစ်သည့် သူတော်စင်တို့ကို စုစည်းမှုပြုတော်မူပါသည်။

သူ့မှာရှိတဲ့မြင်းပေါ်မှာတော့မရဏာဟုရေးသားထားပါသည်။ ခရစ်တော်ပိုင်ဆိုင်တဲ့မြင်းမှာတော့ အသက်ဟုရေးသားထား ပါတယ်။ ကိုယ်တော်နှင့်အတူရှိသော ထိုသူတို့၏မြင်းများတွင် ရှိပါတယ်။ သူတို့က 'လောကမတည်မီ ရွေးချယ်ခံရသည်' ဟုခေါ် ဆိုမှုပြုကြပါတယ်။ (အာမင်!)သူတို့က နှုတ်ကပတ်တော်ကို ယုံကြည်ကြတဲ့လူတွေဖြစ်ပါတယ်။ အာမင်! ကျွန်တော်ကအဲဒီတစ်ခု ကို ကြိုက်ပါတယ်။ 'လောကမတည်မီကပင်ရွေးချယ်တော်မူခြင်း' ဆိုတာပါ။ဒီနောက် သူတို့၏ရွေးချယ်ခြင်းခံရခြင်းဖြင့် နှုတ်က

ပတ်တော်သို့ယုံကြည်မှုရှိကြခြင်းဖြင့်ဖြစ်ပါသည်။ အသစ်သောဝိုင်နှင့်ငှင်း၊ အသစ်သောဆီနှင့်ငှင်း၊အလုံးစုံသော နိုးဆော်ခြင်းကိုခံ ကြရပါသည်။ အခုတောက်လျှောက် အမှန်စီးနင်း၍ကိုယ်တော်နှင့်တွေ့ဆုံဖို့ ဆင်းလာနေကြပါပြီ။ ရှေ့တွင်ရောက်လာမည့် လုပ သောမကြာသောအချိန်နာရီတွင် မိုးချုန်းသံတွေကအကြောင်းတရားကို ဖြစ်လာစေမည့်အရာဖြစ်တယ်ဆိုတာကို သူတို့သိရှိကြပါ သည်။

123 ၁၂၃။ ကြည့်ပါ။ကိုယ်တော် မည်သို့အမှုပြုတော်မူပါမည်နည်း ?ဒါကြောင့် ကိုယ်တော်က နှုတ်ကပတ်တော်ဖြစ်တယ်ဆိုရင် သူ့နာ မည်ကလည်းနှုတ်ကပတ်တော်ဖြစ်ပါမည်။ ဒီနောက် နှုတ်ကပတ်တော်က အသက်ဖြစ်ပါတယ် ! အန္တိခရစ်က… ဘယ်လိုအတုမျိုး မဆိုက ဆန့်ကျင်ဘက်ပြုပါတယ်။ ဒါကြောင့် အတုကခရစ်တော်ကို ဆန့်ကျင်ဘက်ပြုပါတယ်။ ဒါကြောင့် အယူဝါဒတစ်ခု သို့မ ဟုတ်ဂိုဏ်းဂဏတစ်ခုကို ဖြစ်စေချင်တာ နှုတ်ကပတ်တော်ကို ဆန့်ကျင်ဘက်ပြုပါသည်။

ဘာဖြစ်လို့ပါလဲ။ခင်ဗျားတို့ အဲဒါကို ဘယ်လိုပျောက်ကြလဲတော့ ကျွန်တော်မသိပါဘူး။ ခင်ဗျားတို့နားလည်ပါသလား ? ခင်ဗျားတို့အဲဒါကို ဘယ်လိုပျောက်လို့ရပါမည်နည်း ?ခင်ဗျားတို့ ဘယ်လိုဆက်သွားမလဲဆိုတာကို ကျွန်တော်တော့ မသိပါဘူး။ အဲ ဒါကအမှန်ပါ။ အတုက ဆန့်ကျင်ဘက်ပြုပါတယ်။ အဲဒါက မမှန်ဘူးလား ? _ အဲဒီကနေ ခွာနေပါ။အဲဒါက သူဘယ်လိုဖြစ်သလဲဆို တာပါပဲ။ သူဟာ သူ့ရဲ့အရောင်တွေရောနှောထားတဲ့ မြင်းကိုစီးပြီးလာနေတာပါ။ ဒီနေရာမှာရှိတဲ့ ဘုရားသခင်၏နှုတ်ကပတ်တော် မှာ အဲဒါကိုကျွန်တော်တို့မြင်တွေ့ကြရပါတယ်။ အသင်းတော်ခေတ်ကာလခုနစ်ခုမှာ အဲဒါကိုကျွန်တော်တို့အမှန်တကယ်တွေ့မြင် ကြရပါတယ်။ အတုက နှုတ်ကပတ်တော်ကို ဆန့်ကျင်ပါသည်။ဘာကြောင့်အယူဝါဒက… ဘာကြောင့် ကျွန်တော်တို့က အယူဝါဒ နှင့်ဂိုဏ်းဂဏတွေကို အလွန်ဆန့်ကျင်မှုပြုသလဲဆိုတော့ သူတို့က နှုတ်ကပတ်တော်ကိုဆန့်ကျင်ဘက်ပြုလို့ဆိုတာ ိကု မြင်ကြပါ။ ခင်ဗျားတို့ မြင်ပါသလား ?

124 ၁၂၄။ နောက်ဆုံးကြိုးစားရုန်းကန်ခြင်းဆီသို့ အသက်နှင့်သေခြင်းက ရောက်လာတယ်ဆိုတာကို ကျွန်တော်တို့ဒီမှာမြင်တွေ့ကြ ရပါတယ်။ စစ်မှန်သောအသက်က မြင်းဖြူဖြစ်ပါတယ်။ ရောနှောထားတဲ့အယူဝါဒကတော့ မြင်းမွဲစဖ်ပါတယ်။ ခင်ဗျားတို့ကြည့်ပါ။ အကြောင်းအရာကအစစ်အမှန်ပြသဖို့ရာရောက်ရှိလာပါမည်။

ဒီနေရာမှာတစ်စုံတစ်ခုသောအရာကို ကျွန်တော ်ာပြောကြားမှုပြုချင်ပါတယ်။ ခင်ဗျားဒါကိုယုံချင်မှလည်းယုံပါမည်။ ဒါပေ မယ့် သေချာက်စဖို့ အဲဒါကိုကျွန်တော်ကြည့်ရှုမှုပြုပါမည်။ အဲ့မှာ တစ်ခုတည်းသော ကနဦးအရောင်တစ်ခုရှိပါတယ်။အဲဒါကတော့ အဖြူပဲဖြစ်ပါတယ်။ အဲဒါကို ဘယ်နှယောက်လောက်သိကြပါသလဲ ? အဲဒါက တစ်ခုတည်းသော မူလကနဦးတစ်ခုတည်းသောအ ရောင်ဖြစ်ပါတယ်။ ဘယ်အရောင်ကိုမဆို ရောကြည့်လိုက်ပါ။ ခရစ်တော်ဆိုတဲ့ ကနဦးလာတဲ့ အပြစ်နှင့်ကင်းတဲ့နှုတ်ကပတ်တော် အဖြူရောင်အတုံးပေါ်မှာ တည်နေကြပါ။ အာမင် ! ဓာတ်ပစ္စည်းအချို့ကအဲဒီထဲမှာ ဖျက်ဆီးထားတာမျိုးမရှိရင် ဘယ်အရောင်မျိုး မဆို အဖြူဖြစ်သွားပါလိမ့်မည်။အာမင် ! ဘုန်းကြီးပါစေသော ! အသင်းတော်တိုင်းက ဘုရားနှုတ်ကပတ်တော်၌တည်သည့် တမန် တော်တို့၏ ဩဝါဒအပေါ်မှာရပ်တည်မှုပြုကြရပါမည်။ ပြီးရင်တော့ ဘုရားသခင်က အဲဒါကိုအတည်ပြုပေးတော်မူပါမည်။ တကယ်လို့ ကျွန်တော်တို့က အဲဒီထဲမှာ အယူဝါဒတွေနဲ့ ဂိုဏ်းဂဏဆိုတာတွေကို ရောထည့်ထားတာမျိုးမရှိဘူးဆိုရင်ပါ။အဲ့လို ခင်ဗျားတို့က ဖြစ်နေကြပါတယ်။ အို ဘုရားသာအဗီဖန်စ် အခု တကယ်ကောင်းတယ်လို့ကျွန်တော်ခံစားရပါတယ် ! ဟုတ်ပါတယ် ဆရာ ! ဟုတ် တယ် ဆရာရေ ! တစ်ခုတည်းသောမူလကနဦးအရောင်က__ အဖြူရောင်ပဲဖြစ်ပါတယ်။အဲ့ဓါကို လုံးဝဂိုဏ်းဂဏဆိုတာတွေ အယူ ဝါဒဆိုတာတွေနဲ့ မရောပစ်လိုက်ကြပါနှင့်။မလုပ်လိုက်ပါနဲ့ ဆရာရေ။

125 ၁၂၅။ ပြီးတော့မှတ်ထားပါ။ သူ့ရဲ့သူတော်စင်တွေဟာ အဖြူရောင်ဝတ်စုံကို ဝတ်ဆင်မှုပြုကြပါတယ်။ဂိုဏ်းဂဏတွေနဲ့ အယူဝါဒ တွေနဲ့ကိုမရောလိုက်ကြပါနှင့်။ အခု ကျွန်တော်တို့ ဂိုဏ်းဂဏနဲ့အယူဝါဒတွေကို ရှာဖွေကြပါမည်။ဒီနေရာမှာ ခင်ဗျားတို့က အယူဝါ ဒတွေကိုရှာဖွေလိုက်ကြပါမည်။ ဒီနေရာမှာ ခင်ဗျားတို့ကခင်ဗျားတို့ရဲ့ရောနှောထားတဲ့အရောင်ကို ပိုင်ဆိုင်ထားကြပါမည်။ ဒါပေ မယ့် ဒီမှာတော့ကိုယ်တော်ရှင်မြင်းစီးခြင်းက မူလကနဦးအရောင်ပေါ်မှာပဲ စီးနင်းတာဖြစ်ပါတယ်။ကနဦးအရောင်က သူ့ရဲ့လူတွေ အပေါ်မှာ တည်တော်မူပါသည်။ သူတို့က အသွေး၌နစ်၍စင်ကြယ်စေသော အဝတ်ကိုရကြတဲ့လူတွေဖြစ်ပါတယ်။ အဲဒါကိုပြန်ပြီး ဟိုးနေရာကိုအမှန်တကယ်ပြန်ရောက်စေတယ်ဆိုတာကို မြင်ပါ။ အဲဒါက အမှန်ပါ။

126 ၁၂၆။ ထိုသို့ရောလိုက်တော့မွဲသွားပြီး သေခြင်းသို့ ရောက်ရှိသွားခဲ့တာပါတယ်။ အဲ့လိုအဖြူနဲ့အရောင်တွေကိုရောမယ်ဆိုရင် တော့ပြောင်းပြန်အကြောင်းတရားတစ်ခုဖြစ်ပါမည်။ ခင်ဗျား မူလအရောင်သို့ပြောင်းအောင်လုပ်လိုက်တာပဲဖြစ်ပါသည်။ အဲဒါ ဟုတ်လား ? မူလအရောင် တစ်ခုတည်းသောအရောင်ဆိုရင်တော့ အဖြူရောင်ပါပဲ။ခင်ဗျားအဲဒါကို တစ်ခုခုနဲ့ရောကြည့်ပါ။ အဲဒါကို စစ်မှန်တဲ့အကြောင်းတရားအဖြစ်သို့ပြောင်းလဲသွားစေပါမည်။ အာမင် ! အဲဒါဟုတ်ပါသလား ? ကိုယ်တော်က မြင်းဖြူ ကိုယ်တော် ကနှုတ်ကပတ်တော်ဖြစ်တယ်ဆိုပါလျှင် ဒီနောက် အဲဒါနဲ့ဘယ်အရာကိုမဆိုရောနှောမှုပြုလိုက်ပါ_ ဘယ်လိုအယူဝါဒမျိုးကိုမဆိုပါ။အဲဒီမှာ စကားလုံးတစ်ခုကိုပေါင်းထည့်ပြီး အဲဒီက စကားလုံးတစ်ခုကိုနုတ်ပစ်မှုပြုပါမည်__ အဲဒါမှာတစ်ခုလုံးကို ပြောင်းလဲပစ်စရာ အကြောင်းရှိနေပါပြီ။ အို ကျွန်တော် ! ကျွန်တော်ကိုနှုတ်ကပတ်တော်နှင့် စောင့်ရှောက်တော်မူပါ ဘုရားသခင်။

မှန်ခြင်းနှင့်မှားခြင်းမှာ… အို ကျွန်တော် ! ဘယ်လောက်ပဲ ကောင်းကောင်းကိစ္စမရှိပါဘူး… မှန်တာနှင့်မှားတာက ရောနှော၍ မနေနိုင်ပါဘူး။ အဲဒါကရောလို့မရပါဘူး။ အဲဒါက ‘ထို့ကြောင့်နှုတ်ကပတ်တော်မိန့်တော်မူသည်။’ ဆိုတာ ဟုတ်ချင်ဟုတ် မဟုတ် ရင် ‘အဲဒါကအမှားပါပဲ’ သန့်ရှင်းသောဖာသာကအဲဒီလိုပြောတယ်ဆိုတာက အကြောင်းမဟုတ်ပါဘူး__ရှင်ကိုနီဖေ ဒါမှမဟုတ် ကန်တာဘာရီဂိုဏ်းချုပ်ကြီးကအဲဒါကိုပြောတယ်ဆိုတာတွေကိုလည်း ကျွန်တော်မသိပါဘူး__ တကယ်လို့ အဲဒါက နှုတ်ကပတ် တော်ကို ဆန့်ကျင်တယ်ဆိုရင်တော့ အဲဒါကပြောင်းပြန်အမှားပဲဖြစ်ပါတယ်။ အဲဒါက ရောလို့ကိုမရတာပါ။

127 ၁၂၇။ ‘ဘာကြောင့် ဒီကောင်ကလုပ်ရတယ်…’ လို့ပြောရင် သူဘာလုပ်တယ်ဆိုတာကိုကျွန်တော်ဂရုမစိုက်ပါဘူး။ဘယ်လောက် သူက သန့်ရှင်းပါစေ၊ ဒါမှမဟုတ် အဲဒီလိုဘယ်လိုပဲဖြစ်ဖြစ်ကျွန်တော်ဂရုကိုမစိုက်တာပါ။ ဒါက ကျွန်တော်ပိုင်ဆိုင်သည့် တစ်ခု

တည်းသောတည့်တည့်ရောက်သည့် အမှန်တရားဖြစ်ပါတယ်။ အသင်းတော်မဟုတ်တဲ့ အယူဝါဒမဟုတ်တဲ့အရာတွေမှာ သမ္မာတရားဆိုတာလည်း ရှိမှာမဟုတ်ပါဘူး။ တကယ်လို့ဒီအဆို၏ပြင်ပဥ္စနေမယ်ဆိုရင် တစ်ယောက်လောက် အဲဒီမှာအဲ့ဒီလိုဖြစ်တယ်ဆိုတယ်အကြောင်းကျွန်တော်ကို ပြသမှုပြုပါ။ ကျွန်တော် ခင်ဗျားတို့ကို ပြောချင်ပါတယ်။ကျွန်တော်ကျမ်းစာထဲက စာမျက်နှာတစ်ခု ကိုလှန်ပါမည်။ ပြီးရင် ကျွန်တော် ခင်ဗျားကိုတစ်ခုခုကိုပြသမှုပြုပါမည်။ အခု တစ်ခုကို ဖော်ပြပါမည်။

ခင်ဗျားက 'ပန်တီကော်စတယ်တွေ ' လို့ပြောပါမည်။

အို၊ကျွန်တော်(ကျွန်တော်အခု တစ်ယောက်ယောက်ဆီကလာတဲ့ အဲဒီလိုအတွေးကို ဖမ်းပြပါမည်။)ကျွန်တော်ကတော့ အဲဒါကို အခုသီးသီးသန့်သန့်ပဲ ဖယ်ထားတာကပိုကောင်းပါမည်။ ကျွန်တော်ကအဲဒီမှာ စပေါက်နေပြီဖြစ်တဲ့ အနာကွက်တစ်ခုကို မြင်နေလို့ဖြစ်ပါတယ်။ ကျွန်တော်က၊ခင်ဗျားတို့ကို နာကျင်စေလိုစိတ် မရှိပါဘူး။ ဒါပေမဲ့ ခင်ဗျားတို့ အဲဒီလိုစဉ်းစားတာကို ကျွန်တော်သိတယ်ဆိုတဲ့အကြောင်း၊ ကျွန်တော်က အခု၊ ခင်ဗျားတို့ကို၊သိစေချင်တယ်ဆိုတာကို မြင်ပါ။

128 ၁၂၈။ အဲဒီလိုရောနှောထားတဲ့အရာတွေကသေဖို့၊ အတုအဖြစ်သို့ ပြောင်းလဲစေပါတယ်။...ပင်မမူရင်းနဲ့အရောင်မျိုးစုံကို ခင်ဗျားတို့ရောလိုက်တဲ့အခါ သေခြင်းအရောင်သို့ပြောင်းသွားပါတယ်။ အဲဒါ ခရစ်တော် မုန်ညှင်းစေ့အကြောင်း၊ ပြောဆိုမှုပြုသလိုပါပဲ။အဲဒါက အလုံးစုံသော အစေ့တွေထဲမှာ၊ အသေးဆုံးသော အစေ့ဖြစ်ပါသည်။ ဒါပေမဲ့၊ အဲဒါကဘာနဲ့မှ ရောလို့မရပါဘူး။ မုန်ညှင်းစေ့ကဘာမှရောလို့မရပါဘူး။ သူဟာ စစ်မှန်တဲ့မုန်ညှင်းစေ့ ဖြစ်ပါတယ်။ ဒါကြောင့်ခင်ဗျားအဲဒီလို မြောက်များစွာသောယုံ ကြည် ခြင်းကို ပိုင်ဆိုင်ထားတယ်ဆိုရင်တော့အခု၊ အဲဒါကို ဆုပ်ကိုင်ထားလလိုက်ပါ။

သတိပြုပါ။ အသက်ဆိုတဲ့အရာကအသက်ရှင်သော နှုတ်ကပတ်တော်ဟုခေါ်သော မြင်းဖြူစီးသူ၏နောက်သို့ လိုက်ပါခြင်းရှိပါသည်။ ကိုယ်တော်သည် သူနှင့်အတူရှိသည့် သူ၏ရှင်ပြန်ထမြောက်သော၊သူတော်စင်များအားဖြင့် ဟုတ်မှန်ကြောင်းကို သက် သေထူတော်မူပါသည်။ အခု၊ စစ်ပွဲကမည်သို့ဆက်ဖြစ်ပါမည်နည်း? ယေရှုက 'အကြင်သူသည် ငါ၌ယုံကြည်၍ ထိုသူသည် သေလွန်သော်လည်း ရှင်လိမ့်မည်။' 'ဟုမိန့်တော်မူထားပါတယ်။ ကိုယ်တော်က 'အကြင်သူသည် ငါ၌ယုံကြည်၍ သေလွန်သော်လည်း ရှင်လိမ့်မည်။ ငါ၌အသက်ရှင်၍ယုံကြည်သောသူတို့သည် သေခြင်းသို့မရောက်၊ 'ဟု မိန့်တော်မူခဲ့ပါတယ်။ တစ်ဖန် ကိုယ် တော်က 'အကြင်သူသည်၊ ငါ၌ယုံကြည်၍... ' ဟု မိန့်တော်မူထားပါတယ်။ ကိုယ်တော်က၊သူ့ကို ထာဝရအသက် ပေးသနား တော်မူကာနောက်ဆုံးနေ့ရက်ကာလ၌ ထမြောက်စေတော်မူပါမည်။ အဲဒါက သူထားတော်မူတဲ့နှုတ်ကပတ်တော်ဖြစ်ပါတယ်။

129 ၁၂၉။ ဒီနေရာမှာ၊စာတန်ကို သူ့ရဲ့ပရိုတက်စတစ်၊ သူ့ရဲ့ကက်သလစ်၊ တွေနဲ့အတူ အရပ်လေးမျက်နှာကနေရောက်လာစေပါ သည်။ အားလုံးအတူတကွ စုရုံးရောက်ရှိလာကြပါတယ်။ အာမာဂေဒုံစစ်ပွဲဆီသို့အမှန်တစ်ကယ်ချီတက်မှု ပြုကြပါသည်။ ဟုတ်ပါပြီ၊ ဒီလိုပဲ၊ ယေရှုဟာ ကောင်းကင်ကနေရှင်ပြန်ထမြောက်သော သူတော်စင်တို့နဲ့အတူ၊ ကောင်းကင်ကနေ ဆင်းကြွလာ တော်မူပါသည်။ နှုတ်ကပတ်တော်ကို ဟုတ်မှန်ကြောင်းသက်သေထူပါမည်။ ကျွန်တော်ပြောခဲ့သလိုပါပဲ၊ ဘုရားသခင်က ခင်ဗျားကို စေလွှတ်မှုပြုရန်စကားပြောတယ်ဆိုရင်၊ ကိုယ်တော်က ခင်ဗျားစကားကို ထောက်ခံမှုပြုတော်မူပါမည်။သတိပြုပါ။ ခင်ဗျားက ကောင်းကင်၏သံတမန်တစ်ယောက် ဖြစ်တယ်ဆိုရင် ကောင်းကင်တစ်ခုလုံးက ခင်ဗျားနောက်မှာရှိပါလိမ့်မည်။ ကောင်းကင်နိုင်ငံကနှုတ်ကပတ်တော်နှင့် လျော်ကန်သင့်မြတ်တဲ့အရာဖြစ်လို့ပါပဲ။

130 ၁၃၀။ အခု၊သတိပြုပါ။ ကိုယ်တော်ဟာ ရှင်ပြန်ထမြောက်တော်မူသော သူတော်စင်တို့နဲ့အတူကြွလာတော်မူပါမည်။ သူ့ရဲ့ နှုတ်တော်က မှန်ကန်ကြောင်းကို သက်သေထူပါမည်။ (ဒါကိုစာတန်သိပါတယ်။ သူ့အတွက် အခံမရှိသောတွင်းကို ပြင်ဆင်ထား ပါတယ်။ ကြည့်ပါ။ အိုကျွန်တော်) မရဏာက မြင်းမွဲကို စီးစဉ်အခါ အယူဝါဒနှင့် ဂိုဏ်းဂဏတို့ကိုရောနှောထားခြင်းဖြစ်ပါသည်။ ပြီးရင်သူနောက်ကို လိုက်ရပါတော့မည်။ (အို...ကျွန်တော်)ဘုရားသခင်ထံမှ ထာဝရကွာခြင်းကိုခံရပါမည်။ အဲဒီနေရာမှာ သူက သူတို့ကိုစီးပြီးထာဝရကွာခြင်းဆီသို့ သွားကြပါမည်။ ခရစ်တော်ကတော့ သူ့အသင်းတော်ကိုစီးပြီး အမှန်တစ်ကယ်ရှင်ပြန်ထ မြောက်ခြင်း၌ဘုန်းဝင်စားမှုပြုပါမည်။

131 ၁၃၁။ အခုအခန်းငယ် ၈ ကိုသတိထားကြည့်ပါ။ အခု၊ ဒီအတွက်....ကျွန်တော်တို့ သိမ်းတဲ့အခါနောက်ဆုံးအခန်းငယ် ၈ ၏တစ်စိတ်တစ်ပိုင်းမှာ 'တန်ခိုးကိုသူတို့အားအပ်သည်။' ဆိုတာရှိပါတယ်။ 'သူတို့' ဆိုတာ ဘယ်သူဖြစ်ပါသလဲ? မြင်လား? ဟုတ်ပါပြီ၊ အန္တိခရစ်ဟုခေါ်သော မရဏာဖြစ်ပါသည်။မရဏာနိုင်ငံဟာ သူနောက်သို့ လိုက်ပါခြင်းရှိပါတယ်။ သူ့ရဲ့ရည်ရွယ်ချက်ဖြစ်တဲ့ ပြစ်မှတ် လေးခုကို ကြည့်ပါ။

အန္တိခရစ်၊မြင်းဖြူဖြစ်ပါတယ်။ ဝိညာဉ်အားဖြင့် သတ်ဖြတ်မှုပြုသောအရာ ဖြစ်ပါတယ်။ အန္တိခရစ်ဖြစ်ပါတယ်။ ဝိညာဉ်ရေး ရာ သတ်ဖြတ်မှုဖြစ်ပါ တယ်။

နံပါတ်နှစ်၊ မြင်းနီဖြစ်ပါတယ်။ဓါးဖြင့်သတ်ဖြတ်ခြင်းဖြစ်ပါသည်။ အသင်းတော်နှင့် ပြည်နယ် ပေါင်းစည်းတဲ့အခါ၊နိုင်ငံရေးတန်ခိုးရှိပါမည်။

မြင်းမည်းပါ။ ရောင်းချမှုဖြစ်ပါသည်။ သူကသူ့ရဲ့လမ်းညွှန်ချက်ကို ထွက်ပေးတဲ့အချိန်မှာ ဖြစ်မှာပါ။အဲမှာ သူမဟာ၊ သူမနှင့်ဖေါက်ပြန်နေသောသူနှင့် အတူရှိခဲ့ဘူးပါသည်။သူက အစာကိုချိန်ခွင်နှင့်ချိန်ပြီး...ဆက်လက်၍အစားအသောက်အတွက် သူတို့ ဟာ ကိုက်ညီတဲ့ချိန်တွက်မှုကို ပြုကာ၊ ပိုက်ဆံရရန်ရောင်းချမှုကို ပြုခဲ့ကြပါတယ်။

လေးခုမြောက်အရာကမြင်းမွဲတစ်ကောင်ဖြစ်ပါသည်။ ဘုရားသခင်ထံမှ ထာဝရပယ်ရှင်းခြင်းကို ခံရတာဖြစ်ပါ တယ်။(တစ်ဖန် လေးခုမြောက်ရောက်လာသည့် အရာဆိုတာကို မြင်ပါ)

အို... ကျွန်တော်ဘုရားသခင်အားချီးမွမ်းပါ၏။

132 ၁၃၂။ အခုနောက်ဆုံးက ဒီလိုအဆုံးသတ်ပါတယ်။ အဲဒီလို လူတွေဆီကို...ခင်ဗျားတို့ရတယ်နော်။ ...?ကျွန်တော် အချိန်လွန် နေပါပြီ။ ခင်ဗျားတို့ ကျွန်တော်ကိုဆယ်မိနစ်လောက်အချိန်ပိုပေးလို့ရတယ်နော်?ဒီနေ့ကျွန်တော်မှာလေ ဒီလို ကျွန်တော်ကိုပြောဖို့ခေါ်ထားတဲ့သူအများကြီးရှိကြပါတယ်။ အဲလို ဧလိယအကြောင်း စပြောဖို့အရှူးအမူးဖြစ်နေကြတာမှ အများကြီးပါ။ ဒါကြောင့်၊ အခု၊ အဲဒါက သေဖို့ ဆုတောင်းနေကြတယ်။ပြီးတော့ ခင်ဗျားတို့က...[စကားလုံးမသဲကွဲပါ] ကျွန်တော်ဘာကိုကြည့်နေလဲဆိုတာကို ခင် ဗျားတို့မြင်ဘို့ ဘုရားသခင်က ကျွန်တော်ကိုကူညီမစတော်မူပါမည်။ ခင်ဗျားတို့ရော ဖြစ်တယ်မှတ်လား ? အခု မြင်ဖို့ကြိုးစားကြပါ။

အခုဒီလိုရုပ်သိမ်းမှု၌နောက်ဆုံးသောသတင်းစကားက အသင်းတော်ခေတ်ကာလဆီသို့ သက်ရောက်ခြင်းရှိပြီဆိုတဲ့အရာ ကိုမယုံကြည်တဲ့ ဧလိယဆိုသူထံ သက်ရောက်ခဲ့ပါတယ်။ ပရောဖက်တစ်ယောက်ဖြစ်တဲ့ အဲဒီလိုစည်းထဲ၌ဘိသိက်ခံရသူတစ် ယောက်ဆီကိုပါ... သေပြီးနောက်ကအရာကို (စောင့်ကြည့်ပါ) အဲဒီလူတွေဟာ ဧလိယဆိုတဲ့အသင်းတော်ခေတ်ကာလဆီသို့ ရောက်လာတဲ့သတင်းစကားပို့ဆောင်သူဆိုတာကို မယုံကြည်ကြပါဘူး။ ပရောဖက်ဖြစ်တယ်။ အဲဒီလိုစည်းထဲမှာဘိသိက်ခံရတဲ့ လူတစ်ယောက်ဖြစ်ပါတယ်... သေပြီးနောက်ကို (စောင့်ကြည့်ကြပါ)ဒီလိုနောက်ဆုံး အသင်းတော်ခေတ်ကာလ၏ သေဆုံးခြင်းပြီး နောက်မှာ... အခု ခင်ဗျားတို့ဘာဖြစ်မလဲဆိုတာကို သတိပြုပါ။ မြင်ကြပါ။ သေပြီးနောက်ရိုင်းစိုင်းသောသားရဲအားဖြင့် သူတို့၏အ သတ်ခံရသော ကိုယ်ခန္ဓာသည်ပျက်စီးခြင်းသို့ရောက်ပါတယ်။ အဲဒါကို ခင်ဗျားတို့သိပါတယ်။ အခု အဲဒါကအမှန်ပါ။အဲ့လိုပါပဲ။ သူ တို့ရဲ့ပုံစံက ယေဇဗေလ၏ပုံစံလိုမျိုးဖြစ်ကြပါတယ်။

133 ၁၃၃။ အခုဗျာဒိတ်ကျမ်း ၂း၁၈-၂၀ ကို ပြန်သွားကြပါမည်။ ကျွန်တော်တို့ခဏလောက်တော့အချိန်ယူရမည်ဟု ကျွန်တော်ယုံ ကြည်ပါတယ်။ ကျွန်တော်မဖတ်ရသေးဘူးနော် ? ဟုတ်ကဲ့။ ကျွန်တော်တို့အခုအဲဒါကိုဖတ်ရမယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။ တချို့ဟာတွေအတွက် ကျွန်တော်အဲဒါကိုဒီမှာချရေးထားပါတယ်... ဟုတ်ကဲ့။ သေခြင်းအစိုးရသည်ပုပ်ပျက်တတ်တဲ့အချိန်နာရီ ဖြစ်ပါတယ်။ အဲဒါက အဲဒီလိုဖြစ်ခဲ့ပါတယ်။ အဲဒါကဘယ်လိုဖြစ်တယ်ဆိုတာကို မြင်ပါသလား။ ယေဇဗေလက အထဲကို ဘယ်လို ရောက်လာတသလဲဆိုတာကို မြင်ကြည့်ပါ။

အခု ယေဇဗေလကအသင်းတော်တွေဖြစ်ပါတယ်... ဒီလိုခေတ်မီတဲ့အသင်းတော်ကသတို့သမီးမဟုတ်ပါဘူး။ အခု ဓမ္မ ဟောင်းကျမ်းမှာပါတဲ့ယေဇဗေလက ယနေ့ခေတ်၏အသင်းတော်ပုံစံဖြစ်ပါတယ်။ဘုရားနှုတ်ကပတ်တော်ဗျာဒိတ်ကျမ်း ၂း၁၈-၂၀ အတိုင်းပါပဲ။ ‘ပရောဖက်မဟူ၍ကိုယ်ကိုခေါ်ဝေါ်သောသင်၏ခင်ပွန်းယေဇဗေလသည် သွန်သင်၍ မှားယွင်းစေရသောအခွင့်ကို...’ အဲဒါဟုတ်လား ?အခု အဲဒါက ပြီးပြည့်စုံစွာ ယေဇဗေလကို ပုံဆောင်ထားခြင်းဖြစ်ပါတယ်။

134 ၁၃၄။ အခုပထမ... ကျွန်တော်တို့ ခင်ဗျားကိုကျမ်းစာပြီးရင်း ကျမ်းစာပေးနိုင်တယ်ဆိုတာကို မြင်ပါ။ နောက်ဆုံးခေတ်ကာလ၌အသင်းတော်ထံသို့ ပရောဖက်သတင်းစကားတစ်ခုသက်ရောက်ခြင်းရှိပါမည်။ သူတို့ကိုမူလနှုတ်ကပတ်တော်ဆီသို့ ပြန်လည်ခေါ် ဆိုမှုပြုတော်မူပါသည်။ အခု သတိပြုပါ။အဲဒါဟုတ်ပါသလား ? ထို့ကြောင့်မာလခိ ၄ မှာ မိန့်တော်မူထားပါတယ်။ အခြားကျမ်းချက် တွေကတော့_ ဗျာဒိတ် ၁၈း၇ နှင့် ပြီးတော့ဆက်ဆင်းသွားရင် တွေ့ရပါမည်။ယေရှုကိုယ်တော်တိုင် အဲဒါကို ဆက်၍ဆက်၍ဆက် ၍ ဟောကိန်းထုတ်တော်မူခဲ့ပါတယ်။ ‘လောတ၏နေ့ရက်ကာလကဲ့သို့...’ ပြီးတော့ အဲဒီလိုဆက်၍ဆက်၍ ရောက်လာပါသည်။ အ ခု ဆက်၍ရောက်ရှိလာပါမည်။

135 ၁၃၅။ ယေဇဗေလကဒီကနေ့ ခေတ်သစ်အသင်းတော်ဖြစ်တယ်ဆိုတဲ့ အကြောင်းရင်းက ကယ်ဆိုလစ်နှင့်ပရိုတက်စတန်းများ ယခု အတူတကွချိတ်ဆက်မှုပြုခြင်းကြောင့်ဖြစ်ပါတယ်။ အဲဒီလို အဲဒီမှာစုရုံးစရာအကြောင်းမရှိပါဘူး။ အဲဒါနှစ်ခုလုံးက ဂိုဏ်းဂဏ တွေဖြစ်ပါသည်။ ဒါကြောင့် အဲဒါကအခုမိခင်နှင့်ညီမတွေ ဖြစ်ပါတယ်။ အဲဒါက အကုန်လုံးပါပဲ။ သူတို့ဟာ ရှုပ်ယှက်ခတ်ပြီးတစ် ယောက်နှင့်တစ်ယောက်ငြင်းခုံနေကြပါတယ်။ဒါပေမယ့် အဲဒါက တူညီတဲ့အကြောင်းအရင်းဖြစ်ပါတယ်__ နှစ်ခုလုံးက ပြည့်တန် ဆာတွေချည်းပါ။ အခု အဲဒါကိုကျွန်တော့်ဘာသာကျွန်တော် ပြောတာမဟုတ်ပါ။ ကျွန်တော်က ‘ထို့ကြောင့် ဘုရားသခင်မိန့်တော် မူတယ်’ ဆိုတာကနေ ထိုအာကာပြီးပြောတာဖြစ်ပါတယ်။ဟုတ်ပါပြီ။

အခုကျွန်တော်တို့ သတိပြုကြပါ။ ဘုရားသခင်၏ တစ်ခုသောအမိန့်အားဖြင့် သတ်ဖြတ်မှုကိုပြုပါတယ်... ယေဇဗေလက သတ်ဖြတ်မှုကိုခံခဲ့ရပါတယ်။ဘာဖြစ်လို့လဲဆိုရင် ဘုရားသခင်က ဂျေဟူးကို အဲဒီ့ကိုဆင်းသွားခိုင်းပြီး သူမကိုပြတင်းပေါက်ကနေ လွှင့်ပစ်စေ၍__ယေဇဗေလကို သတ်ဖြတ်မှုပြုစေခဲ့ပါတယ်။ ခွေးတွေက သူမအသားကို စားကြပါတယ်။အဲဒါဟုတ်လား ? အဲဒီအတိုင်း ယေဇဗေလဖြစ်ခဲ့တာပါ။ သူသွေးကို ခွေးတွေက လျက်ခဲ့ကြပါတယ်။

136 ၁၃၆။ ကျွန်တော်တို့ဘယ်နေရာရောက်နေသလဲဆိုတာကို မြင်ပါသလား။ ခင်ဗျားတို့ မမြင်ဘူးလား ? ဘာဖြစ်လို့ပါလဲ ? ပထမ တော့ ဧလိယဆိုတဲ့သူဟာ အသင်းတော်တွေက ငြင်းပယ်ခဲ့ကြတဲ့လူတစ်ယောက်ဖြစ်ပါတယ်။ယေဇဗေလနှင့် အာဟပ်က အဲဒီ အသင်းတော်တွေရဲ့ဦးခေါင်းဖြစ်ပါတယ်__ အသင်းတော်နှင့်ပြည်နယ်အားလုံးအတူတကွရှိနေကြတာပါ။ ဧလိယက အာဟပ်အား သူ့အပြစ်ကိုဖော်ပြမှုပြုခဲ့ပါတယ်။ အသင်းတော်တစ်ခုလုံးကို စစ်မှန်သောနှုတ်ကပတ်တော်ရှိရာဆီသို့ပြန်လာဖို့ အမိန့်ပေးခဲ့ပါ တယ်။ ဒီကနေ့ ဒီအသင်းတော်ဆီသို့ဒုတိယအကြိမ်ဧလိယရောက်လာစဉ်အခါ__ကနဦးယုံကြည်ခြင်းကို တဖန်အသက်ဝင်လာ အောင် လုပ်ဆောင်ဖို့ စဉ်းစားမိမယ်ဆိုတာကတော့ မသေချာပါဘူး။ အဲဒီကနေခင်ဗျားတို့ ဆက်ပြီးဘယ်လိုညှစ်ထုတ်မယ်ဆိုတာ ကတော့ ကျွန်တော်မမြင်ပါဘူး။ ဟုတ်ပါပြီ။စစ်မှန်သော နှုတ်ကပတ်တော်ဆီသို့ လှည့်ပြန်လာပါ။ အဲဒါအမှန်ပါ။

137 ၁၃၇။ အခုခင်ဗျားတို့ သူတို့ရဲ့ကိုယ်ခန္ဓာကို တွေ့မြင်ချင်တယ်ဆိုရင် နှုတ်ကပတ်တော်ကကသူတို့ကို သတ်ဖြတ်ပြီး နောက်မှာရှိ တဲ့

ဒီနေရာက ဗျာဒိတ် ၁၉ ကို ဖွင့်ကြပါစို့။ အခုနှုတ်ကပတ်တော်က သူတို့ကို သတ်ဖြတ်မှုပြုပါတော့မည်။ အဲဒါကို ခင်ဗျားတို့သိပါ တယ်။အခု အမှန်ပါပဲ။ ခင်ဗျားတို့ အခုစောင့်၍ ခရစ်တော်ကြွလာတော်မူစဉ်အခါဘာဖြစ်မလဲဆိုတာကို ကြည့်ပါ။ ဗျာဒိတ်ကျမ်း အခန်းကြီး ၁၉ အခန်းငယ် ၁၇ က စထားပါတယ်။

‘ကောင်းကင်တမန်တစ်ပါးသည်နေထဲမှာရပ်လျက်ရှိသည်ကို ငါမြင်၏’

အခုအဲဒါပြီးရင်... ဒီအပေါ်ကိုကြည့်ပါ။ ‘(၁၃)အသွေး၌နှစ်ပြီးသော အဝတ်ကိုဝတ်၏။ ဘုရားသခင်၏နှုတ်ကပတ်တော်ဟူသောအမည်ရှိ၏’ အခန်းငယ် ၁၃ မှာပါ။ သူက ဘုရားသခင်၏နှုတ်ကပတ်တော်ကိုခေါ်ဝေါ်ခြင်းဖြစ်ပါသည်။ အခု ဒီနေရာမှာရှိတဲ့ ကိုယ်တော်ဟာ ဘုရင်တကာတို့၏ဘုရင်၊အရှင်တကာတို့၏ အရှင်ဖြစ်တော်မူပါသည်။

‘ကောင်းကင်တမန်တစ်ပါးကိုငါမြင်တယ်...’ [အခုကြည့်ပါ။သူဆက်သွားပါတယ်။] (၁၅) လူမျိုးတို့ကို ဒဏ်ခတ်စရာဖို့ ထက်သောသန်လျက်သည်ခံတွင်းတော်ထဲကထွက်၏။ [သူ့ပါးစပ်က ထွက်တာပါ။ ဘုရားသခင်၏နှုတ်မှ မောရှေ၏နှုတ်သို့ရောက်ရှိသလိုမျိုးပါ] ... သူတို့ကို သံလှံတံနှင့်အုပ်စိုးတော်မူမည်။အနန္တတန်ခိုးနှင့် ပြည့်စုံတော်မူသော ဘုရားသခင်၏ဒေါသအမျက်တော်၏စပျစ်သီးနယ်ရာတန်ဆာကို ဖိနင်းတော်မူမည်။ (၁၆) ဘုရင်တို့၏ဘုရင်၊ သခင်တို့၏သခင်ဟုဘွဲ့နာမတော်သည် အဝတ်တော်၌ ၎င်း၊ ပေါင်တော်၌၎င်း၊ ရေးသားလျက်ရှိ၏။ (၁၇)ကောင်းကင်တမန်တစ်ပါးကို ငါမြင်၏။

အခုကြည့်ပါ။ကိုယ်တော် ဆက်၍ရိုက်ပါတော့မည်။ ကိုယ်တော်က ဘယ်သူတို့ရိုက်တာပါလဲ? __ ယေဇဗေလနှင့် သူမရဲ့ခင်ပွန်းအာဟပ်ကိုပါ။ မှားယွင်းတဲ့ပရောဖက်ဖြစ်ပါတယ်။

(၁၈)သူသည်မိုးကောင်းကင်အလယ်၌ ပျံတက်သောငှက်အပေါင်းတို့ကိုကြီးသောအသံနှင့်ခေါ်၍လာကြလော့။ ရှင်ဘုရင်အသား၊ စစ်သူကြီးအသား၊ သူရဲအသား၊မြင်းအသား၊ မြင်းစီးသောသူအသား၊ အစေခံကျွန်၊ လူလွတ်၊ အကြီးအငယ်အမျိုးမျိုးသောလူတို့၏ အသားကို စားအံ့သောငှာ ကြီးမြတ်တော်မူသောဘုရားသခင်၏ပွဲတော်သို့စည်းဝေးကြလော့ဟု ဟစ်ကြော်၏။

138 ၁၃၈။ ကြည့်ပါ။ကိုယ်တော်က သူတို့ကို သားရဲတွေနဲ့ငှက်တွေဆီကို ကျွေးပစ်တာဖြစ်ပါတယ်။ အခု ဒီနေရာကဗျာဒိတ်ကျမ်း၏ အခြားသောအခန်းကြီးကို ကျော်ကြည့်ပါ။ (တစ်မိနစ်လောက်ပါပဲ)... ‘ဝေနှင့်ပတ်သက်၍ သေစေပြီးမြေကြီးတို့၏သားရဲတို့ကို’ ဆိုတာကိုမြင်ကြပါ။ ယေဇဗေလအသင်းတော်သူမရဲ့တကယ်ကိုယ်ခန္ဓာကို မြေကြီး၏ငှက်တို့နှင့်သားရဲတို့က စားကြမည်ဖြစ်ပါတယ်။ အခုအာဟပ်နှင့် ယေဇဗေလက ဇာတိသဘော၌ရှိတာကတော့ အတိအကျပါပဲ။ ဒါကြောင့် သူတို့ဟာဝိညာဉ်ရေးရာအသင်းတော် ၏ပုံသဏ္ဍာန်၌ ရှိကြရပါမည်။ ကျွန်တော်ဘာကိုဆိုလိုတယ်ဆိုတာခင်ဗျားတို့မြင်ပါသလား? ဟုတ်ပါပြီ။

139 ၁၃၉။ ဧလိယ... ဧလိယဟာ အာဟပ်နှင့် ယေဇဗေလ၏နေ့ရက်ကာလ၌ရှိသောပရောဖက်ဖြစ်ပါတယ်__ ဇာတိဆန်ကြပါတယ်။ပြီးတော့ ‘ထို့ကြောင့်ဘုရားသခင်မိန့်တော်မူတယ်’ ဆိုတဲ့အတိုင်းတူညီသောအမှုကို ပြုမည်ဟု သူကကတိပြုခဲ့ပါတယ်။ နှုတ်ကပတ်တော်၌ရှိသည့်ယေဇဗေလ၏ဝိညာဉ်သဘောဖြစ်ပါတယ်။ အမှုတော်မြတ်၌တည်သော သူဝိညာဉ်၏ပုံစံဖြစ်ပါတယ်။ စောင့်ကြည့်ပါ။

ဧလိယကသူ့ရဲ့နေ့ရက်ကာလ၌ သင့်တင့်လျောက်ပတ်စွာ အလွန်နှိမ့်ချစွာဖြင့် ဟုတ်မှန်ကြောင်းကိုသက်သေပြခဲ့ပေမယ့် လည်း နှုတ်ကပတ်တော်ဆီသို့ သူတို့မရောက်လာနိုင်ကြပါဘူး။ အဲဒါဟုတ်ပါသလား? နည်းမျိုးစုံဖြင့်ဧလိယက ကြိုးစားမှုပြပေမယ့် ... သူနည်းမျိုးစုံလုပ်ခဲ့ပါမည်။ သူဟာသူ့ရဲ့အံ့ဖွယ်နိမိတ်လက္ခဏာတွေကိုလည်း ပြသခဲ့ပါမည်။ သူတို့ကတော့ သူ့မျက်နှာကိုကြည့်ပြီးရယ်မောနေပါမည်။ သူတို့ဟာ ပြောင်းလဲခြင်းမရှိသောဝိညာဉ်သဘောဆောင်တာကိုကြည့်ပါ။သူက သူတို့ကို နှုတ်ကပတ်တော် ဆီသို့ လှည့်လာအောင် မလုပ်နိုင်ခဲ့ပါဘူး။

140 ၁၄၀။ သန်းနဲ့ချီပြီးထွက်သွားကြပါတယ်... အခု အသင်းတော်နားထောင်ပါ။ အခုနီးနေပါပြီ။ ဒီအပေါ်မှာ ခင်ဗျားတို့ရှုပ်ထွေးသွားပါလိမ့်မည်။ဧလိယ၏နေ့ရက်ကာလ၌ရှိသည့် ကမ္ဘာကြီးပေါ်တွင် သန်းနှင့်ချီ၍ ထွက်သွားကြပါတယ်__ ဒီကနေ့မှာယေဇဗေလနှင့် အာဟပ်တည်ထောင်သော အတုလုပ်ထားတဲ့ ပုံစံထဲမှာ ရောက်နေကြပါတယ်__ လောကတစ်ခုလုံးကနေထွက်လာတဲ့သူတွေရှိပါ တယ်။ ဧလိယ၏ဟောပြောမှုကြောင့် လူအယောက် ၇၀၀၀ သာ ကယ်တင်ခြင်းကိုခံခဲ့ရပါတယ်။ အဲဒါဟုတ်ပါသလား?အတိအကျပါ ပဲ။

ကြည့်ပါ။သူတို့ထဲက တစ်ယောက်ယောက်တော့ အဲဒီအတိုင်းဖြစ်တယ်ဆိုတာကိုဧလိယသိတောင်သိမသွားခဲ့ပါဘူး။ သူ က တစ်ယောက်တည်းသောကယ်တင်ခံရသူလို့ ထင်သွားခဲ့ပါတယ်။ဘုရားသခင်က တံဆိပ်တစ်ခုကိုမှ ဖွင့်မပြသေးခင်အချိန်ထိ လျှို့ဝှက်နက်နဲတဲ့စာအုပ်ကိုသူ့အား ဖွင့်ပြမှုမပြုခင်အချိန်ထိပါ။ သူတို့ိုပိုင်ဆိုင်ကြသည့်အယူဝါဒတွေကိုဦးမညွတ်တဲ့လူအယောက် ၇၀၀၀ ကို ပိုင်ဆိုင်ထားခဲ့ပါတယ်။ ဘုရားသခင်က ဧလိယအားသူ့စာအုပ်ကို ဖွင့်ပြတော်မူစဉ်အခါ ကိုယ်တော်က ‘အခု ခဏစောင့် သား။ အဲဒီအပြင်ဘက်နားမှာတသီကြီးတပွတ်ကြီးပါလားတဲ့။ လူအယောက် ၇၀၀၀ ကို ငါပိုင်ထားတယ်။ လောကအုတ်မြစ်မချမီကပင် သူတို့ဟာ သူတို့ရဲ့နာမည်ကို အသက်စာစောင်၌ စာရင်းသွင်းထားပြီးဖြစ်တယ်။ သူတို့ဟာငါပိုင်ဆိုင်တဲ့သူတွေလေ’ ဟုမိန့် တော်မူခဲ့ပါတယ်။ ဟူး! ဘုရားသခင်က တံဆိပ်ကိုဖွင့်ပြမှုပြုတော်မူခဲ့ပါတယ်။ အဲဒါကတော့ အဲဒီညက ယောဟန်အကျယ်ကြီး အော်တဲ့ကိစ္စဖြစ်မည်ဟုကျွန်တော်စဉ်းစားမိတဲ့အကြောင်းအရင်းဖြစ်ပါတယ်။ အဲဒီအပေါ်မှာ သူဟာ သူ့နာမည်ကိုမြင်ကိုမြင်ခဲ့ရ မယ်ဆိုတာ ကြည့်ပါ။ တစ်နေ့က ဘုရားသခင်ဖွင့်ပြတော်မူခဲ့ပါတယ်...

141 ၁၄၁။ ဧလိယကဟောပြောမှုပြုခဲ့ပါတယ်။ သူဟာ အမျိုးစုံလုပ်ခဲ့ပါတယ်။သူ့နှလုံးသားထွက်မြောက်ခြင်းအကြောင်းကို သူဟော

ပြောခဲ့ပါမည်။ တတ်နိုင်သလောက် အမျိုးစုံလုပ်ခဲ့ပါမည်။ အဲဒီအထိသူတို့ကသူ့ကို ‘ဟော ဟော’ ဆိုပြီး အမျိုးစုံသူ့ကို ခေါ်နေကြတာဖြစ်ပါသည်။ ပြီးတော့ ‘ခင်ဗျားကဒီကိစ္စအားလုံး တဒင်္ဂအကြောင်းတရားဖြစ်သည်’ ခင်ဗျားဟာ နတ်ဆရာတစ်ယောက်ဖြစ်တယ်။ ခင်ဗျားက ဒီလိုပြဿနာတွေဖြစ်လာအောင်လုပ်တဲ့လူတစ်ယောက်ဖြစ်တယ်။ ခင်ဗျားမှာ အပြစ်ရှိတယ်လို့ပြောကြပါတယ်။ အဲဒီလိုအမျိုးမျိုးဖြစ်စေကြပါတယ်။ သူတို့က သူ့ကို အမျိုးမျိုးအပြစ်တင်ကြပါတယ်။ယေဇဗေလက သူ့ရဲ့ခေါင်းကိုဖြတ်ပြီး အမျိုးမျိုး လုပ်ပစ်မယ်လို့ခြိမ်းခြောက်ခဲ့ပါတယ်။ အဲဒါအမှန်ပါ။ လူတိုင်းက သူ့ကို ဆန့်ကျင်ဘက်ပြုခဲ့ကြပါတယ်။

ပြီးတော့ဒီနောက် သူက ‘အရှင်ဘုရားကိုယ်တော် ကျွန်တော်အားမိန့်တော်မူတဲ့ ကိစ္စအားလုံးကို ကျွန်တော်လုပ်ပြီးတဲ့ နောက်...’ ကျွန ုပ်ဟာ ကိုယ်တော်၏နှုတ်ကပတ်တော်၌အတိအကျတည်နေခဲ့တာပါ။ ကိုယ်တော် ကျွန ုပ်ကို မိန့်တော်မူသမျှကို ကျွန်တော်ဟာမကြောက်မရွံ့ဘုရားမျက်နှာတော်ဆီသို့ လျှောက်ထားခဲ့ပါတယ်။ ဘယ်အကြောင်းကိုမဆိုပါ။သူတို့ကိုပြောခဲ့ပါ တယ်။ ‘ထို့ကြောင့်ဘုရားသခင်မိန့်တော်မူတယ်ဆိုပြီးတော့ပါ’ ကိုယ်တော် ကျွန်တော့်ကို မပြောတဲ့ဘာတစ်ခုကိုမှ ကျွန်တော်ဟာ သူတို့ကိုပြောခဲ့တာမျိုးမရှိပါဘူး။ ဒါပေမယ့် ဘာဖြစ်ခဲ့ပါသလဲ။ ဒီနေရာမှာရှိတဲ့ ‘ကျွန်တော်ဟာတစ်လောကလုံးနှင့်တစ်ယောက်ပါ။ ကျွန်တော်ဟာ တစ်ယောက်တည်းကျန်တဲ့လူတစ်ယောက်ပါ။သူတို့က ကျွန်တော့်ကို သတ်ဖို့ကြိုးစားနေကြပါတယ်။’ လို့ ပြောခဲ့ပါ တယ်။

142 ၁၄၂။ ဘုရားသခင်က ‘ငါတံဆိပ်တွေကိုဖွင့်ပြီး မင်းကိုပြစရာတစ်ခုရှိတယ်’ လို့ မိန့်တော်မူခဲ့ပါတယ်။ ကိုယ်တော်က ‘ငါ့မှာလေအခုထိဆို ဘယ်လိုအယူဝါဒကိုမှ ဘယ်လိုဂိုဏ်းအာဏာကိုမှ ခေါင်းမငုံ့၊ ဒူးမထောက်တဲ့လူအယောက် ၇၀၀၀ ကိုရထားတယ်။ ချီ ဆောင်ခြင်းအတွက် သူတို့ထဲက လူအယောက် ၇၀၀၀ ဟာ အဆင်သင့်ပဲ။ ကြည့်ပါ။’ ဟု မိန့်တော်မူခဲ့ပါတယ်။ အို! သူကသူ့ရဲ့ ပရောဖက်ကိုမိန့်တော်မူတာဖြစ်ပါတယ်။ (ကိုယ်တော်ဟာ သူ့ရဲ့နှုတ်ကပတ်တော်ကို ဖော်ပြတယ်ဆိုတာကိုကြည့်ပါ။ နှုတ်ကပတ် တော်အားဖြင့်ပါ။) ‘ငါ့မှာ အခုဆိုဒီမျိုးဆက်ကနေထွက်မြောက်တဲ့ လူအယောက်ခုနစ်ရာ၏နာမည်ကို ပြင်ဆင်ထားတာရှိတယ်— လူအယောက်ခုနစ်ရာရှိတယ်။သူတို့ဟာ ဘယ်လိုဘာသာရေးအဖွဲ့အစည်းကိုမှ [အဲဒါကို ဒီယနေ့ခေတ်ကာလကဲ့သို့ကျွန်တော် ပြောရမယ်ဆိုရင်ပါ။]ဒူးမထောက်ကြတဲ့သူတွေဖြစ်ပါတယ်။ ပြီးတော့ သူတ့ ိုဆီရောက်လာတဲ့အယူဝါဒကိုလည်းဒူးမထောက်ကြ တဲ့ လူတွေဖြစ်ပါတယ်။

ကျွန်တော်ဘာဆိုလိုတယ်ဆိုတာ ခင်ဗျားတို့မြင်ပါသလား?ဒီနောက် အဲဒါက ရိုးရှင်းစွာ ဖြစ်လာစရာအကြောင်းရှိပါတယ်။ အဲဒါကအခုဖြစ်စရာအကြောင်းရှိပါတယ်။ အဲဒါက နှုတ်ကပတ်တော်အတိုင်းပဲဖြစ်ပါသည်။ လူတစ်ယောက်လူမြင်ကွင်းပေါ်ကို ရောက်လာတဲ့အခါကျွန်တော်ဒီတရားဟောပလ္လင်မှာ မတ်တပ်ရပ်နေသ၍ သူဟာ ပရောဖက်တစ်ယောက်အဖြစ်ရှိနေပါမည်။ထို နှုတ်ကပတ်တော်နှင့် သူဟာ အမှန်တကယ်တည်နေပါတည်။ သူဟာ ဘယ်သူ၏အယူဝါဒ၊ဘယ်အရာအတွက်နှင့်မှ ကျဆုံးခြင်းရှိ မည်မဟုတ်ပါ။ အဲဒါကအမှန်ပါ။

143 ၁၄၃။ သူဟာဧလိယလို သစ်ခုတ်သမားတစ်ယောက်ပုံရှိချင်လည်းရှိပါမည်။ ယောဟန်ရောက်လတုန်းကလိုဖြစ်ချင်လည်းဖြစ်ပါ မည်။ သူက မိန်းမတွေကိုမုန်းပါမည်။ (သားရေ)!အကျင့်မကောင်းတဲ့မိန်းမတွေကိုပါ။ ဟူး! သားရေ သူဟာ သူတို့ပေါ်မှာ ခက်ခက်ခဲခဲဖြတ်ကျော်လျှောက်လှမ်းသွားပါမည်! ဧလိယကိုဖြစ်စေ ဒါကြောင့် ယောဟန်ကိုလည်းဖြစ်စေမယ်ဆိုတာ မြင်ပါ။ သူဟာထိုနှုတ် ကပတ်တော်နှင့်ဖြောင့်မတ်စွာအမှန်တကယ်ရှိနေပါမည်။ သူဟာ အဖွဲ့အစည်းတွေကို ဆန့်ကျင်ဘက်ပြုပါမည်။အဖွဲ့အစည်းတွေ ဟုတ်လား? ‘ခင်ဗျားတို့ဘာသာဖင်ဗျားတို့ပဲ အတွင်းကနေပဲ ပြောလို့မရဘူးဆိုတာကို ဆင်ခြင်ပါ။’ ငါတို့၏ဘိုးဘေးအဖြစ် အာဗြ ဟံကိုငါတို့ပိုင်ဆိုင်ထားခြင်းကြောင့် ဘုရားသခင်သည် ဤကျောက်တုံးများကိုအာဗြဟံ၏သားမြေးများအဖြစ် ပေါ်ထွန်းစေနိုင် သည်ဟု ငါပြောနိုင်ခြင်းဖြစ်တယ်။ ‘ ဆိုပြီးတော့ ရှိရပါမည်။အသေအချာဖြစ်စေခဲ့သောအရာဖြစ်ပါတယ်။

အခုအဲဒီလိုပဲ ခင်ဗျားတို့လည်းဖြစ်ရပါမည်။ မိတ်ဆွေတို့။ ဒီစတုတ္ထတံဆိပ်ကိုဖွင့်ပြခဲ့ပါတယ်။ စတုတ္ထမြောက်မြင်းစီးသူက ကျွန်တော်အားအကောင်းဆုံးအသိဉာဏ်ကိုရအောင် ဖွင့်ပြပေးခဲ့ပါတယ်။ အခု ဒီအရာကကမ္ဘာပေါ်မှာဖြစ်လာမည့် အရာအားလုံး ဖြစ်ပါတယ်။ နောက်ကျွန်တော်တို့တွေ့ရမည့်တံဆိပ်ကတော့ ကောင်းကင်အရပ်၌ရှိမည့် ဝိညာဉ်တို့သည် ပလ္လင်အောက်၌ရှိနေကြ တဲ့အကြောင်းဖြစ်ပါမည်။

144 ၁၄၄။ အခုအဆုံးသတ်အနေဖြင့်ဒီလိုစုံတွဲဖြစ်တဲ့အကြောင်းကို ကျွန်တော်ပြောချင်ပါတယ်... ခင်ဗျားတို့အား ကျွန်တော်ရေးသား စကားလုံးအနည်းငယ်ကိုပြောချင်ပါတယ်။ ကျွန်တော်တို့ ဒီတံဆိပ်လေးခုအကြောင်းတော့ ကျော်ခဲ့ကြပြီးဖြစ်ပါတယ်။ပထမတံ ဆိပ်လေးခုကျော်သွားပါပြီ။ အခု မနက်ဖန်ညမှာတော့ရွှေ့လာမယ့်မြေကြီးအကြောင်းတရားများကနေ ကျွန်တော်တို့ဇာတ်လမ်းကို ပြောင်းလဲမှုပြုကြပါမည်။သူဒီကိုကြည့်တဲ့အခါမှာတော့ ပလ္လင်အောက်မှာရှိတဲ့ဝိညာဉ်တွေကို မြင်ရပါတယ်။ ယဇ်ပူဇော်တဲ့ပလ္လင် အောက်မှာရှိနေကြတာပါ။ နောက်နေ့ညမှာတော့တရားစီရင်ခြင်းက သက်ရောက်ခြင်းရှိပါမည်။ စတုတ္ထညမှာ...နောက်ဆုံးကျရင် တနင်္ဂနွေနေ့မှာ... အဲဒီလိုမျိုး အခြားအဓိပ္ပာယ်တော့ကျွန်တော်မသိပါဘူး။ ‘အခုကျွန်တော်ခင်ဗျားတို့ ဖတ်သလိုပဲ အဲဒီအကြောင်း အရာတွေကို ဖတ်တာပါ။ ဒါပေမယ့်နာရီဝက်လောက်ကတော့ တိတ်ဆိတ်နေပါတယ်။ ဒါပေမယ့် အဲ့မှာ တစ်ခုခုဖြစ်လာပါသည်။ထိုအကြောင်းကို ကိုယ်တော်ဖော်ပြဖို့ ကျွန်တော်မျှော်လင့်မိပါတယ်။ ကိုယ်တော်ထိုသို့အမှုပြုတော်မူပါမည်။ ကိုယ်တော်အမှုပြု မယ်ဆိုရင်တော့ကျွန်တော်စိတ်ကျေနပ်ရပါမည်။

ကျွန်တော်တို့ကျမ်းစာထဲက မတူညီတဲ့နေရာတွေဆီ ရောက်လာခဲ့ကြပါတယ်။ ဗျာဒိတ် ၁၉ မှာခရစ်တော်ကြွလာတော်မူ ပြီး အန္တိခရစ်ကို သတ်ဖြတ်မည့်အကြောင်းကိုဖော်ပြစရာအကြောင်းရှိပါတယ်။ အဲဒါက ဒါကို ကျွန်တော်ချန်ထားခဲ့တဲ့အကြောင်းဖြစ်ပါတယ်။ အခု အခန်းငယ်နှစ်ခုကို ယူပါမည်။ ဒီအကြောင်းအရာတွေကို သက်သေပြတဲ့ကျမ်းစာရဲ့မတူညီတဲ့နေရာတွေကို ကျွန် တော်တို့ သွားခဲ့ကြပြီးဖြစ်ပါတယ်။ ဒါကြောင့် အဲဒါက ဗျာဒိတ် ၁၉ ကိုကျွန်တော်သွားခဲ့တဲ့အကြောင်းအရင်းဖြစ်ပါတယ်။ အန္တိခရစ် ၏အဆုံးသတ်ကသတ်ဖြတ်ခံရမည့်အကြောင်းကို... ခရစ်တော်က ကြွလာတော်မူစဉ်အခါအန္တိခရစ်ကို သူသုတ်သင်မည့် အ ကြောင်းကို

ပြသထားခြင်းဖြစ်ပါသည်။

145 ၁၄၅။ … ဗျာဒိတ် ၁၀ ကတော့ နောက်ဆုံးသောဥ္စနေ့ရက်ကာလ၌ လူတစ်ယောက်ဟာသတ္တမမြောက်ကောင်းကင်တမန်၏ သတင်းစကားဖြစ်ကြောင်းကို ပြသထားခြင်းဖြစ်ပါတယ်။ပရောဖက်ဧလိယကဲ့သို့ တစ်ခုသောအမှုတော်မြတ်အတွက် ဘုရားသခင်၏ဘိသိက်သွန်းလောင်းခြင်းရှိပါမည်။ (မာလခိ ၄ မှာကြိုတင်ဟောကိန်းထုတ်ထားသလိုပါပဲ)ဒီလိုမျိုးဘက်၌ရှိမည့် မူရင်းဘုရားသခင် ၏စစ်မှန်သော နှုတ်ကပတ်တော်ကိုဖွင့်ပြဖို့အတွက်ဖြစ်ပါသည်_ ဒီလိုမျိုးဘက်၌ရှိမည့်ဘုရားသခင်၏ကနဦးနှုတ်ကပတ်တော်ပင် ဖြစ်ပါသည်။ ဇာတိသဘောဆောင်သည့် ယေဇဗေလအားသူဖြစ်စေခဲ့သလိုပါပဲ။ ဒါကြောင့် ဒီလူဟာ ဒီအမှုကို ဝိညာဉ်ရေးရာအရယေဇဗေလသဘောဆောင်သည့် ဂိုဏ်းဂဏစွဲရှိသည့် အသင်းတော်များကိုလုပ်ဆောင်မှုပြုမည့်အကြောင်းအရင်းဖြစ်ပါတယ်။

ကျွန်တော်တို့အခန်းကြီး ၇၊ အခန်းကြီး ၁၀၊ အခန်းကြီး ၁၀ အခန်းငယ် ၁ မှ ၇ ထိရောက်ခဲ့ကြပြီးဖြစ်ပါတယ်။ အဲဒါကမှန်တယ်ဆိုတဲ့အကြောင်းကို သက်သေပြစရာအကြောင်းရှိပါတယ်။မာလခိအလွန် ဧမိုနှင့် သူတို့တွေက အဲဒါကိုသက်သေပြစရာအကြောင်းရှိပါတယ်။ ဧလိယဟာပရောဖက်တစ်ယောက်ဖြစ်ပြီး ပရောဖက်ပြုတယ်။ အဲဒီလိုထူးခြားတဲ့မျိုးဆက်မှာ ယေဇဗေလကိုအပြစ်စီရင်မှုပြုခဲ့ပါတယ်။ ပြီးတော့ ဧလိယလုံးဝမသေပါဘူး။ သူမသေတာက အသေအချာပါပဲ။တဖန် အနှစ်ရှစ်ရာလွန်သော အသွင်ကူးပြောင်းခြင်းတောင်ကုန်း၌ သူသည်ယေရှုခရစ်တော်၏နံဘေးတွင် ပေါ်ထွန်းမှုရှိခဲ့ပါသည်။ သူမသေခဲ့ပါဘူး။

146 ၁၄၆။ အခုကျွန်တော်တို့ တစ်ယောက်သောသူအပေါ်တွင် သက်ရောက်ခြင်းရှိသည့် သူ့ဝိညာဉ်ကိုရှာဖွေဖော်ထုတ်ကြပါမည်။ ဘုရားသခင်၏ ကတိတော်အတိုင်းပဲ ဖြစ်ပါတယ်။ နောက်ဆုံးနေ့ရက်ကာလ၌__ ယေဇဗေလသဘောကိုဆောင်သည့်ဝိညာဉ်၌ ပြောင်းလဲခြင်းမရှိသောအမှုကို သက်ရောက်စေမည်ဟုကတိပြုခဲ့ပါတယ်။နောက်ဆုံးခေတ်ကာလ၌ဇာတိသဘောဆောင်တဲ့ ယေ ဇဗေလကို ထိုသို့အမှုပြုတော်မူခဲ့ပါသည်။

အဲဒါအဲဒီလိုဖြစ်တယ်ဆိုတာကို သက်သေပြဖို့ ကျွန်တော်ကျမ်းစာကို အများကြီးသွားခဲ့ရတဲ့အကြောင်းဖြစ်ပါတယ်။ ဒါ ကြောင့် ခင်ဗျားတို့ရဲ့စိတ်ထဲမှာ မေးစရာတစ်ခုတောင်ကျန်တော့မှာမဟုတ်ပါဘူး။ တကယ်လို့ကျန်တယ်ဆိုရင်တော့ ခင်ဗျားတို့ ကျွန်တော်ကိုသိခွင့်ပေးပါ။ ကျွန်တော်ကို စာတစ်စောင် ဒါမှမဟုတ် မှတ်ချက်လေးတစ်ခုရေးပေးလိုက်ကြပါ… ပြီးတော့ အဲဒါက ပြီး ပြည့်စုံစွာ ရေးစပ်ထားတဲ့အရာဖြစ်ပါတယ်။နောက်ဆုံးသောနေ့ရက်ကာလ၌ သားရဲများကိုပင်လျှင် သူတို့၏ဇာတိပကတိနှင့်စပ်ဆိုင်သောကိုယ်ခန္ဓာကို ဖျက်ဆီးစေကာ သူတို့ဖြစ်ခဲ့ကြသလိုပဲ။ သည့်နောက် သူတို့ကိုကျွေးပစ်လိုက်မည်ဖြစ်ပါသည်။

147 ၁၄၇။ အဲဒါကတော့ဘုရားသခင် ကျွန်တော်ကို ပေးသနားတော်မူတဲ့ ကျွန်တော့်ရဲ့အကောင်းဆုံးအနက်ပြန်ဆိုမှုဆီသို့ ရောက်ရှိလာတဲ့အရာဖြစ်ပါတယ်။ အဲဒါက အဲဒီလိုဖြစ်လာမည်ဟုကြိုတင်ဟောပြောမှုပြုတာဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်အကောင်းဆုံးသိထားတဲ့မြင်းစီးသူလေးယောက်၏ အမှန်တရားပဲဖြစ်ပါသည်။

ခင်ဗျားတို့ယေရှုအကြောင်းကို ဘယ်လိုစဉ်းစားမိပါသလဲ?

ကျွန်တော်ကတော့ကိုယ်တော်ကိုချစ်ပါတယ်။ ကျွန်တော် ကိုယ်တော်ကို ချစ်ပါတယ်။

ဘာဖြစ်လို့လဲဆိုရင်ကိုယ်တော်ကျွန်တော်ကို ကနဦးကပင် ချစ်တော်မူသောကြောင့်ဖြစ်ပါတယ်။

ကျွန်တော့်ရဲ့ကယ်တင်ခြင်းအကြောင်းကိုရွေးဝယ်တော်မူခဲ့ပါတယ်။

သစ်တိုင်တော်ပေါ်မှာဖြစ်ပါတယ်။

148 ၁၄၈။ အခုမှတ်ထားကြပါ။ ဘယ်လိုအဖွဲ့အစည်းက ဘယ်သူ့ကိုမှ မကောင်းတဲ့ခံစားမှုကိုမဖြစ်စေလိုပါဘူး… ဘာဖြစ်လို့လဲဆိုရင်ကယ်ဆိုလစ်စနစ်ထဲမှာလည်း ဘုရားသားသမီးတွေရှိနေလို့ဖြစ်ပါသည်။ မက်သဒစ်စနစ်ထဲမှာလည်းကိုယ်တော်၏သားသမီးတွေရှိနေပါတယ်။ ဗက်တစ်စနစ်မာလည်းကိုယ်တော်၏သားသမီးတွေရှိနေပါတယ်။ အဲဒီလို သူတို့အားလုံး ဘယ်လောက်ကွဲပြား နေပါစေဒီညဒီနေရာမှာ ကိုယ်စားပြု၍ ရှိနေကြပါတယ်။ ခင်ဗျားတို့အလင်းကိုမြင်လိုက်တဲ့အချိန်မှာ အဲဒီလိုအရာကနေ ထွက်လာကြပြီဆိုတဲ့လူဘယ်နှယောက်လောက်ရှိကြပါသနည်း?ခင်ဗျားတို့ရဲ့လက်ကို ကြည့်ပါရစေ။ အခု ခင်ဗျားတို့လိုပဲ အဲဒီကနေ ထွက်လာကြတဲ့လူတွေရှိပါတယ်။ ဒါပေမယ့် အဲဒါက သတ်ဖြတ်မှုပြုတဲ့စနစ်ဆိုတာကိုတော့ မြင်ကြပါ။အန္တိခရစ်ရဲ့ဝိညာဉ်တော်ကတော့ နောက်ဆုံးသူတို့ကို သမ္မာတရားကို မကြားရတော့တဲ့နေရာရောက်တဲ့အထိခေါ်သွားမှာဖြစ်ပါတယ်။

149 ၁၄၉။ ပြီးတော့တံဆိပ်ခတ်ခြင်းအကြောင်း ကျွန်တော်တို့ သွားခဲ့ကြတဲ့ တခြားညတစ်ညတာကိုမှတ်မိကြပါသလား? လူတစ် ယောက်က ယုဘိလနှစ်၏ခေါ်ဆိုမှုကို ကြားရပါမည်။ပြီးတော့ သူဟာ လွတ်လပ်စွာထွက်ခွာဖို့ ငြင်းပယ်ခဲ့ပါမည်။ သူကတော့ တိုင်သို့ခေါ်ပြီး နားရွက်၌ ကြောက်စရာအမှတ်အသားကို ခတ်နှိပ်စရာအကြောင်းရှိနေပါပြီ။နားဆိုတာက ခင်ဗျားတို့ ကြားနာမှုပြုရတဲ့ နေရာဖြစ်ပါတယ်။ ယုံကြည်ခြင်းကကြားနာခြင်းဖြင့် ရောက်လာတာဖြစ်ပါတယ်။ ဒီနောက် ကြားနာရသည့် သူ့ရဲ့လွတ်မြောက်ခြင်းအကြောင်းကို လက်ခံဖို့ရာ ငြင်းပယ်မှုပြုမယ်ဆိုရင် သူ့အသက်ကိုဆုံးရှုံးစေမည့်သူ့ရဲ့ဂိုဏ်းဂဏဆိုတဲ့ သခင်၏အစေကို ခံသွားရပါ မည်။ အာမင်။ အို ကျွန်တော်! ကိုယ်တော်က အံ့ဩစရာမကောင်းဘူးလား?

ကျွန်တော်ကိုယ်တော်ကို ချစ်ပါတယ်။ ကျွန်တော် ကိုယ်တော်ကို ချစ်ပါတယ်။ (အခုကျွန်တော်တို့ရဲ့လက်ကိုမြှောက်ပြီး ကိုယ်တော်ကိုချီးမွမ်းလိုက်ကြရအောင်။)ဘာဖြစ်လို့လဲဆိုရင် ကိုယ်တော်က ကျွန်တော်ကို ကနဦးကပင် ချစ်တော်မူသောကြောင့်ဖြစ်ပါတယ်။

ကျွန်တော်ရဲ့ကယ်တင်ခြင်းကိုရွေးဝယ်တော်မူခဲ့ပါတယ်။

ကာရာနီသစ်တိုင်ပေါ်မှာဖြစ်ပါတယ်။

အခုခင်ဗျားတို့ ခေါင်းကိုငုံ့ပြီး ကျွန်တော်ကို ဂုဏ်တော်ချီးမွမ်းမှုပြုကြတဲ့အတိုင်းကိုယ်တော်အား ကိုးကွယ်ကြပါစို့။

150 ၁၅ဝ။ ဘုရားသခင်ကျွန်တော်တို့ ဘယ်လောက်ကျေးဇူးတော်ချီးမွမ်းမှုပြုကြပါသနည်း? ကျွန်တော် အလွန်ဝမ်းမြောက်ပါတယ်။ ဘုရားသခင် ကိုယ်တော်အတွက် ကိုယ်တော်ရဲ့လူတွေအတွက် သိပ်ပျော်ပါတယ်။ အို ဘုရားသခင်ကိုယ်တော်က ကျွန‌ုပ်တို့၏ ကယ်တင်ခံရခြင်းကို သစ်တိုင်ပေါ်မှာရွေးဝယ်တော်မူခဲ့ပြီးဖြစ်ပါတယ်။ ကျွန်တော်တို့ ထိုအရာကို ဝမ်းမြောက်စွာဖြင့်လက်ခံမှုပြု ကြပါတယ်၊ ဘုရားသခင်။ အခု ကျွန်တော်တို့အား ကြိုးစားစေတော်မူပါ။ကိုယ်တော်၏ဝိညာဉ်အားဖြင့် ဖြစ်ပါသည်။ တကယ်လို့ ကျွန‌ုပ်တို့အကြားအဲဒီလိုဒုစရိုက်တစ်စုံတစ်ရာရှိမယ်ဆိုရင် ဘုရားသခင် နှုတ်ကပတ်တော်ကိုမယုံကြည်တဲ့ဘယ်လိုအရာမျိုးပဲဖြစ် ဖြစ် ရှိနေမယ်ဆိုရင် ဒီနေရာမှာဘယ်လိုလူမျိုးပဲရှိနေပါစေ ဖဘုရားသခင်။ ဘုရားသခင်၏ကတိတော်တိုင်းကို 'အာမင်' ဆိုပြီး ပုဒ် မ မချလိုက်ပါနှင့်... အခု သန့်ရှင်းသောဝိညာဉ်တော်ကို ကြွလာစေတော်မူပါ။မြင်းဖြူစီးတော်မူသောသူ ကိုယ်တော်၏ဝိညာဉ်တော် ရှိစဉ်အခါ— အန္တိခရစ်ရဲ့မျက်နှာ၌ခရစ်တော်၏ဝိညာဉ်လိုမျိုးရှိပြီး... သူ၏ပိုင်ဆိုင်မှုကိုခေါ်ဆိုမှုပြုပါသည်။

သူတို့ကိုခေါ်ထုတ်သွားပါ ဘုရားသခင်။ အခု သူတို့ကို နောင်တရစေ၍ ကိုယ်တော်ထံသို့အလျင်အမြန်ရောက်လာစေပါ။ ဆီဖြင့်ငှင်း၊ ဝိုင်ဖြင့်ငှင်း ပြည့်ဝစေတော်မူပါ။ဂိုဏ်းအာဏာဝတ်စုံကနေ ပြောင်းလဲမှုပြုတော်မူပါ...သေခြင်းဝတ်စုံမှသည် ထာဝရအအ သက်ရှင်ခြင်းသည်နှင်းပွင့်ကဲ့သို့ဖြူသောဝတ်ရုံအဖြစ်သို့ပြောင်းလဲမှုပြုတော်မူပါ။သတို့သားအားဖြင့်ထုတ်ပေးတော်မူပါ။ ဒီနောက် ရှင်ပြန်ထမြောက်ခြင်း နှုတ်ကပတ်တော်ကို သက်သေထူမည့်တစ်နေ့သော မင်္ဂလာညစာစားပွဲသို့ သူတို့အား ပို့ဆောင်တော်မူပါ။ ထိုအရာကိုချပေးသနားတော်မူပါ ဘုရားသခင်။ နှလုံးသားတို့ကို ရှာဖွေမှုပြုတော်မူပါ။ လူတွေကကိုယ်တော်ကို စောင့်မျှော်လျက် ရှိကြပါတယ်။ ယေရှုနာမ၌ ဆုတောင်းပါ၏။

151 ၁၅၁။ အခုခင်ဗျားတို့ရဲ့စိတ်နှလုံးကို ရှာဖွေမှုပြုကြပါ။ ကျွန်တော်ရဲ့ညီအစ်ကို၊ကျွန်တော့်ရဲ့ညီအစ်မ၊ ကျွန်တော့်ရဲ့မိတ်ဆွေတို့ ကျွန်တော် ခင်ဗျားတို့နဲ့အချိန်အကြာကြီးရှိနေပြီးပါပြီ။ ဒါဆိုရင် သုံးဆယ့်သုံးနှစ်လောက်ကိုရှိပါပြီ။ဒါပေမယ့်လည်း ဖြစ်လာစရာအ ကြောင်းရှိတယ်ဆိုပြီး ယေရှုနာမ၌ ကျွန်တော် ခင်ဗျားတို့ကိုပြောခဲ့တဲ့အကြောင်းအရာတွေရှိတယ်မဟုတ်လား?အခု ခင်ဗျားတို့မှာ အခွင့်အရေးတစ်ခုရှိတဲ့အချိန်မှာ ခရစ်တော်ကိုရှာဖွေကြပါ။ခင်ဗျားတို့ မတတ်နိုင်တဲ့နေရာကို အဲဒါက လှလှပပရောက်လာနိုင် တယ်ဆိုတာကို မြင်ကြပါ။ကိုယ်တော်က ဘယ်အချိန်မှာမဆို ထိုင်ခုံက ထချင်းလည်းထလာနိုင်ပါတယ်။သူ့ရဲ့ပြန်ဖြေပေးတဲ့အ ကြောင်းအရင်းမှာ ရှိပါတယ်။ ဒီနောက်ခင်ဗျားနှလုံးသားအကြွင်းမဲ့နှင့် ငိုနေရပါမည်။ ခင်ဗျားခြေထောက်ကိုဆောင့်နင်းလို့ရပါ တယ်။ ခင်ဗျားတို့ အခြားသောဘာသာစကားပြောလို့ရပါတယ်။ ခင်ဗျားတို့ကြမ်းပြင်ပေါ်မှာ ခုန်ပေါက်လို့ရပါတယ်။ လောကမှာရှိ တဲ့ အသင်းတော်တိုင်းကိုဆက်သွယ်လိုက်ပါ။ အဲဒါက ဘာမှမဟုတ်ပါဘူး။ ခင်ဗျားတို့အပြစ်အတွက် ဒီထက်ပိုပြီးဆေးကြောစရာ လည်း အကြောင်းမရှိတော့ပါဘူး။ ဒီနောက် ခင်ဗျားတို့ တတ်နိုင်ပါသလား... ဒီနောက် ခင်ဗျားတို့ ဘယ်နေရာမှာရှိကြပါမည်နည်း?

152 ၁၅၂။ ကောင်းပါပြီ။ကျွန်တော်ကတော့ ကျွန်တော့်နှလုံးသားအကြွင်းမဲ့ဖြင့် ယုံကြည်ပါတယ်။ ထိုင်ခုံတွေကိုခင်းထားဆဲဖြစ်ပါ တယ်။ ကိုယ်တော်က ဘုရားပလ္လင်တော်အပေါ်၌တည်တော်မူမည်ဟုကျွန်တော်ယုံကြည်ပါတယ်။ ဒါပေမယ့်မကြာခင် ကိုယ်တော် ဘယ်လိုကယ်တင်တော်မူတယ်ဆိုတာကိုယခုပင်ပေါ်ထွန်းစေကာ ရှေ့သို့ရောက်လာကာ ကြွေးကြော်စရာအကြောင်းရှိပါတယ်။ ရှုသစောင့်နေရစဉ်က ကိုယ်တော်ရှင်သည် ရွေးနုတ်တော်မူသော ဆွေမျိုးသားချင်း၏အလုပ်ကိုလုပ်ဆောင်မှုပြုတော်မူပါသည်။ ဒါ ပေမယ့် မကြာခင် ခင်ဗျားတို့သိပါတယ်။ ဘောဇဟာအမျိုး၏တာဝန်ကို လုပ်ဆောင်ပြီးနောက် သူရောက်လာကာ သူ့ရဲ့ပိုင်ဆိုင်မှု ကို ကြွေးကြော်မှုပြုခဲ့ပါသည်။အဲ့ဒါကတော့ ကျမ်းစာကပြောထားတဲ့ သူလုပ်ဆောင်သည့်အမှု အတိအကျဖြစ်ပါသည်။ ကိုယ်တော် ဟာရှေ့သို့ရောက်လာကာ စာစောင်ကိုထူထောင်မှုပြုတော်မူပါသည်။ ဒီနောက် ကိုယ်စားကြားကနေလုပ်ဆောင်မှုကလွန်သွားပြီး သူပလ္လင်မှ ထတော်မူပါမည်။ အဲ့လို မေတ္တာပလ္လင်တော်၌ တည်တော်မူသည့်အသွေးတော်က ထပ်၍ရှိစရာအကြောင်းမရှိတော့ပါ။ ဒီနောက် ဘာဖြစ်ပါမည်နည်း? တရားစီရင်ခြင်းပလ္လင်တည်တော်မူပါမည်။

ဤသို့သောနေ့ရက်ကာလ၌ကျွန်တော်တွေးမိတဲ့ 'ချီဆောင်ခြင်းကရောက်လာလိမ့်မည်ဟု ထင်ရတယ်' ဆိုတာမျိုးကို ပြောခွင့်ရတော့မှာပါ။ ဘုရားသခင်ကျွန်တော်အား ကူညီမစတော်မူပါ။ အခု ကျွန်တော်တို့ရဲ့ခေါင်းကို ငုံ့ထားကြရအောင်။

ဘရာသာနက်ဖေးထွက်ခွာဖို့ လာပေးပါ။ ဒါမှမဟုတ် ခင်ဗျားမှာ လုပ်စရာရှိတာတွေကို လုပ်ပေးပါ။မနက်ဖန်ညရောက်တဲ့ အထိ ဘုရားသခင် ခင်ဗျားတို့ကို ကောင်းချီးပေးပါစေ။

www.messagehub.info

ဒေသနာ ဝေငှသူ

# ဝီလီယမ်မာရီယမ် ဗရမ်ဟမ်

'… နေ့ရက်များ၏ ကြွေးကြော်သံ … ' (ဗျာဒိတ် ၁၀:၇)